ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း**

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘော ပေတည်း။

ယမကဝဂ်( ဓမ္မပဒ-၅)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ တနင်္ဂနွေနေ့။ Sunday, 11 August 2024 ၁၁၅၄၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အထွက်ကောင်းမျိုးစပါး ဧက ၆၇၁၆၄၀၊ အဆင့်မြင့်မျိုးစပါး ၂၈၅၀၂ ဧကနှင့် ဒေသမျိုးစပါး ၃၀၆၀၆၃ ဧက စိုက်ပျိုးထား

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီးအတွင်း အထွက်ကောင်းမျိုးစပါး ဧက ၆၇၁၆၄၀၊ အဆင့်မြင့်မျိုးစပါး ၂၈၅၀၂ ဧကနှင့် ဒေသမျိုးစပါး ၃၀၆၀၆၃ ဧကဖြင့် ၂၀၂၄ ခုနှစ်တွင် မိုးစပါး ၁၀၀၆၂၀၅ ဧက စိုက်ပျိုးထားကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪



ရန်ကုန်တိုင်းဒေသကြီးအတွင်းစိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

ယနေ့ ဖတ်စရာ

အကြိမ်(၃၀)မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု
ဆောင်းပါး စာမျက်နှာ » ၆

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများ နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပ လေ့လာရေးခရီးစဉ်များ လှည့်လည်လေ့လာ
စာမျက်နှာ » ၈

ပညာအသိများ ဖြန့်ဝေပေးသည့် စာကြည့်တိုက်များ
ဆောင်းပါး စာမျက်နှာ » ၁၀

ကမ္ဘောဒီးယား၏ ကုန်သွယ်မှုတန်ဖိုး ယခုနှစ်ပထမ ခုနှစ်လအတွင်း အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံ ကျော်ရှိ
စာမျက်နှာ » ၁၃

## မန္တလေးမြို့ပေါ်တွင် စက်သုံးဆီပြတ်လပ်မှုမရှိနိုင်

နေပြည်တော် ဩဂုတ် ၁၀

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ပေါ်တွင် ယခင်ရက်များအတွင်း လိုင်စင်ရစက်သုံးဆီအရောင်းဆိုင်များတွင် ယာဉ်တန်းစီမှု၊ စက်သုံးဆီပြတ်လပ်မှုများဖြစ်ပေါ်ခဲ့သည့် အကြောင်းရင်းမှာ ဇူလိုင်လလယ်ခန့်မှစ၍ နိုင်ငံအနှံ့အပြားတွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ဒေသအချို့၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေခြင်းကြောင့် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့်သီလဝါဆိပ်ကမ်းဒေသရှိ Terminal များ၏ ပုံမှန်လုပ်ငန်းဆောင်ရွက်မှုများ အနည်းငယ်နှောင့်နှေးကြန့်ကြာခြင်း၊ သယ်ယူပို့ဆောင်ရာတွင်လည်း လမ်းခရီးအခြေအနေများအရ ဆီတင်ယာဉ်ရောက်ရှိရန် အချိန်အနည်းငယ်ကြန့်ကြာခြင်းတို့ကြောင့် အရောင်းဆိုင်အချို့သို့ ဆီတင်ယာဉ်မရောက်မီ စက်သုံးဆီအမျိုးအစားအချို့ ယာယီပြတ်လပ်မှုဖြစ်ပေါ်စေမည်ဟူသော ပြည်သူများ၏စိုးရိမ်စိတ်ဖြင့် အရောင်းဆိုင်ကြီးများ၌ စက်သုံးဆီဝယ်ယူမှု ယခင်ကထက် အဆမတန်များပြားလာပြီး ယာဉ်တန်းစီမှုများ ဖြစ်ပေါ်စေခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒



ကြေးမုံ

# ဈေးကွက်စီးပွားရေးစနစ်ဖြင့် စုပေါင်းခွဲဝေခံစားမှုဖော်ဆောင်

မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်မတိုင်မီက တံခါးပိတ်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့ပြီး ၁၉၈၈ ခုနှစ်လွန်ကာလမှစ၍ ယနေ့ထက်တိုင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိသည်။ ဈေးကွက်စီးပွားရေးစနစ်ကို ထုတ်လုပ်သူနှင့် စားသုံးသူအတွက် ဆွဲဆောင်မှုမက်လုံးများပေးနိုင်သောစနစ်၊ အစိုးရကဏ္ဍကို လျှော့ချပြီး ပုဂ္ဂလိကကဏ္ဍကို ဦးစားပေးသောစနစ် စသည်ဖြင့် အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကြသော်လည်း လိုရင်းအချက်မှာ စီးပွားရေးကို လွတ်လပ်စွာဆောင်ရွက်နိုင်သည့်စနစ်ဖြစ်သည်။

လွတ်လပ်သောဆောင်ရွက်မှုကို ပိုမိုနှစ်သက်သဘောကျသည့် ကမ္ဘာ့နိုင်ငံအများစုသည် ဈေးကွက်အခြေခံသည့် စီးပွားရေးစနစ်ကို ၎င်းတို့နိုင်ငံ၊ ၎င်းတို့လူ့အဖွဲ့အစည်းနှင့် လိုက်လျောညီထွေဖြစ်မည့် ပုံစံအမျိုးမျိုးဖြင့် ကျင့်သုံးကြသည်။ ဈေးကွက်စီးပွားရေးစနစ်ဖြင့် စီးပွားရေးတိုးတက်လာသော ဖွံ့ဖြိုးပြီးနိုင်ငံများကို အားကျအတုယူပြီး မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ဈေးကွက်လမ်းကြောင်းပေါ်တွင် တစိုက်မတ်မတ်လျှောက်လှမ်းလာခဲ့ကြရာ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းလာသည်မှာ မငြင်းနိုင်သောအချက်ဖြစ်သည်။ သို့သော် လွတ်လပ်စွာ စီးပွားရှာဖွေမှုနှင့်အတူ ပုဂ္ဂလိကအကျိုး၊ အများအကျိုး၊ နိုင်ငံအကျိုး မျှတစွာဖြစ်ထွန်းမှုသည်သာ ဈေးကွက်စီးပွားရေးစနစ်၏ အနှစ်သာရအမှန်ဖြစ်သည်။

လက်ရှိကာလ မြန်မာနိုင်ငံ၌ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိရာတွင် ပုဂ္ဂလိကကဏ္ဍများကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး နိုင်ငံပိုင်ကဏ္ဍများမှလည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ ဈေးကွက်စီးပွားရေးစနစ်သည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသလို အကြောင်းအမျိုးမျိုးဖြင့် ကုန်စည်ဈေးနှုန်းများ တစ်နေ့တခြားမြင့်မားလာသည်ကို တွေ့ရမည်ဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ်တွင် အများပြည်သူအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ရန်လိုသည်။ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအရ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် စားသုံးသူအကျိုးစီးပွားရှေးရှုရေးအတွက် အများပိုင်အစုအဖွဲ့များ စုပေါင်းဆောင်ရွက်သည့်စနစ်သည် အသင့်လျော်ဆုံးဖြစ်ကြောင်း တွေ့ရသည်။

အဆိုပါစနစ်သည် စုပေါင်းဖွဲ့စည်း လုပ်ကိုင်ဆောင်ရွက်ကြသည့် သမဝါယမစနစ်ဖြစ်သည်။ သမဝါယမစနစ်သည် စိတ်ဆန္ဒ၊ ရည်ရွယ်ချက် တူညီကြသည့် လုပ်ငန်းရှင်များအချင်းချင်း၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအချင်းချင်း စုဖွဲ့ဆောင်ရွက်သည့် အသင်းအဖွဲ့စနစ်တစ်ခုဖြစ်သည်။ ပုဂ္ဂလိကတစ်ခုချင်းအလိုက် ဆောင်ရွက်ကြသလို ပုဂ္ဂလိကအစုအဖွဲ့အလိုက် စုပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ လူအများဖြင့် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် စုပေါင်းဆောင်ရွက်နိုင်မှုစွမ်းပကားနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏများ ကျယ်ပြန့်လာသဖြင့် စီးပွားရေးအောင်မြင်မှု အလားအလာကောင်းများ ရရှိလာနိုင်သည်။ အကျိုးအမြတ်ခံစားမှုမှာ မကြီးမားသော်လည်း အများပြည်သူအကျိုးခံစားမှုမှာ ကျယ်ပြန့်လာသည်။

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသောနိုင်ငံများတွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိပြီး ဈေးကွက်စီးပွားရေးစနစ်တွင် အစိုးရက ပါဝင်ဆောင်ရွက်နိုင်သည့်လုပ်ငန်းနှင့် အစိုးရက ပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိသော လုပ်ငန်းများရှိသည်။ ပုဂ္ဂလိကကဏ္ဍတွင် တစ်ဦးပိုင်ဆောင်ရွက်ကြသောလုပ်ငန်းများနှင့် အများပိုင်ဆောင်ရွက်ကြသော လုပ်ငန်းများလည်းရှိသည်။ အများစုပေါင်းဆောင်ရွက်ကြသော လုပ်ငန်းများသည် သမဝါယမပင်ဖြစ်သည်။ စုပေါင်းဆောင်ရွက်မှုဖြင့် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်နိုင်ရေးတွင် သမဝါယမစနစ်သည် သင့်လျော်သည့်စနစ်တစ်ခုဖြစ်သည်။ လက်ရှိကာလတွင် ကုန်စည်ဈေးနှုန်းများ မြင့်မားနေသည့်အခါ၌ အများပြည်သူ စားသုံးသူတို့ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးရာတွင် သမဝါယမစနစ်သည် အထောက်အပံ့တစ်ခုအဖြစ် ဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရမည်ဖြစ်သည်။

နယ်မြေဒေသအလိုက် သမဝါယမအသင်းများဖွဲ့စည်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို မျိုး၊ မြေ၊ ရေ၊ နည်း ဉာဏ်လေးချက်ဖြင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်သည်။ ထိုမှတစ်ဆင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်လုပ်ငန်းများကို အခြေခံသည့် စက်ရုံ၊ အလုပ်ရုံများ ထူထောင်နိုင်လျှင် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာပြီး အများပြည်သူ လူမှုစီးပွားဘဝ မြင့်မားလာမည်ဖြစ်သည်။ ထိုကဲ့သို့လုပ်ငန်းများကို စုပေါင်းဆောင်ရွက်မည်ဆိုလျှင် နိုင်ငံတော်အနေဖြင့် အရင်းအနှီး၊ နည်းပညာနှင့် အခြားလိုအပ်သည်များကို ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စီးပွားရေးလုပ်ငန်းတစ်ခုကို စတင်ထူထောင် ဖွဲ့စည်းလုပ်ကိုင်ရမည့်အရေးမှာ လွယ်ကူသောအလုပ်မဟုတ်ပေ။ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ် စသည်တို့ များစွာလိုအပ်သည်။ ယခုအခါ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရက အားပေးမြှင့်တင် ကူညီပေးနေချိန်တွင် ပြည်တွင်း၌ အရည်အသွေးပြည့်မီသည့် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များ စုပေါင်းဆောင်ရွက်သည့် သမဝါယမအသင်းများဖြစ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## ဆွမ်း

မြန်မာဘာသာစကားတွင် ဆန်ကိုချက်၍ရသောစားဖွယ်ကို လူပုဂ္ဂိုလ်တို့စားလျှင် ထမင်းဟုခေါ်၍ ရဟန်းသာမဏေတို့ ဘုဉ်းပေးလျှင် ဆွမ်းဟုခေါ်သည်။ တစ်နည်းဆိုသော် လူဝတ်ကြောင်စားလျှင် ထမင်း၊ ရဟန်းသာမဏေဘုဉ်းပေးလျှင် ဆွမ်းဖြစ်သည်။ ဤဝေါဟာရ "ဆွမ်း"ကို မြန်မာတိုင်းသိကြသည်။ ကလေးလူကြီးအားလုံးသိကြသည်။ လက်ခံအသုံးပြုကြသည်။ မြန်မာဘာသာစကားကိုလေ့လာသောနိုင်ငံခြားသားများလည်း ဆွမ်းဟူသောဝေါဟာရကို သိကြသည်။ လက်ခံသုံးနှုန်းကြသည်။ သို့ရာတွင် ဆွမ်းဟူသောဝေါဟာရ၏ အနက်ကိုမူ သိကြဟန်မတူပါ။ သက်ရောက်သောအဓိပ္ပာယ်၊ အသုံးတွင်နေသော အဓိပ္ပာယ်ကိုမူ သိကြပါသည်။ တစ်နည်းဆိုသော် အဘိဓာန်အဖွင့်အဓိပ္ပာယ်ကိုမူ သိကြပါသည်။ ဆွမ်းကို ယုဒသန်၏ မြန်မာ-အင်္ဂလိပ်အဘိဓာန်(ပထမအကြိမ်၊ ၁၈၅၂ ခုနှစ် ပုံနှိပ်)တွင် " ဆွမ်း, n . cooked rice, food for a priest, ထမင်း" ဟုပြထားပါသည်။ မြန်မာအဘိဓာန်(အကျဉ်းချုပ်)(ပထမအကြိမ်၊ ၁၉၇၉ ပုံနှိပ်)တွင် "ဆွမ်း ရဟန်းတို့အား လူတို့ကလှူသော ထမင်း၊ သစ်သီး စသောစားဖွယ်"ဟု ဖွင့်ဆိုထားပါသည်။ ထမင်းမျှသာမကဘဲ သစ်သီးစသည်ကိုပါ "ဆွမ်း"အဖြစ် ဖွင့်ပြခဲ့ပါသည်။ ပြည့်စုံမှန်ကန်စွာ ဖွင့်ဆိုထားခြင်းဖြစ်ပါသည်။ မြန်မာအဘိဓာန်(တတိယအကြိမ်တည်းဖြတ်ပုံနှိပ်၊ ၂၀၁၈ ခုနှစ်)တွင်မူ ဆွမ်းကို "ရဟန်းသံဃာတို့အား ကပ်လှူသောစားဖွယ်သောက်ဖွယ်" ဟု ဖွင့်ပြထားပါသည်။ မြန်မာစာအဖွဲ့က နောက်ဆုံးဖွင့်ဆိုသော အဓိပ္ပာယ်ဖြစ်ပါသည်။ မြန်မာအဘိဓာန် အကျဉ်းချုပ်အဓိပ္ပာယ်နှင့် အဓိပ္ပာယ်မကွဲပြားဘဲ တို၍ရှင်းသွားသည်ဟု ယူဆရပါသည်။ ယင်းသို့ ဖွင့်ဆိုချက်များမှာ "ဆွမ်း"၏ အနက်မဟုတ်၊ "ဆွမ်း"၏ အဓိပ္ပာယ်သာဖြစ်သည်။

ဆွမ်း၏ အနက်ကိုဖော်ထုတ်ကြပါမည်။

ဆွမ်း၏အနက်ကိုဖော်ထုတ်လျှင် ဆွမ်းနှင့်အနက်ရင်းတူသော ဝေါဟာရများကို ပေါင်းရုံးယှဉ်တွဲ၍ အနက်ဖော်ထုတ်မှ မှန်ကန်သောအနက်ကို ဖော်ထုတ်ရရှိနိုင်ပါမည်။ ဤသို့အနက်ဖော်ထုတ်ရသော စနစ်တစ်ခုကို ဖော်ပြပါမည်။ ယင်းစနစ်မှာ စု တူ သတ် စနစ်ဖြစ်ပါသည်။ ယင်း စု တူ သတ် စနစ်အကြောင်းကို သိသာရုံမျှ အကျဉ်းဖော်ပြပါမည်။

မြန်မာဗျည်းအက္ခရာများ၊ မြန်မာဗျည်းများကို အစုတူရာ (ဝဂ်တူရာ)စုစည်းလိုက်သောအခါ ကအစု(ကဝဂ်)၊ စအစု (စဝဂ်)၊ တအစု(တဝဂ်)၊ ပအစု(ပဝဂ်) ဟူ၍ လေးစု(လေးဝဂ်) ရရှိပါသည်။ အောက်ပါအတိုင်းဖြစ်ပါသည်။

ကၢခၢဂၢ ဃၢ င – ကအစု(ကဝဂ်)

စ၊ ဆ၊ ဇ၊ ဈ၊ ည – စအစု(စဝဂ်)

တ၊ထ၊ဒ၊ဓ၊န – တအစု(တဝဂ်)

ပ၊ ဖ၊ ဗ၊ ဘ၊ မ – ပအစု(ပဝဂ်)

ဖော်ပြပါ အစုလေးစု(ဝဂ်လေးဝဂ်)တွင် မြန်မာဘာသာ၌ အသတ်ဗျည်းအဖြစ် အသုံးပြုသောဗျည်းများမှာ ရှစ်လုံးရှိပါသည်။ ဖော်ပြထားသည့်အတိုင်း ကအစု(ကဝဂ်)တွင် ကသတ်(က်)နှင့် ငသတ်(င်)၊ စအစု(စဝဂ်)တွင် စသတ်(စ်)နှင့် ညသတ်(ည်)၊ တအစု(တဝဂ်)တွင် တသတ်(တ်)နှင့် နသတ်(န်)၊ ပအစု(ပဝဂ်)တွင် ပသတ်(ပ်)နှင့် မသတ်(မ်)တို့ဖြစ်ပါသည်။ ထိုတွင် ညသတ်ကို ညကြီးသတ်(ည်)နှင့် ဉ လေးသတ်(ဉ်)ဟူ၍ နှစ်မျိုးခွဲပါသည်။ မသတ်(မ်)ကိုလည်း မသတ်(မ်)နှင့် သေးသေးတင် (ံ) ဟူ၍ နှစ်မျိုးခွဲထားပါသည်။

ဤသို့အားဖြင့် က် နှင့် င်၊ စ် နှင့် ည်၊ ဉ်၊ တ် နှင့် န်၊ ပ် နှင့် မ်၊ (ံ) ဟူ၍ စု တူ သတ်လေးစုံကို ရပါသည်။ စု တူ သတ်စနစ်ဆိုသည်မှာ က် နှင့် င် အနက်ရင်းတူသည်။ စ် နှင့် ည်၊ ဉ် အနက်ရင်းတူသည်။ က် နှင့် န် အနက်ရင်းတူသည်။ ပ် နှင့် မ်၊ (ံ)အနက်ရင်းတူသည်ဟု ဆိုလိုပါသည်။ ထိုအခါ က် အနက်ကို သိလိုလျှင် င် အနက်၊ င် အနက်ကိုသိလိုလျှင် က် အနက်နှင့် ဖော်ထုတ်နိုင်ပါသည်။ ထိုနည်းတူ စ် နှင့် ည်/ ဉ်၊ တ် နှင့် န်၊ ပ် နှင့် မ်/(ံ)တို့ အနက်ကိုလည်း အပြန်ပြန်အလှန်လှန် ဖော်ထုတ်သိရှိနိုင်ပါသည်။ ဤသည်မှာ စု တူ သတ်စနစ်၏ ဥပဒေသအချုပ်ဖြစ်ပါသည်။

ယခုအခါ "ဆွမ်း" ၏ အနက်ကို ဖွင့်ဆိုပါမည်။ စု တူ သတ်စနစ်ကို အသုံးပြု၍ ဆွမ်း၏ အနက်ကို ဖော်ထုတ်နိုင်ပါသည်။ စု တူ သတ်အရ "ဆွမ်း" ၏ အနက်သည် "ဆွပ်" ၏ အနက်နှင့် တူပါသည်။ ဤတွင် "ဆွမ်း"တွင်လည်း "ဆွံ၊ ဆွံ့" အနက်ရင်းနှင့် တူညီသဖြင့် စု တူ သတ်စနစ်အရ "ဆွပ်၊ ဆွံ၊ ဆွံ့၊ ဆွမ်း" ဟူသော စု တူ သတ်လေးလုံး၏အနက်ကို သိရန်လိုအပ်ပါသည်။ ထိုအခါ "ဆွပ်၊ ဆွံ၊ ဆွံ့၊ ဆွမ်း"နှင့် အနက်ရင်းတူသော "ဆုပ်၊ ဆုံ၊ ဆုံ့၊ ဆုံး"ဟူသော စု တူ သတ်လေးလုံး၏ အနက်ရင်းကို နှိုင်းယှဉ်ရပါလိမ့်မည်။

ဗျည်းတစ်ပိုင်း သရတစ်ပိုင်းဖြစ်သော "ဝ"သည် "ဥ"သရနှင့် အနက်ရင်းတူ၍ "ဝ"နှင့် "ဥ"၊ (ဝဆွဲနှင့် တစ်ချောင်းငင်) အနက်ရင်းတူသောကြောင့်ဖြစ်သည်။

ဆွပ်။ ။ ယခုအခါတွင် အလွန်အသုံးနည်းသော ဝေါဟာရဖြစ်သည်။ တွေ့ရခဲသည်။ အချို့ဒေသိယစကားများတွင် ဤဝေါဟာရကို သုံးကောင်းသုံးနေပေလိမ့်မည်။ ရှေးအခါက ပျို့ကဗျာလင်္ကာများတွင် ဤဝေါဟာရကို တွေ့ရသည်။

ပါရမီတော်ခန်းပျို့(* ၇၉) တွင် "နှုတ်သီး ထိုးဆွပ်၊ အားလုံးကြပ်၍၊ ခွပ်လတ်သရော်" ဟူ၍လည်းကောင်း၊ ငရဲခန်းပျို့(*၃၃)တွင် "ရေဆုတ်သားကပ်၊ ကြက်နှယ်ဆွပ်၏၊ စေ့စပ်တစ်ဖန်" ဟူ၍လည်းကောင်း၊ မနော်ဟရီပျို့(*၆၈)တွင် "ပူလောင်ကိုက်ဆွပ်၊ ကျီးနှယ်ခွပ်၍၊ ဖပ်ဖပ်သွေးစို"ဟူ၍လည်းကောင်း စသည်ဖြင့် ဖွဲ့သီခဲ့ကြသည်။

"ဆွပ်" ၏အဓိပ္ပာယ်ကို "ငှက်နှုတ်သီးဖြင့်ပေါက်ဆိတ်သည်" ဟု မြန်မာအဘိဓာန်တွင် ဖွင့်ပြထားပါသည်။ ယင်းအဓိပ္ပာယ်ဖွင့်ဆိုချက်သည် သာမန်အားဖြင့် မှန်သော်လည်း အဓိပ္ပာယ်ဖွင့်ဆိုချက်မပြည့်စုံမပေါ်လွင်သေးဟု ဆိုရပါမည်။ ဆွပ်၏ အဓိပ္ပာယ်မှာ ငှက်တို့နှုတ်သီးဖြင့် ထိုးဆိတ်၊ ဖောက်ဆိတ်ရုံမျှသာမက နှုတ်သီးဖြင့် ပေါက်လိုက် ဆိတ်လိုက် ဆွလိုက် ကိုက်ဆွဲလိုက်ပြုသည့် အဓိပ္ပာယ်သက်ရောက်ပါသည်။ ဆွပ်၏အနက်ရင်းမှာ ဆွ၏အနက်ရင်းနှင့် သဘောတူသည်ဟု မှတ်ယူရပါမည်။ က နှင့် ကပ်၊ စ နှင့် စပ်၊ ကြွ နှင့် ကြွပ်၊ ဖွ နှင့် ဖွပ် စသည်တို့ကဲ့သို့ဖြစ်သည်။

ဆွပ်ကို ဆုပ်နှင့် ဖလှယ်၍ အနက်ကြံဆပါကလည်း ရနိုင်ပါသည်။ ဆွပ်သည်ဆိုသည်မှာ နှုတ်သီးဖြင့် ပေါက်ရုံ၊ ဆိတ်ရုံမျှမကဘဲ ဆုပ်ကိုင်ဆွဲယူသည့်အနက်သို့တိုင် သက်ရောက်လေသည်။ မိမိရရ ဆုပ်ကိုင် ကုပ်ဆွဲထားသည့်သဘောဖြစ်သည်။ မြေကြီးကိုဆွသည်။ အနာကိုဆွသည် စသည်လုပ်ဆောင်ဟန်ကို မြင်ရပါက ဆွပ်၏အနက်အဓိပ္ပာယ်ကို ပေါ်လွင်အောင် ဖော်ပြနိုင်ပါလိမ့်မည်။

(ဆက်လက်ဖော်ပြပါမည်)

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | – | ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | – | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| စာတည်းမှူး | – | ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | – | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | – | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ | သုတေသန | – | ဒေါ်ဇင်မာဝင့် |
| | | | စာပြင် | – | ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | – | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဦးကျော်သူရနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | – | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၆၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၄၆ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာကိုကိုနိုင်အား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
## International Youth Day

**"စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး**
**လူငယ်များရဲ့ ဒစ်ဂျစ်တယ် ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး"**
**"From Clicks To Progress: Youth Digital Pathways**
**For Sustainable Development"**

၁၂-၈-၂၀၂၄ ရက်နေ့ (တနင်္လာနေ့)
ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ရန်ကုန်-ပဲခူး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများနှင့် ပဲခူးမြို့အခြေစိုက် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်ဘူတာကြီး မြို့ပတ်ရထားရပ်နား၊ ထွက်ခွာသည့်စကြံအား DEMU ရထားတွဲဆိုင်းများဖြင့် လိုက်လျောညီထွေဖြစ်စေရေး ပြန်လည်မွမ်းမံတည်ဆောက်ထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစေရေး၊ ခရီးသည်များ ရထားပေါ်တက်/ဆင်းမှုအဆင်ပြေစေရေး၊ စကြံ၌ ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှု စနစ်တကျဖြစ်စေရေး လိုအပ်ချက်များကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့်(၁) လုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန်အတွက် ရန်ကုန်ဘူတာကြီးမှ ပဲခူးဘူတာသို့ RBE အထူးရထားဖြင့် အဆန်လမ်းမှလိုက်ပါစီးနင်းပြီး စီမံကိန်းပြီးစီးမှု အခြေအနေကြောင့် ရထားအမြန်နှုန်းတိုးမြှင့်မောင်းနှင်နိုင်မှုကို စစ်ဆေးသည်။

ထို့နောက် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တိုင်းအဆင့်တာဝန်ရှိသူများကို ခရီးလမ်းတစ်လျှောက် ရထားလမ်းဘေးဝဲယာတွင် အမှိုက်များကင်းစင်ရေးကိစ္စ၊ ကျူးကျော်တဲများ ရှင်းလင်းရေးကိစ္စတို့ကို မှာကြားခြင်း၊ တိုးကြောင်ကလေးဘူတာတွင် ခရီးသည် အတက်/အဆင်းများ စနစ်တကျဖြစ်ရေးမှာကြားခြင်း၊ ကျောက်တန်းဘူတာတွင် စီမံကိန်းအရ တပ်ဆင်ထားသော ရထားထိန်းချုပ်စေလွှတ်သည့် Relay Interlocking System ကိုင်တွယ်ထိန်းသိမ်းမှုကို စစ်ဆေးခြင်းတို့ကို ဆောင်ရွက်သည်။

**ဆွေးနွေးညှိနှိုင်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ ပဲခူးဘူတာမှ RBE အထူးရထားစီးနင်းကာ မကြာမီက ပဲခူးဘူတာနှင့် ရွှေလှေဘူတာအကြား ရထားလမ်းပိုင်းတွင် မိုးသည်းထန်စွာရွာသွန်း၍ ငမိုးရိပ်ချောင်းရေလျှံပြီး ရေကျော်ခဲ့မှုကြောင့် ရထားလမ်းပျက်စီးခဲ့သည့် နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ နောင်ကာလတွင် ဤသို့ရေကြီးရေလျှံမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများ နည်းပါးစေရေး ဆောင်ရွက်သင့်သည့်လုပ်ငန်းကို ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးဘူတာယာဒ်ဝင်းအတွင်း စီမံကိန်းအားဖြင့် တပ်ဆင်ပြီးစီးနေသည့် မော်တာအသုံးပြုရထားလမ်းလွှဲ၊ လမ်းကူးဆောင်ရွက်သည့် ကိရိယာ(Electronic Interlocking System)နှင့် ဘူတာယာဒ်ဝင်းအတွင်း ရထားထိန်းချုပ်သည့် ခေတ်မီနည်းစနစ် တပ်ဆင်အသုံးပြုပုံတို့ကို စစ်ဆေးကြည့်ရှုပြီး စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရေး လိုအပ်ချက်များ မှာကြားပြီး မွန်းလွဲပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ပဲခူးမြို့၌တာဝန်ထမ်းဆောင်လျက်ရှိနေသည့် ဝန်ကြီးဌာနလက်အောက်ဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် နေ့လယ်စာအတူတကွ သုံးဆောင်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြို့တော်ခန်းမတွင် ဝန်ထမ်းများနှင့် တွေ့ဆုံပြီး နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ နိုင်ငံ့အကျိုးစီးပွားအတွက် ဝန်ထမ်းကောင်းများပီသစွာဖြင့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြစေရေး၊ ရာထူးအလိုက် တာဝန်ဝတ္တရားများကို သိရှိ၊ နားလည်၊ တတ်ကျွမ်းအောင် လေ့လာဆည်းပူးကြပြီး ကိုယ့်အရည်အချင်းကို တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြစေရေး၊ စာကြည့်တိုက်များ ထူထောင်၍ စာဖတ်သည့် အလေ့အကျင့်ရှိစေရေး၊ ဌာနအလိုက် ပုံမှန်ဆန္ဒဖော်ထုတ်ပွဲများ ဆောင်ရွက်ကာ ဝန်ထမ်းများ၏ အခက်အခဲတင်ပြမှုများအား ဖြေရှင်းဆောင်ရွက်ပေးရေး ကိစ္စများကို မှာကြားပြီး ဝန်ထမ်းများကို စားသောက်ဖွယ်ရာလက်ဆောင်များ ပေးအပ်သည်။ ယင်းနောက် ပဲခူးမြို့ရှိ မြန်မာ့စာတိုက်လုပ်ငန်း တိုင်းမန်နေဂျာရုံးသို့ သွားရောက်ကာ ဝန်ထမ်းများနှင့် မိသားစုဝင်များကို ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်၍ စာပို့လုပ်ငန်းစွမ်းဆောင်နိုင်မှုများ တင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားသည်။

**စစ်ဆေးကြည့်ရှု**

မွန်းလွဲပိုင်းတွင် ပဲခူးဘူတာမှ RBE အထူးရထားဖြင့်လိုက်ပါ၍ ပဲခူး-ရန်ကုန် အစုန်လမ်းပိုင်းအတွင်း စီမံကိန်းအားဖြင့် ရထားလမ်းနှင့် တံတားများ ပြီးစီးနေမှု အခြေအနေ၊ မိုင်နှုန်းတိုးမြှင့်မောင်းနှင်နိုင်မှုအခြေအနေတို့ကို စစ်ဆေးကြည့်ရှုကာ ဘူတာများ စနစ်တကျဖြစ်စေရေးကိစ္စ၊ ရထားလမ်းလုံခြုံရေး၊ ကျူးကျော်ရှင်းလင်းရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်ကိစ္စများကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

❐ **မန္တလေးမှ**

အရောင်းဆိုင်များ၌ စက်သုံးဆီဝယ်ယူမှု အဆမတန်များပြားလာပြီး တန်းစီမှုများ ဖြစ်ပေါ်ခဲ့သောကြောင့် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ ဖြစ်စဉ်အမှန်နှင့် ပြည်သူများ လိုက်နာရမည့်အချက်အလက်များအား နေ့စဉ်ထုတ်သတင်းစာများတွင် ကျယ်ကျယ်ပြန့်ပြန့် သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးကလည်း ယာဉ်တန်းစီမှု ဖြစ်ပေါ်နေသော အရောင်းဆိုင်များတွင် စက်သုံးဆီပြတ်လပ်မှု မဖြစ်ပေါ်စေရေးနှင့် အဓိကလမ်းမများနှင့် အချက်အချာကျသော နေရာများရှိ အရောင်းဆိုင်များအတွက် Special အစီအစဉ်၊ Urgent အစီအစဉ်များဖြင့် စက်သုံးဆီဖြည့်တင်းနိုင်ရေး စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီသို့ တင်ပြဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီတို့၏ စီစဉ်လမ်းညွှန်မှုများဖြင့် မန္တလေးမြို့တွင်းရှိ အရောင်းဆိုင်များသို့ နေ့စဉ်စစ်ဆေးဆောင်ရွက်ရာတွင် အရောင်းဆိုင်များရှိ စက်သုံးဆီအမျိုးအစားအလိုက် လက်ကျန်ရှိပြီး ရောင်းချပေးမှု ရှိ/မရှိ၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချပေးမှု ရှိ/မရှိ၊ သီလဝါမှ ထွက်ခွာလာသော ဆီသယ်ယာဉ်များ သက်ဆိုင်ရာအရောင်းဆိုင်များသို့ အချိန်မီရောက်ရှိမှု ရှိ/မရှိ တို့အား အဖွဲ့များဖြင့် နေ့စဉ်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအနေဖြင့် စက်သုံးဆီများ ပြတ်လပ်မှုမရှိသည်ကို သိရှိစေလိုကြောင်း၊ အရောင်းဆိုင်ကြီးများတွင်သာမက ကျန်လိုင်စင်ရစက်သုံးဆီဆိုင် များတွင်လည်း ဝယ်ယူသုံးစွဲနိုင်ကြောင်း၊ စက်သုံးဆီများ မလိုအပ်ဘဲ အိမ်တွင် သိုလှောင်ထားရှိပါက မီးဘေးအန္တရာယ်စိုးရိမ်ရခြင်း၊ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ အရေးယူခံရနိုင်ခြင်းများကို သတိရှိကြစေလိုကြောင်းနှင့် သတ်မှတ်ရည်ညွှန်းဈေးထက် ပိုမိုရောင်းချသော စက်သုံးဆီအရောင်းဆိုင်များနှင့် တရားမဝင်စက်သုံးဆီ လုပ်ငန်းများကိုလည်း ပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးလျက်ရှိပြီး လိုက်နာဆောင်ရွက်မှုမရှိသော အရောင်းဆိုင်၊ လုပ်ငန်းများအား ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း နှိုးဆော်ထားသည်ကို သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ကူဘင်ကာဒေသတွင် (၁၀)ကြိမ်မြောက် ကျင်းပပြုလုပ်သည့် နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ် (10th International Military-Technical Forum) (Army-2024) သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဩဂုတ် ၁၀

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ကူဘင်ကာဒေသတွင် (၁၀)ကြိမ်မြောက် ကျင်းပပြုလုပ်သည့် နိုင်ငံတကာ စစ်ဘက်နည်းပညာဖိုရမ် (10th International Military–Technical Forum) (Army–2024)သို့ တက်ရောက်ရန်အတွက် ယနေ့ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တတိယအကြိမ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ အဋ္ဌမပုံမှန်အစည်းအဝေး(၃/၂၀၂၄) ကျင်းပ

နေပြည်တော် ဩဂုတ် ၁၀

တတိယအကြိမ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ အဋ္ဌမ ပုံမှန်အစည်းအဝေး (၃/၂၀၂၄) ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အင်ဂျင်နီယာအထူးပြု ပညာရပ်အလိုက် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင်များ တက်ရောက်ကြသည်။

**ခိုင်မာအားကောင်းအောင် ပိုမိုကြိုးစားဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသည် အခြားပညာရပ်ဆိုင်ရာ အဖွဲ့အစည်းကြီးများက နမူနာရယူဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်၍ ခိုင်မာအားကောင်းအောင်ပိုမိုကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အင်ဂျင်နီယာအထူးပြု ဘာသာရပ်အလိုက် ပညာရှင်အဆင့်မှသည် အတိုင်ပင်ခံအဆင့်အထိ အရည်အသွေးတိုးတက်အောင် ဝိုင်းဝန်းပြုစုပျိုးထောင်နိုင်ရေးနှင့် စပ်လျဉ်း၍ ပြောကြားလိုကြောင်း၊ နည်းဥပဒေတွင် ပါဝင်သည့် အင်ဂျင်နီယာ ဘာသာရပ်အလိုက် အထူးပြုများအနေဖြင့် မြို့ပြ၊ စက်မှု၊ လျှပ်စစ်၊ အီလက်ထရောနစ်၊ ဓာတု၊ ချည်မျှင်/အထည်၊ ရေနံဓာတု၊ သတ္တုတူးဖော်ရေး၊ ရေကြောင်း၊ လေကြောင်း၊ သတင်းအချက်အလက်နည်းပညာ၊ စက်မှုအီလက်ထရောနစ် အင်ဂျင်နီယာစသည်ဖြင့် အထူးပြုလုပ်ငန်းအဖွဲ့များ ခွဲခြားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအလိုက် အင်ဂျင်နီယာလုပ်ငန်းများ၊ နိုင်ငံတော်၏ လုပ်ငန်းများကို ဆောင်ရွက်ရာ၌ မြို့ပြ၊ စက်မှုနှင့် လျှပ်စစ် အင်ဂျင်နီယာများ အမြောက်အမြားရှိကာ အင်အားကောင်းမွန်သော်လည်း ဓာတု၊ ချည်မျှင်/အထည်၊ သတ္တုတူးဖော်ရေး စသည့် နယ်ပယ်များတွင် ကျွမ်းကျင်အင်ဂျင်နီယာပညာရှင်များ အင်အားနည်းလျက်ရှိနေသေးသည်ကို တွေ့ရှိရပါကြောင်း။

ယခုအခါ နိုင်ငံတော်အနေဖြင့်ဝါမှ အထည်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းကို အားပေးဆောင်ရွက်လျက်ရှိရာ ချည်မျှင်/အထည် အင်ဂျင်နီယာများကို အားထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်တွင် လက်တွေ့ဆောင်ရွက်သည့် အင်ဂျင်နီယာပညာရှင်အများစုမှာ အသက်ကြီးပိုင်းများသာဖြစ်နေပြီး မျိုးဆက်သစ် သက်ငယ်ပညာရှင်များ မွေးထုတ်ပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ ထို့ပြင် စားသောက်ကုန်နှင့် ဆေးဝါး လုပ်ငန်း စသည်တို့တွင် ဓာတုအင်ဂျင်နီ ယာများ လိုအပ်လျက်ရှိသကဲ့သို့ စွမ်းအင်ကဏ္ဍတွင် ရေနံဓာတုအင်ဂျင်နီယာများ၊ သံမဏိစက်ရုံ၊ ဘိလပ်မြေစက်ရုံများတွင် သတ္တုဗေဒနှင့်သတ္တုတူးဖော်ရေးဆိုင်ရာ အင်ဂျင်နီယာများ လိုအပ်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာအင်ဂျင်နီယာများတွင် ပညာရှင်အဆင့်အင်ဂျင်နီယာ (P.E) များရှိသော်လည်း အတိုင်ပင်ခံ အင်ဂျင်နီယာများကို ပြည်ပမှ ငှားရမ်းနေကြရပါကြောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အနေဖြင့် အင်ဂျင်နီယာ အထူးပြုဘာသာရပ်အလိုက် ပညာရှင်အဆင့်သတ်မှတ်ပြီးသည့် အင်ဂျင်နီယာများအတွက် အတိုင်ပင်ခံအဆင့်အထိ မွေးမြူနိုင်ရေး သင့်လျော်သည့် စဉ်ဆက်မပြတ် လေ့လာသင်ယူရေးအစီအစဉ်များ (CPD) သတ်မှတ်ပြဋ္ဌာန်းပေးပြီး ပြုစုပျိုးထောင်ပေးနိုင်ရေး တိုက်တွန်းပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ အင်ဂျင်နီယာ ပညာရေးကို ဦးဆောင်ဦးရွက်ပြုလျက်ရှိသည့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့်လည်း စာတမ်းဖတ်ပွဲ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲများကို ဦးဆောင်ကျင်းပသွားစေလိုပါကြောင်း၊ နိုင်ငံတော်၏စက်မှုကဏ္ဍ တိုးတက်အောင်မြင်ရေးအတွက် အင်ဂျင်နီယာပညာရှင်များ၊ နည်းပညာရှင်များနှင့် နည်းပညာကျွမ်းကျင်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ ကောင်စီ ဒုတိယဥက္ကဋ္ဌ(၁)က ကောင်စီ၏ ၂၀၂၂–၂၀၂၃ မဟာဗျူဟာအစီအစဉ်အရ ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ရန် လျာထားသည့်လုပ်ငန်းများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးက ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ပြုလုပ်ခဲ့သော ကောင်စီပဥ္စမပုံမှန်အစည်းအဝေး (၃/၂၀၂၃) မှ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည့် ကိစ္စရပ်များအပေါ် ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ ကောင်စီ ဒုတိယဥက္ကဋ္ဌ(၂)က အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် လုပ်ငန်းအဖွဲ့များ၏လုပ်ငန်းဆောင်ရွက်ထားမှုကိုလည်းကောင်း၊ ကောင်စီနာယကကြီးများက ကောင်စီ၏လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် လိုအပ်သည်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကောင်စီအတွင်းရေးမှူးက ကောင်စီဥပဒေ အခန်း (၆)၊ ပုဒ်မ ၁၅ အရ ၂၀၂၄ ခုနှစ် မတ်လမှ ၂၀၂၄ ခုနှစ် ဇွန်လအတွင်း ကျင်းပခဲ့သော ပုံမှန်အလုပ်အမှုဆောင် အဖွဲ့အစည်းအဝေး (၄) ခု၏ ဆုံးဖြတ်ခဲ့ပြီးသော ဆုံးဖြတ်ချက်များကို တင်ပြအတည်ပြုချက်ရယူခြင်း၊ တွဲဖက်အတွင်းရေးမှူး–၂ က ကောင်စီ၏လုပ်ငန်းဆောင်ရွက်ချက်များ၊ ကောင်စီဘဏ္ဍာရေးမှူးက ဘဏ္ဍာရေးအခြေအနေများ၊ လုပ်ငန်းကော်မတီများက ၂၀၂၄ ခုနှစ် ပထမသုံးလပတ် ကာလအတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






❂ ရှေ့ဖုံးမှ

မိုးစပါးကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၁၈ မြို့နယ်တွင် စိုက်ပျိုးခဲ့ပြီး ဇူလိုင်လမိုးများခဲ့သည့်အတွက် ခရိုင်ခုနစ်ခု၌ မိုးစပါးစိုက်ဧရိယာအချို့ ရေလွှမ်းနစ်မြုပ်မှု အချို့ရှိခဲ့သဖြင့် ပြန်လည်စိုက်ပျိုးမှုများ ဆောင်ရွက်ခဲ့ရသည်။

၂၀၂၃ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါး ဧက ၁၁၄၅၀၀၀ စိုက်ပျိုးရန်လျာထားခဲ့ရာ ၁၁၄၈၂၂၂ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ်၌ မိုးစပါးရာသီတွင် ရာသီဥတုကြောင့် ထိခိုက်မှုအချို့ ရှိခဲ့ရာ မိုးစပါး ၁၁၄၈၂၂၂ ဧကလျာထားခဲ့သော်လည်း ၁၀၀၆၂၀၅ ဧက သာ စိုက်ပျိုးနိုင်ခဲ့သည်။

မိုးစပါးရာသီတွင် စိုက်ပျိုးသီးနှံများ စံနှုန်းပြည့်မီအောင် စိုက်ပျိုးနိုင်ရေးနှင့် တစ်ဧက အထွက်နှုန်း တိုးတက်ရေးအတွက် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ စိုက်ပျိုးနည်းစနစ်များမှန်ကန်ရေး၊ အပင်ပြုစုခြင်းနှင့် ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး၊ အရည်အသွေးကောင်းမွန်ရေးနှင့် အစားအစာအန္တရာယ်ကင်းရှင်းရေးတို့အတွက် GAP စိုက်ပျိုးထုတ်လုပ်ရေးနည်းစနစ်များ၊ ဆွေးနွေးပွဲ၊ သင်တန်းများနှင့် သရုပ်ပြပွဲများကို သီးနှံစိုက်ပျိုးချိန်ကာလအလိုက် စိုက်ပျိုးရေးဦးစီးဌာနမှ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

မိုးစပါးအောင်မြင်ဖြစ်ထွန်းရန် တောင်သူတို့ လယ်ကွက်များ၌ သွင်းအားစုအနေဖြင့် မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်းမှ ထုတ်လုပ်သည့် ယူရီးယားဓာတ်မြေဩဇာများကို ဖြန့်ဖြူးပေးလျက်ရှိပြီး ၂၀၂၄–၂၀၂၅ ခုနှစ်တွင် မိုးစပါး၊ နွေစပါးနှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် ၃၃၉၄ တန် ခွဲတန်းရရှိမည်ဖြစ်ပြီး ဇူလိုင်လကုန်အထိ တောင်သူတို့ထံ တန် ၆၈၀ ဖြန့်ဖြူးပေးထားကြောင်း သိရသည်။

နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ၂၀၂၄–၂၀၂၅ ခုနှစ် မိုးစပါး စီမံကိန်းတွင် ခရိုင်ငါးခရိုင်ရှိ မြို့နယ် ၁၂ မြို့နယ်၌ ဝယ်ယူကြိတ်ခွဲရောင်းချသူ အစုအဖွဲ့ ကုမ္ပဏီ ၃၀ ၊ သမအသင်းစု ခုနစ်စုတို့က မိုးစပါးအဆိုပြု ၉၁၀၅၆ ဧကကို ဆောင်ရွက်ရန် လျာထားခဲ့ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ဧကလျှင် ကျပ် နှစ်သိန်းနှင့် ညီမျှသော သွင်းအားစုများကို ဖြန့်ဖြူးလျက်ရှိကြောင်း၊ ယနေ့အထိ ဝယ်ယူရောင်းချသူ အစုအဖွဲ့ ကုမ္ပဏီ ၁၈ ခု၊ သမအသင်းစု ရှစ်စုတို့မှ ကျေးရွာပေါင်း ၁၉၁ ရွာတွင်တောင်သူ ၅၀၁၆ ဦး၏ စိုက်ဧက ၆၀၃၃၁ အား စာချုပ်ချုပ်ဆို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ညိမ်းသူ–သတင်းစဉ်၊ ဓာတ်ပုံ– ကနူး**

# အသိပေးကြေညာချက်

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း ၁ နှစ်(အတိုးနှုန်း ၁%)ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း ၃ နှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်သည့် ကုမ္ပဏီ/လုပ်ငန်းများအား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ချေးငွေအရင်းနှင့် အတိုးများအား အမြန်ဆုံး ပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။

ချေးငွေအပြေအကျေ ပေးဆပ်ပြီးသူများအား ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေ ပေးဆပ်ရန် ကျန်ရှိနေသည့်-

(၁) အလီလီပေးဆပ်နေသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အမြန်ဆုံး အပြေအကျေပြန်လည်ပေးဆပ်ရမည် ဖြစ်ပါကြောင်း၊

(၂) အတိုးကိုသာ ပေးသွင်းထားသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အရင်းနှင့်အတိုးကို တစ်ပေါင်းတည်း အမြန်ဆုံး ပြန်လည်ပေးသွင်းရန်ဖြစ်ကြောင်း၊

(၃) အတိုး၊ အရင်း လုံးဝမပေးဆပ်သည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အချိန်မီလာရောက်ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**

## ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ခိုလမ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေး





**နေပြည်တော် ဩဂုတ် ၁၀**

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

### ကြိုဆိုနှုတ်ဆက်

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် အဖွဲ့ဝင်များသည် ခိုလမ်မြို့ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

### အားပေးစကားပြောကြား

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်းလိုက်လံကြည့်ရှု၍ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသမှုပေးထားမှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းသက်သာမှုအခြေအနေများနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာနှင့် အဝတ်အထည်များ လာရောက်ဂုဏ်ပြုပေးအပ်

**နေပြည်တော် ဩဂုတ် ၁၀**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက် ဂုဏ်ပြုပေးအပ်လျက်ရှိသည်။



### တက်ရောက်

ထိုသို့ ပေးအပ်လျက်ရှိရာ ဩဂုတ် ၉ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ စေတနာရှင် ပြည်သူလူထုနှင့် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး၊ အစည်းဝေးခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စားသောက် ဖွယ်ရာများနှင့် အဝတ်အထည်များကို ဒုတိယတိုင်းမှူးထံ ပေးအပ်သည်။ ယင်းနောက် ဒုတိယတိုင်းမှူးက လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာများအား ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချွံချွံတာဝန်ထမ်းလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အောင်မြေသာစံမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက် ဆင်များရှင်သာသနာ့ရိပ်သာမှ ဆရာတော်၊ သံဃာတော်များနှင့် ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၅၆ ပါးနှင့် ဒေသခံပြည်သူ ၆၄ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြိမ် (၃၀)မြောက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု

....... မောင်ငြိမ်းသူ(ကြို့ပင်ကောက်) .......




မြန်မာနိုင်ငံစာပေဆုများနှင့်ပတ်သက်၍ နိုင်ငံတော်အဆင့် အမြင့်ဆုံးဆုမှာ "အမျိုးသားစာပေ တစ်သက်တာဆု" ဖြစ်ပြီး အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများသည်လည်း စာပေဆုသက်တမ်းများ ရှည်ကြာလာခဲ့သည့်နည်းတူ စာပေဆုအစဉ်အလာများလည်း ကြီးမားကောင်းမွန်ခဲ့ကြပါသည်။

ယခုနှစ်စာဆိုတော်နေ့တွင် ကျင်းပမည့် အမျိုးသားစာပေဆုချီးမြှင့်ပွဲဆိုပါမူ (၇၅) နှစ်မြောက် စိန်ရတုခရီးသို့ ရောက်ရှိပေတော့မည်။

နိုင်ငံတော်အဆင့် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုပြီးလျှင် ပခုက္ကူစာပေဆုသည်လည်း စာပေဆုသမိုင်းအစဉ်အလာကောင်းများရှိခဲ့သော နိုင်ငံတော်အဆင့် ပုဂ္ဂလိကစာပေဆုဖြစ်သည်။

၂၀၂၄ ခုနှစ်အတွက် အကြိမ် (၃၀)မြောက် "ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူဦးအုံးဖေ စာပေဆု" ချီးမြှင့်ပွဲကို ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် (၂၂၈)ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်နေကြလေပြီ။

၂၀၂၃ ခုနှစ် (၂၉) ကြိမ်မြောက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုချီးမြှင့်ပွဲကို ၂၀၂၃ ခုနှစ် ဇွန်လ ၉ ရက်နေ့က နေပြည်တော်၌ ပထမဆုံးအကြိမ် ထူးထူးခြားခြား စည်စည်ကားကား ကျင်းပခဲ့ရာ ဝမ်းသာကြည်နူး အားရကျေနပ်ခဲ့ကြပါသည်။

ပို၍ပို၍ဂုဏ်ယူဝမ်းသာ ပီတိဖြာခဲ့ကြရသည်က ပခုက္ကူစာပေဆုရွေးချယ်ရေးကော်မတီဝင်များနှင့် ဆုရရှိကြသူများအနေဖြင့် မမျှော်လင့်မထင်မှတ်ဘဲ မာရဝိဇယဘုရားကို ရှေးဦးစွာဖူးမြော်ခွင့်ရရှိခဲ့ကြခြင်းကြောင့်ပင်တည်း။

ယခုနှစ်တွင်မူ ရန်ကုန်မြို့တွင် တစ်လှည့်ပြန်လည်ကျင်းပမည်ဖြစ်သည်။ ဤသို့ တစ်လှည့်စီ ကျင်းပခဲ့သည်မှာ ပခုက္ကူစာပေဆုချီးမြှင့်ပွဲများ၏ အစဉ်အလာပင်ဖြစ်ခဲ့ပါသည်။

**ပခုက္ကူစာပေဆုချီးမြှင့်ပွဲများ ကျင်းပခဲ့သည့်နေရာများ**

ပထမဆုံးအကြိမ် ပခုက္ကူစာပေဆုချီးမြှင့်ပွဲကို ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ပခုက္ကူမြို့ ပြည်တော်သာခန်းမ၌ ကျင်းပခဲ့ပြီး ၁၉၉၅ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ သုံးနှစ်ဆက်တိုက် ပခုက္ကူမြို့၌ပင် ကျင်းပခဲ့သည်။ ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် ရန်ကုန်မြို့ နဝဒေးရုပ်ရှင်ရုံ၌ ကျင်းပခဲ့ပြီး ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပခုက္ကူမြို့ ပြည်တော်သာခန်းမ၌ ကျင်းပခဲ့ပါသည်။

ထိုအချိန်မှစ၍ ရန်ကုန်မြို့တွင်တစ်လှည့်၊ ပခုက္ကူမြို့တွင်တစ်လှည့် ကျင်းပခဲ့ကြရာ ပခုက္ကူမြို့တွင် ၁၀ ကြိမ်၊ ရန်ကုန်မြို့တွင် ၁၈ ကြိမ် ကျင်းပခဲ့ကြပြီး ၂၀၂၃ ခုနှစ် (၂၉) ကြိမ်မြောက် ပခုက္ကူစာပေ ဆုချီးမြှင့်ပွဲကိုမူ နေပြည်တော်၌ ပထမဆုံးကျင်းပခဲ့ခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ်နောက်ပိုင်းတွင် ပခုက္ကူမြို့၌ကျင်းပရန် စီစဉ်ခဲ့ကြသော်လည်း အခြေအနေမပေးသောကြောင့် မကျင်းပနိုင်ဘဲ ရန်ကုန်မြို့၌သာ ကျင်းပခဲ့ရခြင်းဖြစ်သည်။

**ပခုက္ကူစာပေဆုရွေးချယ်ရေးအခြေခံမူများ**

ပခုက္ကူစာပေဆုအတွက် နှစ်စဉ် စာမူများတင်သွင်းယှဉ်ပြိုင်ကြရာတွင် စာပေဆုရွေးချယ်ရေး အခြေခံမူများ သတ်မှတ်ဖော်ပြပြီး ဖိတ်ခေါ်ယှဉ်ပြိုင်စေခဲ့ပါသည်။ ထိုအခြေခံမူများမှာ (၁) မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးရန်၊ (၂) မြန်မာ့ရိုးရာယဉ်ကျေးမှုထွန်းကားရေးအတွက် စာပေနည်းဖြင့် အထောက်အကူပြုရန်၊ (၃) မျိုးချစ်စိတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ် ထက်သန်စေမှုကို ရှေးရှုရန်၊ (၄) အတွေးအခေါ်နှင့် အသိဉာဏ်ပညာဗဟုသုတ တိုးပွားကျယ်ပြန့်စေရေးအတွက် ကူညီရန်၊ (၅) အကျင့်စာရိတ္တပြုပြင်ရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်စေရေးအတွက် အထောက်အပံ့ဖြစ်သော စာပေများတိုးပွားစေရန်ဟူ၍ ဖြစ်သည်။

အဆိုပါ အခြေခံမူများအရ ယခု အကြိမ်(၃၀)မြောက် ပခုက္ကူစာပေဆုချီးမြှင့်ပွဲတွင် ဆုရရှိခဲ့ကြသူများမှာ ဝတ္ထုရှည်ဆုတွင် ဒုတိယဆုကို ညိမ်းညိုရေးသားသည့် "မေတ္တာထွေးနွေးပါသည်"၊ တတိယဆုကို နေစိုးသော်ရေးသားသည့် "စိတ်" စာမူတို့ကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို အမေ့သား(နတ်မောက်) ရေးသားသည့် "မုသားချိုချိုနှင့် အခြားဝတ္ထုတိုများ"၊ ဒုတိယဆုကို ကိုနီသွေး(မန်းမြို့) ရေးသားသည့် "အတိုဆုံးဝတ္ထု၊ အရှည်ဆုံးပြဇာတ်နှင့် အခြားဝတ္ထုတိုများ"၊ တတိယဆုကို ထွန်းလှိုင်(မြိုင်) ရေးသားသည့် "မွေးရပ်မြေနှင့် သူငယ်ချင်းနှင့် သုတရသဝတ္ထုတိုပေါင်းချုပ်" စာမူတို့ကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ကောင်းနွဲ့ရေးသားသည့် "ရောင်နီသန်းချိန် ပန်းပွင့်ချိန်"၊ ဒုတိယဆုကို ရွှေမင်းသား(စစ်ကိုင်း)ရေးသားသည့် "မွှေးမြဂုဏ်ရည် စာပန်းသီ ကဗျာများ"၊ တတိယဆုကို ကနောင်နိုင်နွယ်ဦးရေးသားသည့် "ဘဝတေးသံကဗျာများ" စာမူတို့က လည်းကောင်း၊ ကျမ်းစာပေဆုတွင် ပထမဆုကို ကိုတိုး(ရန်ကင်း)ရေးသားသည့် "ကုန်းဘောင်ခေတ် စာဆိုလက်ဝဲသုန္ဒရ၏ ဘဝနှင့်စာပေ"၊ ဒုတိယဆုကို ဦးဝင်းမြင့်မောင် (လင်းအရုဏ်ဦး)ရေးသားသည့် "ရတနာပုံ အိမ်ရှေ့စံ"၊ တတိယဆုကို သက်ဦးမောင်ရေးသားသည့် "ရုပ်ရှင်နှင့် နိုင်ငံရေး၊ အမျိုးသားရေးအခန်းကဏ္ဍ" စာမူတို့ကလည်းကောင်း၊ သုတေသနစာပေဆုတွင် ပထမဆုကို မာန်သစ်ငြိမ်း (ရှေးဟောင်းသုတေသန) ရေးသားသည့် "သရေခေတ္တရာပျူတို့၏ ရွှေထည်ငွေထည် ယဉ်ကျေးမှု အနုလက်ရာများ"၊ ဒုတိယဆုကို ကိုဇော်ဌေး(ယဉ်ကျေးမှု) ရေးသားသည့် "ဆိုကရေးတီး ရိုးရာခရီး"၊ တတိယဆုကို လက်ယာ (မေတ္တာတံခွန်)ရေးသားသည့် "လပြည့်နေ့ဖွား မြန်မာလူကျော်များ" စာမူတို့ကလည်းကောင်း အသီးသီးရရှိကြပါသည်။ ထိုဆုရရှိကြသူများထဲတွင် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် နိုင်ငံတော်အဆင့် စာမူဆု ရရှိကြသူများ ပါဝင်ခဲ့ကြပါသည်။

ပခုက္ကူတစ်သက်တာစာပေဆုကို မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး၏ ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများဖြစ်ကြသော အသက်(၈၇)နှစ်ရှိ စာပေဗိမာန်စာမူဆုသုံးဆုရ အားကစားကလောင်ရှင်များအသင်း၏ သက်ကြီးပူဇော်ပွဲကန်တော့ခံ စာပေပညာရှင် "နိုင်ငံ့ဂုဏ်ဆောင် လက်ဝှေ့ပညာရှင်" ဆရာကြီးဦးခင်အောင် (ရွှေဘိုဘာမထီခင်အောင်)နှင့် အသက်(၈၄)နှစ်ရှိ ကဗျာဖြင့် အမျိုးသားစာပေဆုနှစ်ဆုရ ဆရာကြီးဦးတင့်လွင်(တက်လူ)တို့ ရရှိခဲ့ကြပါသည်။ ဆရာကြီးတက်လူမှာ ယခင်လက ကွယ်လွန်ခဲ့လေပြီ။

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူပညာသင်ဆုကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ မသန့်ဖြူဖြူထွန်း(ဒုတိယနှစ်-ပန်းချီဌာန)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မောင်မင်းသုဟန်ကျော်(ဒုတိယနှစ်-ပန်းချီပညာဌာန)တို့က ရရှိကြသည်။

အကြိမ်(၃၀)မြောက် ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ဆုကို ခင်မောင်ဝင်း(အညာမြေ)ရေးသားသည့် ကျွန်တော်သိသော ကျွန်တော့်ရွာစာအုပ်၊ ဆရာသဲရေးသားသည့် သရဒွေးလင်္ကာအဖွင့်ကျမ်းစာအုပ်တို့က ရရှိကြသည်။

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆုကို ၁၀ သိန်း၊ ပခုက္ကူစာပေဆု ပထမဆုကို ခုနစ်သိန်း၊ ဒုတိယဆုကို ငါးသိန်းနှင့် တတိယဆုကို လေးသိန်းချီးမြှင့်သွားမည်ဖြစ်ပါသည်။

**ပခုက္ကူစာပေဆု ဖြစ်ပေါ်လာပုံ**

အနိမ့်၊ အမြင့်၊ အတက်၊ အကျ ဘဝမျိုးစုံတွင် ကျင်လည်ခဲ့ရသော ဦးအုံးဖေသည် စာပေအလှ၊ စာပေတစ်စကြောင့် ဘဝပြောင်းလဲမြင့်မားလာခဲ့ရာ သိန်းတစ်ရာဆေးပေါင်းစုံရုံပိုင်ရှင်ကြီး ဖြစ်လာခဲ့သည်။ စာပေကျေးဇူးအထူးထူးကို ကြည်နူးစွာခံစားနေရသော ဦးအုံးဖေသည် စာဖတ်ပရိသတ်ပြည်သူများအတွက် အကျိုးပြုစာပေများ ရှင်သန်ထွန်းကားရေးနှင့် မြန်မာစာပေဖွံ့ဖြိုးရေး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရန် ဟူသောစာပေရည်ရွယ်ချက်ဖြင့် စာပေဒါနပြုလိုသောကြောင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဦးစိုးညွှန့်(ထီလာစစ်သူ)ထံသို့ ၁၉၉၁ ခုနှစ် နိုဝင်ဘာလက နှုတ်ဖြင့်ရော စာဖြင့်ပါ ကမ်းလှမ်းခဲ့သည်။ သူ၏ အသက်(၇၅)နှစ်မြောက်မွေးနေ့တွင် စာပေဆုမတည်ငွေသားကျပ် ၇၅ သိန်း လှူဒါန်းလိုကြောင်း၊ စာပေဆုကိုလည်း "ပခုက္ကူစာပေဆု"ဟု ခေါ်တွင်စေလိုကြောင်း၊ စာပေဆုရန်ပုံငွေကို ထိန်းသိမ်းကြီးကြပ်စီမံခန့်ခွဲရန် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းစေလိုကြောင်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကပင် စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကိုဖွဲ့စည်းကာ စာပေဆုစည်းမျဉ်းများ ရေးဆွဲသတ်မှတ်ပြဋ္ဌာန်းပေးစေလိုကြောင်း မေတ္တာရပ်ခံအကူညီတောင်းခဲ့ပါသည်။

ဦးအုံးဖေ၏မေတ္တာရပ်ခံချက်အရ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့ရာ ဦးအုံးဖေက နိုင်ငံတော်သို့ ငွေကျပ် ၇၆၀၁၂၇၉ လွှဲအပ်လှူဒါန်းပွဲကို ၁၉၉၂ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံကြီး၌ ကျင်းပခဲ့ပါသည်။

ပခုက္ကူစာပေဆုပြိုင်ပွဲကိုလည်း ၁၉၉၃ ခုနှစ်တွင် စတင်ဖိတ်ခေါ်ခဲ့ပြီး ပထမဆုံးအကြိမ် ပခုက္ကူစာပေဆုချီးမြှင့်ပွဲကို ၁၉၉၄ ခုနှစ်တွင် ပခုက္ကူမြို့၌ ကျင်းပနိုင်ခဲ့သည်။ မူလက (၇၅)နှစ်ပြည့် အထိမ်းအမှတ် ၇၅ သိန်း လှူဒါန်းရန်ရည်မှန်းထားသော်လည်း (၇၆) နှစ်ထဲရောက်သွားသဖြင့် ငွေကျပ် ၇၆ သိန်းအပြင် သူ၏မွေးသက္ကရာဇ် ၁၂၇၉ ကို ပါရည်စူးကာ လှူဒါန်းသမျှတွင်

စာမျက်နှာ ၇ သို့ ❂

> **"အနိမ့်၊ အမြင့်၊ အတက်၊ အကျဘဝမျိုးစုံတွင် ကျင်လည်ခဲ့ရသော ဦးအုံးဖေသည် စာပေအလှ၊ စာပေတစ်စကြောင့် ဘဝပြောင်းလဲမြင့်မားလာခဲ့ရာ သိန်းတစ်ရာဆေးပေါင်းစုံရုံပိုင်ရှင်ကြီး ဖြစ်လာခဲ့သည်။ စာပေကျေးဇူးအထူးထူးကို ကြည်နူးစွာခံစားနေရသော ဦးအုံးဖေသည် စာဖတ်ပရိသတ်ပြည်သူများအတွက် အကျိုးပြုစာပေများ ရှင်သန်ထွန်းကားရေးနှင့် မြန်မာစာပေဖွံ့ဖြိုးရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရန်ဟူသော စာပေရည်ရွယ်ချက်ဖြင့် စာပေဒါနပြု"**

❂ စာမျက်နှာ ၆ မှ

၁၂၇၉ ကျပ်ကိုပါ အမြဲတမ်းထည့်သွင်းလှူဒါန်းနေကြောင်း သိရပါသည်။ ထိုမျှသာမကဘဲ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့က ကျင်းပခဲ့သော (၁၀)ကြိမ်မြောက် ပခုက္ကူစာပေဆုချီးမြှင့်ပွဲတွင် ငွေကျပ်သိန်း ၅၀ ကို ထပ်မံလှူဒါန်းခဲ့သည်။

စာပေဆုအလှူရှင် ဦးအုံးဖေက သူမတည်လှူဒါန်းထားသော အလှူငွေများကို ရန်ပုံငွေစည်းကမ်းအရ ဘဏ်တွင်အပ်နှံထားရပြီး အတိုးငွေတန်ဖိုးစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကို စာပေဆုအဖြစ် နှစ်စဉ်ခွဲဝေပေးရန်၊ ၃၀ ရာခိုင်နှုန်းကို အသုံးစရိတ်အဖြစ်သုံးစွဲရန်၊ ၁၀ ရာခိုင်နှုန်းကို အရင်းအနှီးတိုးပွားစေရန်အတွက် ဘဏ်တွင်ဆက်လက်ထားရှိရန် သတ်မှတ်ထားခဲ့ပါသည်။ ဆိုလိုသည့်သဘောမှာ နှစ်စဉ်ဘဏ်တိုး၏ ၉၀ ရာခိုင်နှုန်းကိုသာ သုံးစွဲခွင့်ပြုခဲ့ခြင်းဖြစ်ပါသည်။

ပခုက္ကူစာပေဆုအမျိုးအစား ခြောက်မျိုးသတ်မှတ်ထားရာ (၁)ဝတ္ထုရှည်ဆု၊ (၂)ဝတ္ထုတိုပေါင်းချုပ်ဆု၊ (၃)ကဗျာပေါင်းချုပ်ဆု ၊ (၄)ကျမ်းစာပေဆု၊ (၅)သုတေသနစာပေဆုနှင့် (၆)တစ်သက်တာစာပေဆုများ ဖြစ်ကြပါသည်။ စာပေဆုများအတွက် ဘာသာရပ်တစ်ခုချင်းစီအလိုက် စာမူများကိုဖိတ်ခေါ်ယှဉ်ပြိုင်စေခြင်းဖြစ်ပြီး တစ်သက်တာစာပေဆုအတွက် ဘဝတစ်သက်တာလုံး စာပေအကျိုးကို ရှုပ်ရှုပ်ချုံချုံသယ်ပိုးထမ်းရွက်ခဲ့သူ၊ စာပေလောကသား သက်ရှိပုဂ္ဂိုလ်များထဲမှ စိစစ်ရွေးချယ်စေခြင်းဖြစ်သည်။ စာပေဆုအပြင် ၁၉၉၄ ခုနှစ်မှစ၍ "ပညာသင်ဆုအဖြစ်" အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ နှစ်ဦးစီကို ချီးမြှင့်ခဲ့သည်။ ထို့ပြင် စာပေဆုကိုလည်း ဘာသာရပ်တစ်ခုချင်းတွင် တစ်ဆုစီသာချီးမြှင့်ခဲ့ရာမှ ၁၉၉၄ ခုနှစ်တွင် "ဒုတိယဆုများ"၊ ၁၉၉၆ ခုနှစ်တွင် "တတိယဆုများ" တိုးမြှင့်ချီးမြှင့်ခဲ့ပါသည်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏အမွေကို ဆက်ခံခဲ့သော မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့်လည်း ပခုက္ကူစာပေဆု စိစစ်ရွေးချယ်ခြင်း၊ ရန်ပုံငွေကြီးကြပ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ်မပျက် ကြိုးပမ်းထမ်းရွက်နေပြီး ဆုချီးမြှင့်ပွဲများကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်မှ တာဝန်ရှိကြသူများနှင့်ပူးတွဲလျက် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ခဲ့ကြပါသည်။

စာပေဒါနအလှူရှင်ကြီး ဦးအုံးဖေကွယ်လွန်သွားပြီးနောက် ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့ တွင် ကျင်းပခဲ့သည့် ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက ရန်ပုံငွေတိုးပွားလာစေရေးနှင့် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် စာပေဆုအမည်ကို "ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု"ဟူ၍ အမည်ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပခုက္ကူစာပေဆုကို ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ရာမှ မြန်မာနိုင်ငံ စာရေးဆရာအသင်းသို့ ၂၀၁၃ ခုနှစ်တွင် လွှဲပြောင်းပေးခဲ့မှုအခြေအနေကို တင်ပြလိုပါသည်။ ထိုအချိန်က လွှဲပြောင်းပေးခဲ့သော ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေမှာ ကျပ် ၃၆၈ သိန်းကျော်သာ ရှိခဲ့ပါသည်။ ဘဏ်တိုးနှုန်းမှာ တစ်နှစ်လျှင် ကျပ်သိန်း ၄၀ ခန့်သာရခဲ့ရာ မြန်မာနိုင်ငံစာရေးဆရာအသင်းက စာပေစေတနာရှင်၊ အလှူရှင်များကို နှစ်စဉ်ရှာဖွေ အကူအညီတောင်းခံခဲ့ရပါသည်။ ထိုအချိန်က စာပေဆုချီးမြှင့်ပွဲ ကုန်ကျစရိတ်မှာ နှစ်စဉ်ကျပ်သိန်း ၆၀ ကျော်၊ ၇၀ ကျော်ခန့်သာ ကုန်ကျခဲ့သော်လည်း ယခုဆိုလျှင် ကျပ်သိန်း ၂၀၀ ခန့်အထိ ကုန်ကျနေပါသည်။ ထိုက်သင့်သောစာပေဆုချီးမြှင့်ငွေ တိုးမြှင့်ပေးခြင်းနှင့် ကုန်ကျစရိတ်မြင့်တက်လာခြင်းကြောင့် စာပေဆုရန်ပုံငွေကို နှစ်စဉ်စိစစ်ချွေတာသုံးစွဲနေခဲ့ရသလို အလှူရှင်များကိုလည်း ရှာဖွေနေခဲ့ရပါသည်။

**ထူးချွန်ဆုများ**

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု အကြိမ်(၃၀)မြောက်အတွင်းတွင် တစ်သက်တာစာပေဆုရှင် ၃၇ ဦး ပေါ်ထွက်ခဲ့ပြီးစာပေဆုပေါင်း ၃၆၅ ဆုကို ချီးမြှင့်နိုင်ခဲ့ပြီဖြစ်ပါသည်။ ပခုက္ကူစာပေဆုချီးမြှင့်ပွဲတွင် ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ဆုကိုပါ ၂၀၀၃ ခုနှစ်မှစတင်၍ ပူးတွဲချီးမြှင့်ခဲ့ရာ ယခုအကြိမ်အထိ ၄၃ ဦး ချီးမြှင့်နိုင်ခဲ့ပြီဖြစ်ပါသည်။

**အမျိုးသားစာပေဆုရသူများ**

ပခုက္ကူစာပေဆုကို ၁၉၉၄ ခုနှစ်မှစတင်၍ ချီးမြှင့်ခဲ့ရာ ၂၀၂၃ ခုနှစ်တွင် (၂၉)ကြိမ်မြောက်အထိ စာပေဆုရရှိသူ ၃၅၁ ဦး ရှိခဲ့ပါသည်။ ၂၀၂၂ ခုနှစ်တွင် (၂၈) ကြိမ်မြောက်အထိ ပထမဆုရရှိခဲ့သော စာမူ ၁၀၅ အုပ်ကို စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်သဖြင့် ၎င်းတို့အထဲမှ အမျိုးသားစာပေဆု ၁၂ ဆု ရရှိခဲ့ပါသည်။ ပခုက္ကူစာပေဆုရှင်များထဲမှ အမျိုးသားစာပေဆုရသူများအဖြစ် ထူးချွန်စွာပေါ်ထွက်လာကြသည်ကို ထောက်ရှုခြင်းအားဖြင့် ပခုက္ကူစာပေဆု၏ ဂုဏ်ရည်မြင့်မားမှုကို သိသာနိုင်ပါသည်။




❛ ပခုက္ကူစာပေဆုကို ၁၉၉၄ ခုနှစ်မှစတင်၍ ချီးမြှင့်ခဲ့ရာ ၂၀၂၃ ခုနှစ်တွင် (၂၉)ကြိမ်မြောက်အထိ စာပေဆုရရှိသူ ၃၅၁ ဦး ရှိခဲ့ပါသည်။ ၂၀၂၂ ခုနှစ်တွင် (၂၈) ကြိမ်မြောက်အထိ ပထမဆုရရှိခဲ့သော စာမူ ၁၀၅ အုပ်ကို စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်သဖြင့် ၎င်းတို့အထဲမှ အမျိုးသားစာပေဆု ၁၂ ဆု ရရှိခဲ့ပါသည်။ ပခုက္ကူစာပေဆုရှင်များထဲမှ အမျိုးသားစာပေဆုရသူများအဖြစ် ထူးချွန်စွာပေါ်ထွက်လာကြသည်ကို ထောက်ရှုခြင်းအားဖြင့် ပခုက္ကူစာပေဆု၏ ဂုဏ်ရည်မြင့်မားမှုကို သိသာနိုင် ❜

**ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရှင်များ**

ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုချီးမြှင့်ရန်အတွက် ရွေးချယ်ရေးအခြေခံမူများ သတ်မှတ်ထားရာ (၁) သက်ရှိထင်ရှားရှိသော စာပေပညာရှင်ဖြစ်ရမည်၊ (၂) သုတစာပေ၊ ရသစာပေနှင့် လူထုဆက်သွယ်ရေးလုပ်ငန်းတွင် ထိရောက်သောအတိုင်းအတာဖြင့် အားထုတ်ဆောင်ရွက်ခဲ့သူဖြစ်ရမည်၊ (၃) ကိုယ်ပိုင်ရေးသားပြုစုသော ခိုင်ခံ့ပြည့်ဝသည့် စာအုပ်စာပေလက်ရာစာရင်းရှိရမည်၊ (၄) စာပေလုပ်ငန်း တာဝန်ကို ထမ်းဆောင်ခဲ့သည့် နှစ်ကာလပရိစ္ဆေဒ ထည့်သွင်းတွက်ချက်ရမည်။ (အသက်အရွယ်အားဖြင့် ၆၀ အရွယ်နှင့် စာရေးသက်အနည်းဆုံးနှစ် ၄၀ ခန့်ရှိရမည်)ဟူ၍ဖြစ်သည်။ အဆိုပါအခြေခံမူများနှင့် ရွေးချယ်ချီးမြှင့်ခဲ့သော ပခုက္ကူဦးအုံးဖေတစ်သက်တာဆုရသူများမှာ ယခု အကြိမ်(၃၀)မြောက်အထိ ၃၇ ဦး ရရှိခဲ့ကြပါသည်။

**ပညာဒါနနှင့် ပညာထူးချွန်ဆု**

အလှူရှင်ဦးအုံးဖေသည် စာပေဆုများအပြင် ပညာရေးအတွက်ပါ လှူဒါန်းခဲ့ရာ ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့က ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ကျင်းပခဲ့သော ပခုက္ကူဦးအုံးဖေစာပေဆု ဆုပေးပွဲ အခမ်းအနားတွင် ပညာရေးရန်ပုံငွေအဖြစ် ငွေကျပ် ၅၂၀၁၂၇၉ ကို နိုင်ငံတော်သို့ လှူဒါန်းခဲ့ပါသည်။ ထိုလှူဒါန်းငွေကို ရင်းနှီးမြှုပ်နှံရာမှ ရရှိသောအတိုးအညွန့်များဖြင့် အခြေခံပညာအထက်တန်းတွင် ဘာသာရပ်တစ်ခုချင်းအလိုက် အမှတ်အများဆုံးရရှိသော ကျောင်းသားကျောင်းသူ သုံးဦးစီကို ချီးမြှင့်စေခဲ့ပါသည်။ နှစ်စဉ်ကျင်းပခဲ့သော ပခုက္ကူစာပေဆု ချီးမြှင့်ပွဲများတွင် ပညာရေးဝန်ကြီးဌာနက စိစစ်ရွေးချယ်ပေးခဲ့ကြသော ထူးချွန်ကျောင်းသား ကျောင်းသူများကို အလှူရှင်ဦးအုံးဖေ၏ဆန္ဒနှင့်အညီ နှစ်စဉ်ချီးမြှင့်နိုင်ခဲ့ကြသော်လည်း ကိုဗစ်ရောဂါကြောင့် ပညာရည်ချွန်ဆုများကို ချီးမြှင့်နိုင်ခြင်းမရှိဘဲ ရပ်နားထားခဲ့ရပါသည်။ သို့သော် ၂၀၂၃ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက ပညာရည်ချွန်ဆု ရရှိသူများကို ဆုချီးမြှင့်ပေးနိုင်ခဲ့ကြောင်း သိရပါသည်။ ယခု ၂၀၂၄ ခုနှစ်တွင် ပညာရည်ချွန်ဆုချီးမြှင့်နိုင်ခြင်း မရှိသေးကြောင်း သိရပါသည်။

**စာကြည့်တိုက်ဆုနှင့် စာကြည့်တိုက်အလှူရှင်**

စေတနာရှင်ဦးအုံးဖေသည် သူနေထိုင်ကြီးပြင်းခဲ့ရာ ဇာတိကျေးရွာ ထနောင်းကုန်းရွာ အသိပညာစာကြည့်တိုက်သို့လည်း ငွေကျပ်၂၄ သိန်း မတည်လှူဒါန်းခဲ့ပါသည်။ ၁၉၉၅ ခုနှစ်တွင် ငွေကျပ်သိန်း ၆၀ မတည်၍ "ပခုက္ကူဦးအုံးဖေစာကြည့်တိုက်"ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ပခုက္ကူစာကြည့်တိုက်ဆုကိုလည်း နှစ်စဉ်ချီးမြှင့်ပေးခဲ့သည်။ ဦးအုံးဖေသည် ၁၉၈၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဘာသာရေးနှင့် လူမှုရေးအတွက် ငွေကျပ် ၄၇၈ သိန်းကျော် လှူဒါန်းခဲ့သည်။ ထိုခေတ်ထိုအခါကာလက လှူဒါန်းခဲ့သော စုစုပေါင်းအလှူငွေကျပ် ၄၇၈ သိန်းကျော်မှာ လွန်စွာတန်ဖိုးရှိထူးမြတ်လှပေသည်။

**ထိုက်တန်သော တုံ့ပြန်မှု**

လှူဒါန်းမှုရက်ရောပြီး စေတနာဖြူစင်သော ဦးအုံးဖေသည် စာပေဒါနအဖြစ်စာပေဆုများ၊ စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ပေးခဲ့ပြီး စာကြည့်တိုက်ဆု၊ ပညာရည်ချွန်ဆုများကိုလှူဒါန်းရုံဖြင့် အားမရသေးဘဲ သူကိုယ်တိုင် တွေ့ကြုံခဲ့ရသော ဘဝအတွေ့အကြုံအဖုံဖုံထဲမှ အကောင်းအဆိုး၊ အကျိုးအပြစ်များကို မခြွင်းမချန်ဘဲ သူ၏ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်များအဖြစ် ရေးသားထုတ်ဝေခဲ့ရာ စာချစ်သူများကို ဆွဲဆောင်နိုင်စွမ်းရှိခဲ့ပါသည်။ မျိုးဆက်သစ်လူငယ်များအတွက် သင်ခန်းစာရယူဖွယ်၊ သံဝေဂရဖွယ်၊ အားကျအတုယူဖွယ်များ ပါဝင်ပါသည်။ သူ့ဘဝအတွေ့အကြုံ စာပေဒါနပေးဝေမျှခဲ့သည့် စာအုပ်သုံးအုပ်မှာ "တွေ့ရကြုံရကျွန်တော့်ဘဝ" (ပထမအတွဲ) (ဒုတိယအတွဲ) (တတိယအတွဲ)များ ဖြစ်ကြပါသည်။ ထိုစာအုပ်များမှာ ခေတ်သစ်လူငယ်တက်ကျမ်းများဆိုက မမှားပေ။

ဦးအုံးဖေ၏ ဘဝတစ်စိတ်တစ်ပိုင်းအမှန်များကို ဦးအုံးဖေ၏ဆန္ဒနှင့်အညီ ဆရာတက္ကသိုလ်စိန်တင်က "ပခုက္ကူဦးအုံးဖေ ဘဝခရီးနှင့်အောင်မြင်နည်းအတွေ့အကြုံများ"စာအုပ်ကို ရေးသားထုတ်ဝေခဲ့ရာ ၁၉၉၃ ခုနှစ်တွင် အမျိုးသားစာပေဆုကို ရရှိခဲ့ပါသည်။ ထိုနည်းတူ ဦးအုံးဖေကလည်း သူရေးသားခဲ့သည့် "တွေ့ရကြုံရ ကျွန်တော့်ဘဝ" စာအုပ်များဖြင့် "၂၀၀၁ ခုနှစ် ဆရာဝန်တင်ရွှေ"စာပေဆုကို ထိုက်တန်စွာ ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သက်ကြီးကန်တော့ခံ စာပေပညာရှင်ကြီးလည်း ဖြစ်ခဲ့ပါသည်။

ပခုက္ကူ ဦးအုံးဖေသည် မြန်မာသက္ကရာဇ် ၁၂၇၉ ခုနှစ်တွင် ပခုက္ကူမြို့ ထနောင်းကုန်းရှားတောကျေးရွာ၌ မွေးဖွားခဲ့ပြီး ၂၀၀၈ ခုနှစ် ဧပြီလ ၁၃ ရက်နေ့ မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် အသက်(၉၁)နှစ်တွင် ပခုက္ကူမြို့၌ ကွယ်လွန်ခဲ့ပါသည်။

နိုင်ငံတော်က ဦးအုံးဖေအား ၁၉၉၃ ခုနှစ်တွင် "လူမှုထူးချွန် (ပထမအဆင့်)"နှင့် ၂၀၂၂ ခုနှစ်တွင် "သီပွကျော်စွာ"ဘွဲ့ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ကွယ်လွန်ခဲ့ပြီဖြစ်သော ဦးအုံးဖေသည် မြန်မာစာပေလောကတွင် ဘယ်သောအခါမျှ နာမည်မသေဘဲ သားအစဉ်မြေးအဆက် မြစ်အညွန့် အဖွန့်ရှည်ကြာတည်တံ့ခိုင်မြဲနေမည်ဟု ယုံကြည်ပါသည်။

သို့သော် ပခုက္ကူဦးအုံးဖေစာပေဆု ရေရှည်တည်တံ့ခိုင်မြဲတိုးတက်ရေးအတွက် ရန်ပုံငွေတိုးပွားရန်လည်း အထူးပင်လိုအပ်လှပါသည်။ ယခုလက်ရှိအခြေအနေအရ ပခုက္ကူစာပေဆုအတွက် လှူဒါန်းငွေမရှိဘဲ ဘဏ်တိုးအနည်းငယ်မျှဖြင့်သာ ခရီးဆက်နေရပါက ဆုချီးမြှင့်နိုင်မှုအခြေအနေ ရပ်တန့်သွားမည်ကို စိုးရိမ်နေကြရပါသည်။

သို့ဖြစ်ရာ အစဉ်အလာကောင်းရှိခဲ့သော ပခုက္ကူဦးအုံးဖေစာပေဆု ရေရှည်တည်တံ့ခိုင်မြဲတိုးတက်ရေးအတွက် စာပေစေတနာရှင်များ၊ စာပေဒါနပြုကြလိုသူများ ပေါ်ပေါက်လာပါစေဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။ ။

**ကိုးကား-**

(၁) တက္ကသိုလ်စိန်တင်၏ ပခုက္ကူဦးအုံးဖေဘဝခရီးနှင့်အောင်မြင်နည်း အတွေ့အကြုံများစာအုပ်၊

(၂) ဆုချီးမြှင့်ပွဲတိုင်းတွင် ဖြန့်ဝေခဲ့သော ပခုက္ကူစာပေဆုအကြောင်းအရာစာအုပ်များ၊

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## သတင်းထုတ်ပြန်ချက်

၁။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ငွေကြေးတည်ငြိမ်ရေးတို့ကို မလိုလားသည့် NUGGETS Viber Group အပါအဝင် အဖျက်သမားများသည် နိုင်ငံခြားငွေလဲလှယ်နှုန်း ကမောက်ကမဖြစ်စေလိုသည့် ရည်ရွယ်ချက်များ၊ ဈေးကစားလိုသည့်ရည်ရွယ်ချက်များ စသည်ဖြင့် ၎င်းတို့၏ အကျိုးစီးပွားအတွက် နိုင်ငံခြားငွေဈေးနှုန်းများသတ်မှတ်ခြင်း၊ တရားမဝင်ရောင်းဝယ်နေခြင်းများ ဆောင်ရွက်နေကြောင်း တွေ့ရှိရ၍ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် (၉-၈-၂၀၂၄) ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းအခြေအနေတွင် NUGGETS Viber Group သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အပေါ် သိက္ခာကျဆင်းစေလိုသောရည်ရွယ်ချက်ဖြင့် မဟုတ်မမှတ်သည့်သတင်းများထုတ်ပြန်ပြီး တရားမဝင် နိုင်ငံခြားငွေရောင်းဝယ်ခြင်းကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း ၎င်းတို့၏ NUGGETS Viber Group မှ ထပ်မံကြေညာလာသည်ကို တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ယင်း NUGGETS Viber Group အား တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရန်အတွက် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အများပြည်သူများအနေဖြင့်လည်း မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တရားဝင် ခွင့်ပြုချက်လိုင်စင်ရရှိထားသည့် ဘဏ်များနှင့် Money Changer များထံတွင်သာ နိုင်ငံခြားငွေများအား ရောင်းဝယ်လဲလှယ်ခြင်းကို ပြုလုပ်ကြရန်ဖြစ်ကြောင်း ထပ်မံအသိပေးအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၁၀-၈-၂၀၂၄)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မင်္ဂလာအဖြာဖြာဆုံဆည်းရာ လက်ဖက်ရည်ကြမ်းအနုပညာဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် သြဂုတ် ၁၀

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ တရုတ်ယဉ်ကျေးမှုစင်တာ၌ ကျင်းပသည့် မင်္ဂလာအဖြာဖြာဆုံဆည်းရာ လက်ဖက်ရည်ကြမ်းအနုပညာ (Tea for Harmony Yaji Cultural Salon) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။



ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Ms. Cao Jing နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) နှင့် အမျိုးသားစီမံခန့်ခွဲမှုဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ယူနန်ပြည်နယ် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Wang Jiaghong နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Ms. Cao Jing က အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၂ ခုနှစ်တွင် "တရုတ်ရိုးရာလက်ဖက်ခြောက် ပြုလုပ်ခြင်းနည်းပညာနှင့် ဆက်စပ်လူမှုရေးအလေ့အထဓလေ့ထုံးတမ်းများ" ကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) ၏ အမျိုးသားအဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရပြီး ကမ္ဘာတစ်ဝန်းတွင် လက်ဖက်ရည်ကြမ်း ယဉ်ကျေးမှုသည် လူအများစိတ်ဝင်စားမှုရရှိခဲ့သည်ကို သိရှိရပါကြောင်း။

အလားတူ မြန်မာနိုင်ငံတွင်လည်း လက်ဖက်အစို၊ လက်ဖက်အခြောက်များကို အသုံးပြုသည့် လက်ဖက်ရည်ကြမ်းသောက်သုံးခြင်း၊ လက်ဖက်သုပ်စားခြင်း စသည့်အလေ့အထများရှိသည့်အတွက် တူညီသည့် ယဉ်ကျေးမှုများရှိပါကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သည့် မောင်းနှင်အားတစ်ခုဖြစ်ပါကြောင်း၊ အိမ်နီးချင်းတရုတ်နိုင်ငံ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများအကြောင်း ပိုမိုသိရှိလာစေပြီး မြန်မာ-တရုတ် နှစ်နိုင်ငံမှပြည်သူများအတွက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ခြင်းမှ အကျိုးအမြတ်ရရှိစေရန် အကောင်းဆုံးအခွင့်အလမ်းတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများအတွက် ထိရောက်ပြီး အပြန်အလှန်အကျိုးရှိသည့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ယူနန်ပြည်နယ် ယဉ်ကျေးမှုနှင့်ခရီးသွားလာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Wang Jiaghong က အမှာစကားပြောကြားပြီး ယူနန်ပြည်နယ်သီချင်းများ၊ ရိုးရာဝတ်စုံများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ မြန်မာ့ရိုးရာသီချင်း၊ ရုပ်သေးအကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းနှင့် ယူနန်ပြည်နယ် ခရီးသွားမြှင့်တင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ ခင်းကျင်းပြသထားသည့် ယူနန်ပြည်နယ်ဒေသထွက်ကုန်များနှင့် လက်မှုပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းရှီးပြည်နယ် ချန်ကျိုမြို့၌ သြဂုတ် ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် ၂၀၂၄ ခုနှစ်၊ အာဆီယံ-တရုတ် ရက်သတ္တပတ် (ASEAN-China Week-ACW 2024)သို့ တက်ရောက်ရန် ရန်ကုန်မြို့မှ တရုတ်နိုင်ငံချန်ကျိုမြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာသွားကြသည်။

သတင်းစဉ်

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲထူးချွန်ကျောင်းသား ကျောင်းသူများ နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်များ လှည့်လည်လေ့လာ

နေပြည်တော် သြဂုတ် ၁၀

၂၀၂၃-၂၀၂၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၃၀ နှင့် အုပ်ချုပ်သူများကို နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ် စေလွှတ်ခဲ့ရာ သြဂုတ် ၈ ရက်နံနက်ပိုင်းက MAI လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာခဲ့ရာ သုဝဏ္ဏဘူမိလေဆိပ်၌ ထိုင်းနိုင်ငံရှိ မြန်မာသံရုံးမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ထူးချွန်ကျောင်းသား ကျောင်းသူများသည် မြဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး မွန်းလွဲ ၁ နာရီတွင် ဗန်ကောက်မြို့ရှိ မြန်မာနိုင်ငံသံရုံးသို့ရောက်ရှိရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးချစ်ဆွေက အုပ်ချုပ်သူများနှင့် ကျောင်းသား ကျောင်းသူများကို ကြိုဆိုနှုတ်ဆက်ပြီး ထူးချွန်ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုစကားပြောကြား၍ ထူးချွန်ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ မြန်မာသံရုံးတွင် မြန်မာသံအမတ်ကြီးက တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို သုံးဆောင်ကြသည်။

ယင်းနောက် ထူးချွန်ကျောင်းသား ကျောင်းသူများသည် ဗန်ကောက်မြို့ရှိ Siam Ocean World နှင့် Madame Tussauds Museum သို့ သွားရောက်လေ့လာကြသည်။

ညနေပိုင်းတွင် ကျောင်းသား ကျောင်းသူများသည် Asiatique The Riverfront သို့ ဆက်လက်ထွက်ခွာပြီး Chao Phraya River Cruise ဖြင့် လိုက်ပါစီးနင်းကာ ကျောက်ဖရားမြစ်တစ်လျှောက် ဗန်ကောက်မြို့၏ ညဘက်ရှုခင်းများကို ကြည့်ရှုခံစား၍ ညစာသုံးဆောင်ကြသည်။

ယမန်နေ့ နံနက် ၈နာရီတွင် တည်းခိုရာ Holiday Inn မှ ဗန်ကောက်မြို့ Assumption University သို့ထွက်ခွာရာ Assumption University မှ တာဝန်ရှိသူများက ကြိုဆိုပြီး true lab ခန်းမတွင် နှုတ်ခွန်းဆက်စကားပြောကြားကာ တက္ကသိုလ်နှင့် ပတ်သက်သည့်အချက်အလက်များနှင့် ပို့ချလျက်ရှိသည့် သင်တန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်ပရိဝုဏ်အတွင်း trams ရထားဖြင့် လိုက်လံရှင်းလင်းပြသသည်။




ယင်းနောက် ထူးချွန်ကျောင်းသား ကျောင်းသူများသည် Assumption University မှ ဆက်လက်ထွက်ခွာကြရာ Nongnooch Tropical Garden သို့ ရောက်ရှိကာ ပန်းခြံအတွင်းရှိပြကွက်များ၊ Museum များကို လှည့်လည်ကြည့်ရှုကာ အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် ပတ္တရားကမ်းခြေရှိ Seafood Pattaya တွင် နေ့လယ်စာ စားသုံးကြပြီး Najomtien Beach နှင့် ပတ္တရားကမ်းခြေတစ်လျှောက် ကမ်းခြေအလှကို ကြည့်ရှုခံစားရင်း Pattaya Viewpointတွင် အမှတ်တရဓာတ်ပုံများရိုက်ကာ ဗန်ကောက်မြို့သို့ ပြန်လည်ထွက်ခွာကြသည်။ ထူးချွန်ကျောင်းသား ကျောင်းသူများသည် ဗန်ကောက်မြို့ Tower တွင် ဗန်ကောက်မြို့ ညရှုခင်းအလှကိုခံစားရင်း ညစာသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် သြဂုတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

မိုး/ဇလ

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိက အခြေခံပညာကျောင်းများအတွက် ပညာရေးလုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

**မန္တလေး ဩဂုတ် ၁၀**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကိုယ်ပိုင်(သို့မဟုတ်) ပုဂ္ဂလိက အခြေခံပညာကျောင်းများအတွက် ပညာရေးလုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်က ၂၀၂၃ ခုနှစ် မေ ၁၂ ရက်တွင် ပုဂ္ဂလိက ပညာရေးဥပဒေကို ပြဋ္ဌာန်းခဲ့ကြောင်း၊ အမျိုးသား သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသောကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ ပညာရေး စီမံခန့်ခွဲမှု အခန်းကဏ္ဍသည်လည်း အရေးကြီးကြောင်း၊ ပုဂ္ဂလိကပညာရေးဥပဒေတွင် ပြဋ္ဌာန်းထားသော သတ်မှတ်ချက်များ၊ အမိန့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်သည့် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ပေါ်များစေရန်၊ အမှားနှင့်အမှန် ဝေဖန်ပိုင်းခြားနိုင်သော လူငယ်များ ဖြစ်စေရန်နှင့် အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ် တိုးတက်ဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးနှင့် အနည်းဆုံး KG+9 ပြီးဆုံးအောင် ပညာသင်ယူနိုင်ရေး၊ တန်းစဉ်လိုက် ကျောင်းအပ်လျော့နည်းမှုမရှိရေး၊ ကျောင်းဥပမိရုပ်ကောင်းမွန်ရေး၊ အရည်အသွေး ပြည့်ဝသည့် ဆရာ ဆရာမများဖြင့် ထိရောက်စွာ သင်ကြားရေးတို့ကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးပြီး သင်ထောက်ကူပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၁ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# တနင်္သာရီမြို့နယ်၌ မြစ်ရေကြီးမှုကြောင့် ပိတ်ထားသည့် ကျောင်း ၅၃ ကျောင်း ပြန်လည်ဖွင့်လှစ်

**တနင်္သာရီ ဩဂုတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ ဇူလိုင်လအတွင်း မိုးများသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် တနင်္သာရီမြစ်ရေကြီးမြင့်ခဲ့ရာ မြို့နယ်အတွင်း အခြေခံပညာကျောင်း ၅၃ ကျောင်းကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ရေဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် ယာယီပိတ်ထားခဲ့ရသည်။

**ပြန်လည်ဖွင့်လှစ်**

အဆိုပါမြစ်ရေသည် ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းမှစ၍ တဖြည်းဖြည်းပြန်လည်လျော့ကျခဲ့ရာ ဩဂုတ် ၅ ရက်တွင် ကျောင်း ၂၈ ကျောင်း၊ ဩဂုတ် ၆ ရက်တွင် ၁၇ ကျောင်း၊ ဩဂုတ် ၇ ရက်တွင် တစ်ကျောင်း၊ ဩဂုတ် ၈ ရက်တွင် သုံးကျောင်းနှင့် ဩဂုတ် ၉ ရက်တွင် လေးကျောင်း စုစုပေါင်း ၅၃ ကျောင်းစလုံးကို သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပြီး ပြန်လည်ဖွင့်လှစ်ကာ အေးချမ်းစွာသင်ကြားနေပြီဖြစ်သည်။

ထိုသို့ ကျောင်းအားလုံးပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်၍ ပုံမှန်ကျောင်းပိတ်ရက်များဖြစ်သည့် တနင်္ဂနွေနေ့နှင့် ဥပုသ်ရက်များကို အစားထိုး၍ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ခရမ်းမြို့၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ခရမ်း ဩဂုတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အထက-၁ စိန်ရတုအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ရဲက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်အေးသစ်က ဆုချီးမြှင့်ပွဲအခမ်းအနားပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားရာ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသားကျောင်းသူ ၃၂၁ ဦးရှိပြီး ဝင်ရောက်ဖြေဆိုရာ ၁၉၁ ဦး ဖြေဆိုအောင်မြင်ခဲ့ကြောင်း၊ ယင်းသို့ဖြေဆိုအောင်မြင်ရာတွင် လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်လေးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၆ ဦး စုစုပေါင်း ၂၃ ဦးတို့အား ဆုများချီးမြှင့်ခြင်းဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ရဲနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**တိုက်ကြီး ဩဂုတ် ၁၀**

ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ချီးမြှင့်ပေးအပ်သော ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား(ခရိုင်အဆင့်)မှ ကိုယ်စား ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(မြို့မ) ပညာရတနာခန်းမ၌ ကျင်းပသည်။



**အမှာစကားပြောကြား**

အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဒေါ်စန္ဒာဦးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အမြင့်ဆုံး ကျောင်းများနှင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၁၀ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၄၀ နှင့် တစ်ဘာသာဂုဏ်ထူးရှင် ၅၉ ဦး စုစုပေါင်း ၁၁၈ ဦးတို့အား ခရိုင်ပညာရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးထိုက်ဝင်း၊ မြို့နယ်ပညာရေးမှူး ဦးဌေးဌေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**မြင့်ဦး**



# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**ပန်းတနော် ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများ၊ ဂုဏ်ထူးသင် ဆရာ ဆရာမများနှင့် အောင်ချက်အကောင်းဆုံးကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက လူထုအခြေပြုဇဟိုဌာန ရွှေနော်သီရိခန်းမ၌ ကျင်းပသည်။

**ဆုများချီးမြှင့်**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး (တာဝန်ခံ) ဆရာကြီး ဦးခင်ဌေးက ပညာရေးဆိုင်ရာများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ပန်းတနော်မြို့နယ်အတွင်းရှိ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ဂုဏ်ထူးသင် ဆရာ ဆရာမများနှင့် အောင်ချက်အကောင်းဆုံးကျောင်းများအား တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများက ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

# ပညာအသိများဖြန့်ဝေပေးသည့် စာကြည့်တိုက်များ

## ဒေါက်တာသန့်စင် (ရူပဗေဒ)

ကျွန်တော်သည် ငယ်စဉ်ကပင် စာဖတ်ဝါသနာပါခဲ့ပါသည်။ ကျွန်တော့်ဖခင်မှာ နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်ပြီး လခထုတ်ရက်များတွင် ကျွန်တော်တို့မောင်နှမများအတွက် လစဉ်ထုတ် ကာတွန်းစာအုပ်များ၊ ဂျာနယ်များနှင့် အမေ့အတွက် ထိုအခါကနာမည်ကြီးသည့် စာရေးဆရာကြီး၊ ဆရာမကြီးများရေးသားသည့် ဝတ္ထုစာအုပ်များကို ဝယ်ပေးလေ့ရှိပါသည်။ အလယ်တန်းကျောင်းသား ဘဝမှစ၍ ပြန်ကြားရေးစာကြည့်တိုက်များသို့ သွားရောက်စာဖတ်သည့်အလေ့ စတင်ခဲ့ပါသည်။ ၁၉၇၃ ခုနှစ် မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်သို့ ပထမနှစ်စတင်တက်ရောက်စဉ် ပင်မဆောင် တောင်ဘက်ရှိ ရာဇာတ်ဟော(လ်)အမည်ရှိတက္ကသိုလ်စာကြည့်တိုက်တွင် စာကြည့်တိုက်ကတ်လုပ်ကာ စာအုပ်များကို စတင်ရှာဖွေဖတ်ရှုခဲ့ရာမှ တက္ကသိုလ်ဆရာဖြစ်သည်အထိ စာကြည့်တိုက်နှင့် ရင်းနှီးခဲ့ရပါသည်။ ဝန်ထမ်းဘဝ နိုင်ငံအသီးသီးသို့ သင်တန်းများ၊ အစည်းအဝေးများ တက်ရောက်ရန် သွားရောက်သည့်မြို့များတွင် စာကြည့်တိုက်ပြတိုက်များကို အားသည့်အချိန်များတွင် လေ့လာကြည့်ရှုခဲ့ပါသည်။

ယခုဆောင်းပါးတွင် စာကြည့်တိုက်ပညာရှင်နှင့် မြန်မာ့သမိုင်းပညာရှင် ဆရာကြီးတိုက်စိုး (၁၉၂၀ – ၂၀၀၃) ရေးသားခဲ့သည့် စာကြည့်တိုက်ဆောင်းပါးများမှ သင့်လျော်သည်တို့ကို ရေးသားဖော်ပြလိုက်ပါသည်။

ဆရာတိုက်စိုး၏ ကမ္ဘာ့စာကြည့်တိုက်များ ဆောင်းပါး (စာကြည့်တိုက်လုပ်ငန်း၊ စာပေဗိမာန်၊ ၁၉၇၁ )တွင် "မည်သည့်တိုးတက်သောနိုင်ငံတွင်မဆို စာကြည့်တိုက် အနည်းအများ ရှိစမြဲဖြစ်သည်။ ထိုစာကြည့်တိုက်များသည်လည်း လုပ်ငန်းတာဝန်ကိုလိုက်၍ လည်းကောင်း၊ အသုံးပြုသော လူတန်းစားကိုလိုက်၍ လည်းကောင်း အမျိုးအစားကွဲပြားလေသည်။ ထို့ကြောင့် အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ် စာကြည့်တိုက်၊ အထူးစာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက် ဟူ၍ရှိကြသည်။ အမျိုးသားစာကြည့်တိုက်သည် နိုင်ငံတစ်နိုင်ငံတွင် အကြီးအချုပ်စာကြည့်တိုက် ဖြစ်လေသည်။ ယေဘုယျအားဖြင့် နိုင်ငံကိုကိုယ်စားပြုသော နိုင်ငံ၏တစ်ခုတည်းသော စာကြည့်တိုက်ဟုဆိုရာသည်။ သို့သော် နိုင်ငံ၏ထူးခြားသော သမိုင်းကြောင်းကိုလိုက်၍ အချို့နိုင်ငံများတွင် တစ်ခုစီ၊ အချို့နိုင်ငံများတွင် နှစ်ခု သုံးခုစီ ရှိတတ်၏။

> ❛မည်သည့်တိုးတက်သောနိုင်ငံတွင်မဆို စာကြည့်တိုက် အနည်းအများ ရှိစမြဲဖြစ်သည်။ ထိုစာကြည့်တိုက်များသည်လည်း လုပ်ငန်းတာဝန်ကိုလိုက်၍ လည်းကောင်း၊ အသုံးပြုသောလူတန်းစားကိုလိုက်၍ လည်းကောင်း အမျိုးအစားကွဲပြားလေသည်။ ထို့ကြောင့် အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်တိုက်၊ အထူးစာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက် ဟူ၍ရှိကြသည်။ အမျိုးသားစာကြည့်တိုက်သည် နိုင်ငံတစ်နိုင်ငံတွင် အကြီးအချုပ်စာကြည့်တိုက် ဖြစ်လေသည်။ ယေဘုယျအားဖြင့် နိုင်ငံကို ကိုယ်စားပြုသော နိုင်ငံ၏တစ်ခုတည်းသော စာကြည့်တိုက်ဟုဆိုရာသည်။❜

**အမျိုးသားစာကြည့်တိုက်၏ ထူးခြားသော လက္ခဏာမှာ –**

(က) ထိုစာကြည့်တိုက်တွင် နိုင်ငံတွင်းထုတ် စာအုပ်စာတမ်းများ အစုံအလင်ဆုံးဖြစ်ခြင်း၊
(ခ) နိုင်ငံလုံးဆိုင်ရာ စာကြည့်တိုက်စနစ်တွင် ဦးစီးဦးဆောင်ဖြစ်ခြင်း၊
(ဂ) ပညာရှာဖွေရေးနှင့်စပ်၍ ပြည်သူလူထု တစ်ရပ်လုံး၏ မှီခိုလဲလျောင်းရာဖြစ်ခြင်း ပေတည်း။

ထိုမှတစ်ဖန် ဆိုရန်ရှိသည်ကား အမျိုးသားစာကြည့်တိုက်သည် သုတေသနစာကြည့်တိုက်ဖြစ်သည်လည်းမှန်၏။ အဓိပ္ပာယ်မှာ အမျိုးသားစာကြည့်တိုက်ကို သုံးသူများသည် ပညာအရည်အသွေးမြင့်သူများ၊ သုတေသီကြီးများ ဖြစ်လေ့ဖြစ်ထရှိသည်ဟူ၏။ သို့သော် သာမာန်အရပ်သားများကို အမျိုးသားစာကြည့်တိုက်သည် တံခါးပိတ်ထားသည် မဟုတ်ချေ။ ဤသို့အားဖြင့် အမျိုးသားစာကြည့်တိုက်သည် ပြည်သူလူထုအတွက် စာအရာ၌ အားကိုးအားထား ခံရထိုက်အောင် ပြည့်စုံသောဌာနလည်း ဖြစ်ပါပေသည်။" ဟု စုံစုံလင်လင် ရေးသားထားပြီး နိုင်ငံတကာ စာကြည့်တိုက်များအကြောင်းကိုလည်း ပြည့်ပြည့်စုံစုံ ရေးသားထားပါသည်။

> ❛ပြည်သူ့စာကြည့်တိုက်ဆိုသည်မှာ မည်သူမဆို အခလွတ်သုံးစွဲနိုင်သော စာကြည့်တိုက်မျိုးကို ခေါ်လေ့ရှိသည်။ ပြည်သူ့စာကြည့်တိုက်သည် ကျောင်းပညာရပ်ကို အလျှင်ဆက်ပေးလေသည်။ စာဖတ်သူ၏ စိတ်ဝင်စားမှုကို ကျယ်ပြန့်စေသည်။ လုပ်ငန်းဆောင်တာအတွက် ကူညီ၏။ စိတ်ကိုဖျော်ဖြေ၏။ စာကြည့်တိုက်ကို တနင်္ဂနွေအပါအဝင် နေ့စဉ်နံနက်မှ ညဦးပိုင်းအထိ ဖွင့်သည်။ ပြည်သူ့စာကြည့်တိုက်တစ်ခုတွင် ကလေးစာကြည့်စာငှားဌာန၊ စာနယ်ဇင်းဌာန၊ ရည်ညွှန်းဌာန၊ စာငှားဌာနဟူ၍ လေးဌာနခွဲထားသည်ကို တွေ့ရ❜

ပြည်သူ့စာကြည့်တိုက်နှင့် ပတ်သက်၍ ဆရာတိုက်စိုး၏ "ခေတ်သစ်စာကြည့်တိုက်များ" ဆောင်းပါးတွင် "ပြည်သူ့စာကြည့်တိုက်ဆိုသည်မှာ မည်သူမဆို အခလွတ်သုံးစွဲနိုင်သော စာကြည့်တိုက်မျိုးကို ခေါ်လေ့ရှိသည်။ ပြည်သူ့စာကြည့်တိုက်သည် ကျောင်းပညာရပ်ကို အလျှင်ဆက်ပေးလေသည်။ စာဖတ်သူ၏ စိတ်ဝင်စားမှုကို ကျယ်ပြန့်စေသည်။ လုပ်ငန်းဆောင်တာအတွက် ကူညီ၏။ စိတ်ကိုဖျော်ဖြေ၏။ စာကြည့်တိုက်ကို တနင်္ဂနွေအပါအဝင် နေ့စဉ်နံနက်မှ ညဦးပိုင်းအထိ ဖွင့်သည်။ ပြည်သူ့စာကြည့်တိုက်တစ်ခုတွင် ကလေးစာကြည့်စာငှားဌာန၊ စာနယ်ဇင်းဌာန၊ ရည်ညွှန်းဌာန၊ စာငှားဌာန ဟူ၍ လေးဌာနခွဲထားသည်ကို တွေ့ရသည်။ ကလေးစာကြည့်တိုက်ဌာနသို့ ကလေးသူငယ်များ အသွားအလာ အန္တရာယ်မရှိရလေအောင် ဆိုင်ရာတို့က စီမံထားလေသည်။ တစ်ဖန် စာကြည့်တိုက်အတွင်း၌ သီးသန့်စားပွဲ၊ ကုလားထိုင်၊ စာအုပ်စင်များ၊ စာလုံးကြီးကြီး အရုပ်များများနှင့် ရိုက်နှိပ်ထားသော စာအုပ်များထားရှိပေသည်။ ကစားစရာပစ္စည်းများလည်း အဖြည့်အစွက်သဘောမျိုး ရှိနေလေသည်။"

"စာကြည့်တိုက်ကောင်း ဆိုသည်မှာ ကမ္ဘာ့ပညာစုံစုရာ ရတနာသိုက်ဖြစ်ပါသည်။ ဘယ်လိုအကြောင်းအရာနှင့် စာပုရပိုက်မျိုးလိုသည်ဖြစ်စေ လွယ်လင့်တကူရနိုင်သည်။ သို့ကလို လွယ်လင့်တကူရှာရအောင် ပမာဆိုသော် အထွေထွေ၊ သဘာဝတ္တ၊ ဘာသာရေး၊ လူမှုဆက်ဆံရေး၊ ဝေါဟာရဗေဒ၊ သိပ္ပံပညာ၊ စက်မှုလက်မှု၊ အနုပညာ၊ စာပေသမိုင်း စသည်ဖြင့် အမျိုးတူစု၊ အမျိုးမတူ ခွဲထားပါသည်။ ဂျူဝီ၏ အမှတ်သင်္ကေတများကိုလည်း တပ်ထားပေးပါသည်။"

"တက္ကသိုလ်စာကြည့်တိုက်၏ လုပ်ငန်းတာဝန်သည် အမျိုးသားစာကြည့်တိုက်နှင့် တူသည်လည်းရှိ၏။ ကွဲသည်လည်း ရှိသည်။ တူသည့်အချက်မှာ အမျိုးသားစာကြည့်တိုက်ကဲ့သို့ စာအုပ်စာတမ်း ဦးရေတွင်လည်းကောင်း၊ ပညာရပ်အားဖြင့်လည်းကောင်း စုံလင်ခြင်းဖြစ်သည်။ ကွဲပြားသည့်အချက်မှာ တက္ကသိုလ်စာကြည့်တိုက်မည်သည် အရင်းခံအားဖြင့် ဆရာနှင့် ကျောင်းသားများ၏ လိုအင်ဆန္ဒကို ဖြည့်ရခြင်းဖြစ်သည်။ တစ်နည်းဆိုရသော် တက္ကသိုလ်စာကြည့်တိုက်သည် သုတေသနပြုရေးနှင့် စာသင်ကြားရေးကို ပြည့်စုံအောင် ထောက်ပံ့ရလေသည်။"

စာကြည့်တိုက်မှူးများအတွက် ဆရာတိုက်စိုး၏ "အင်္ဂလန်မှ စာကြည့်တိုက်တစ်ခု" ဆောင်းပါး (တာရာမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၄၉ )တွင် "စာကြည့်တိုက်မှူးသည် စာဖတ်သူများ၏ ဗဟုသုတကို ဖြည့်၏။ အပေါင်းအသင်းဆံ့သည်။ ပြည်သူတို့၏ အလေ့အထ၊ ဝါသနာဘာဂီကို အမြဲစိတ်ဝင်စားလျက် လိုအင်ဆန္ဒကို မဆိုင်းမတွ ဖြည့်စွမ်းပေးသည်။ ပြည်သူတို့ကလည်း သူတို့၏ တာဝန်ဝတ္တရားကို မမေ့မလျော့ကြပါ။ စာအုပ်တွေကို ဂရုတစိုက်ရှိခြင်း၊ စာကြည့်တိုက်အတွင်း ငြိမ်သက်မှုရှိခြင်း စသော စည်းမျဉ်းဥပဒေများကို လိုက်နာကြပါသည်။ သည်လိုတစ်ဦးကိုတစ်ဦး အကျိုးပြုသည့် အလေ့အထကို အခြားတိုင်းကြီးပြည်ကြီးသားများက မချီးမွမ်းဘဲ မနေနိုင်ပါ။ "

"မြန်မာနိုင်ငံစာကြည့်တိုက်ခရီး" ဆောင်းပါး (ပညာလောကစာစောင်၊ အောက်တိုဘာလ၊ ၁၉၇၂) တွင် "ယခုအခါ ပုဂံညောင်ဦးလမ်းဘေးတွင် ဓာပြတင်းပေါက်များဖြင့် သုံးဖက်သုံးတန် ကာရံ၍ ဘုံငါးဆင့်ရှိ အုတ်တိုက်တစ်တိုက်ကို ပုဂံခရီးသွားဧည့်သည်များ မြင်မိကြလိမ့်မည်။ ထိုအုတ်တိုက်ကို အနော်ရထာမင်းစော၏ ကုသိုလ်တော်ဟူ၍လည်းကောင်း၊ ပိဋကတ်တိုက်ဟူ၍ လည်းကောင်း သက်ကြီးဝါကြီးများက ဆိုထုံးပြုကြသည်။ ထို့ကြောင့် ထိုအုတ်တိုက်၌ပင် သထုံပြည်မှ အနော်ရထာမင်းစော ပင့်ဆောင်လာခဲ့သော ပိဋကတ်တော်များကို ထားလေသည်ဟူ၍ ယူဆဖွယ်ရာဖြစ်လေသည်။"

"တစ်ဖန် ကျုန်စစ်သားမင်းလက်ထက်၌ တူရင်းတောင်ခြေဝယ် ကန်တစ်ကန်ရှိခဲ့လေသည်။ ထိုကန်သည် ကြာမျိုးစုံဖြင့် တင့်တယ်လှပပေ၏။ မြကန်ဟူ၍လည်း နောင်တွင်အမည်တွင်ခဲ့သည်။ ထိုကန်၏ အနီးတွင်လည်း ကျောက်ဖြင့်ပြီးသော အဆောက်အအုံတစ်ခုရှိခဲ့လေသည်။ ထိုကျောက်တိုက်ကို နှောင်းလူများက စက္ကူတိုက်ဟု ခေါ်ကြသည်ဖြစ်ရာ ပိဋကတ်တိုက်ပင် ဖြစ်လေမည်လားဟု တွေးစရာဖြစ်ပြန်လေသည်။ " ဟု ရေးသားခဲ့ပါသည်။

ကျွန်တော့်၏ဇနီးသည် ဆရာတိုက်စိုး၏ သမီးအငယ်ဆုံး ဖြစ်ပါသည်။ ဆရာတိုက်စိုးနေသည့် အိမ်သို့ အလည်ရောက်တိုင်း စာအုပ်များနှင့် စာဖတ်နေလေ့ရှိပါသည်။ သူ့ထံမှ မှတ်သားစရာ ဗဟုသုတများ ကြားနာခဲ့ရပါသည်။ စာပေဖတ်သောပုဂ္ဂိုလ်နှင့် တွေ့ဆုံစကားပြောရခြင်းသည် စာအုပ်များစွာ ဖတ်နေရသကဲ့သို့ အသိပညာများ ရရှိခဲ့ပါသည်။

ယနေ့လူငယ်လူရွယ်များမှစ၍ နိုင်ငံသားတိုင်းကို စာပေပညာများဖတ်ရှုကြရန် နိုင်ငံတော်အကြီးအကဲက အစည်းအဝေးများ၊ တွေ့ဆုံပွဲများ၊ ပြပွဲပြိုင်ပွဲများတွင် တက်ရောက်ရာတွင် မှာကြားလေ့ရှိပါသည်။ ထို့အတူ စာကြည့်တိုက်များဖွင့်ခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲများကိုလည်း မြို့နယ်အနှံ့ ဆောင်ရွက်နေကြပါသည်။ စာပေပညာရပ်များကို လေ့လာခြင်းဖြင့် မိမိ၏အသိနှင့်သတိကို မြှင့်တင်ပေးပြီး ကြိုးစားကြရန် တိုက်တွန်းလိုက်ရပါသည်။ ။

## စစ်တောင်းမြစ်နှင့် သံလွင်မြစ် ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၁၀

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ နှစ်ပေခန့် (၅၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲခန့် (၄၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။ **မိုး/ဇလ**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ညောင်ရွှေမြို့နယ် မိုင်းသောက်ပထမစာသင်တိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



တောင်ကြီး ဩဂုတ် ၁၀

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီက ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာ မိုင်းသောက်ပထမစာသင်တိုက် ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမင်္ဂလာ ဘိဝံသအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေး ဆိုင်ရာများလျှောက်ထားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုင်းသောက်ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းသို့ သွားရောက်၍ နှစ်ကာလရှည်အသုံးပြု လျက်ရှိသည့် တစ်ထပ်ပျဉ်ထောင်စာသင်ဆောင် ဟောင်းကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ သည် ချောင်းစောက်ကျေးရွာရှိ ညောင်ရွှေသက်မွေး ပညာသင်တန်းကျောင်းသို့သွားရောက်ပြီး ကျောင်း အစည်းအဝေးခန်းမ၌ တာဝန်ခံကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများအားတွေ့ဆုံရာ၌ ကျောင်းအုပ်ဆရာ ကြီးနှင့် တာဝန်ရှိသူများက သင်တန်းကျောင်း၊ သင်တန်း သားများ၊ ဖွင့်လှစ်ပို့ချလျက်ရှိသည့် သင်တန်း အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် သင်တန်း ကျောင်းရှိ စာသင်ဆောင်များ၊ လက်တွေ့သင်ကြား ပို့ချသည့် သင်တန်းဆောင်များနှင့် ဝန်ထမ်းအိမ်ရာ များကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်း ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ သည် ညောင်ရွှေမြို့ စိုက်ပျိုးကျေးရွာရှိ ထပ်အိမ်ဂူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ရောက်ရှိပြီး ထပ်အိမ်ဂူဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ် လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထား သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါကျောင်းရှိ ကျောင်းသား ကျောင်းသူများ နေ့လယ်စာသုံးဆောင်နေမှုကို ကြည့်ရှုပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှု၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရ သည်။

ပြည်နယ်(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁၀

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ပိုင်းတွင် ပဲခူးတပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန် ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တိုင်းမှူးတို့က ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ အား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ကလောမြို့နယ်၌ စက်ချုပ်သင်တန်းဖွင့်လှစ်



ကလော ဩဂုတ် ၁၀

ရှမ်းပြည်နယ် အသေးစားစက်မှု လက်မှု လုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက် နေ မိသားစု ဝင်ငွေတိုးရေးစီမံကိန်း စက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်း အနားကို ယနေ့နံနက် ၁၀ နာရီက ကလောမြို့နယ် သီခေါင်ကျေးရွာ အုပ်စု ပေါပဲကျေးရွာအုပ်ချုပ် ရေးမှူးရုံး၌ ကျင်းပသည်။

**ပြောကြား**

သင်တန်းဖွင့်ပွဲတွင် ရှမ်း ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးနေဝင်းအောင်က ယခု ဖွင့်လှစ်သည့် စက်ချုပ်နည်းပညာ သင်တန်းသည် အသေးစားစက်မှု လက်မှုလုပ်ငန်းများ ပေါ်ထွက်လာ ရေးအတွက် သင်ကြားပေးခြင်း ဖြစ်ကြောင်း၊ သင်တန်းသား များအနေဖြင့် သင်တန်းတွင် သင်ကြားပို့ချမှုများကို လက်တွေ့ နယ်ပယ်တွင် အမှန်တကယ်အသုံး ချနိုင်သည်အထိ သင်ယူလေ့လာ ကြရန်၊ တတ်မြောက်သည့် ပညာရပ်နှင့် လုပ်ငန်းထူထောင် ကြရန်၊ နိုင်ငံတော်ကထားသော စေတနာများအပေါ် လုပ်ငန်း အောင်မြင်အောင် အကောင် အထည်ဖော်ခြင်းဖြင့် ကျေးဇူးဆပ် ကြစေလိုကြောင်း ပြောကြား သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီး နှင့် တာဝန်ရှိသူများက သင်တန်း သားများအား သင်ထောက်ကူ ပစ္စည်းများပေးအပ်ပြီး ပြည်နယ် ဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့အုပ်ချုပ် ရေးမှူးနှင့်အဖွဲ့ဝင်များ၊ သင်တန်း သားများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အပ်ချုပ်စက်သင်တန်း တွင် အခြေခံစက်ချုပ်ဘာသာရပ် ကို ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၈ ရက်ထိ ရက်ပေါင်း ၃၀ နှင့် အဆင့် မြင့်စက်ချုပ်ဘာသာရပ်ကိုစက်တင် ဘာ ၁၆ ရက်မှ ၃၀ ထိ ၁၅ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်ကြား ရေးအစီအစဉ်တွင် စာတွေ့ ၃၀ ရာခိုင် နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပို့ချပေးသွားမည်ဖြစ် သည်။

သင်တန်းသို့ ကလောမြို့နယ် သီခေါင် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၁၀ ဦးတက်ရောက်ကြောင်း သိရ သည်။

မြို့နယ်(ပြန်/ဆက်)

# ကလေးဝမြို့၌ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနည်း ကွင်းသရုပ်ပြပွဲကျင်းပ

ကလေးဝ ဩဂုတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် မျိုးစေ့ချကိရိယာ ဖြင့် စိုက်ပျိုးနည်းကွင်းသရုပ်ပြပွဲကို တုန်နန်းကျေးရွာ တောင်သူ ဦးမြတ်ဝင်းပိုင် လယ်မြေ၌ ယနေ့ နံနက် ၈ နာရီခွဲက ကျင်းပသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးနိုင်က ကွင်းသရုပ်ပြပွဲ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် မျိုးစေ့ချကိရိယာကို အသုံးပြုခြင်း၏အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးနည်းကို လက်တွေ့ပြသရာ ဒေသခံတောင်သူ၂၃ ဦးနှင့် ဝန်ထမ်း ၁၂ ဦးတို့ လာရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု ကြည့်ရှုအားပေး

လွိုင်ကော် ဩဂုတ် ၁၀

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက သီရိမင်္ဂလာဈေးအသစ် တည်ဆောက်ရေးလုပ်ငန်းများ၊ ပြည်နယ်ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း သာသနိကအဆောက်အအုံပြုပြင်နေမှုများ၊ ရွှေတောင်ပရိယတ္တိစာသင်တိုက်နှင့် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများ၊ လွိုင်ကော်- လောပိတ လမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာ သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုများနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ရေနီကန်ကျေးရွာနှင့် သတ္တပလူကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သီရိမင်္ဂလာဈေးအသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်၍ အုတ်မြစ်ချလုပ်ငန်း၊ သံထည်လုပ်ငန်းနှင့် တိုင်ထူပြီး ဒိုင်း၊ မြားတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့် ဆောင်ရွက်မှုကြောင့် ပျက်စီးခဲ့သည့် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းမှ ပြည်နယ်သံဃနာယကရုံးအဖွဲ့အဆောက်အအုံ၊ အောင်မြင်ဓမ္မာရုံနှင့် စာသင်ဆောင်များ၊ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိမှု အခြေအနေတို့အား လိုက်လံကြည့်ရှုသည်။

ထို့နောက် ရွှေတောင်ပရိယတ္တိစာသင်တိုက်နှင့် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ဥပမိရုပ်ကောင်းမွန်စေရေးနှင့် သန့်ရှင်းသာယာလှပမှုရှိစေရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးကုသိုလ်ပြုဆောင်ရွက်ပေးနေမှုများ၊ ရွှေတောင်ပရိယတ္တိစာသင်တိုက်အတွင်း အကြမ်းဖက်သောင်းကျန်းသူများလုပ်ရပ်ကြောင့် ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ၊ လွိုင်ကော်-လောပိတ လမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာ သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရေနီကန်ကျေးရွာ၌၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အစိုးရအဖွဲ့၏ရန်ပုံငွေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရေနီကန်ကျေးရွာနှင့် သတ္တပလူကျေးရွာချင်းဆက်ကျောက်ချောလမ်း ခင်းကျင်းထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မြန်မာ့သိုင်း အခြေခံသင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)တွင် ပညာသင်ယူနေကြသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တတိယနှစ် (ဒုတိယနှစ်ဝက်) ကျောင်းသား ကျောင်းသူများ၏ မြန်မာ့သိုင်း အခြေခံသင်တန်းအမှတ်စဉ် (၃) သင်တန်းကို ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၉ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)မှ ကျောင်းအုပ်ကြီးဦးထိန်လင်းက အမှာစကားပြောကြားသည်။ အခမ်းအနားသို့ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စည်သူမောင်မောင်(ပြန်/ဆက်)



# တောင်ကြီးမြို့ သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

တောင်ကြီး ဩဂုတ် ၁၀

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် မြို့သန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၇ နာရီခွဲက တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အေးသာယာစက်မှုဇုန် အထက်တန်းကျောင်းတို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

## ဆယ်ယူရှင်းလင်း



ထိုသို့ ဆောင်ရွက်ရာတွင် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ကျောင်းသားမိဘများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကျောင်းတွင်း၊ ကျောင်းပြင် သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်စေရေး၊ လေကောင်းလေသန့် ရရှိရေးအတွက် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

အလားတူ ရှမ်းပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၊ ဆေးရုံများ၊ ကျောင်းများတွင်လည်း ပတ်ဝန်းကျင် သန့်ရှင်းသာယာစေရေး၊ ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင် ဖြစ်စေရေး၊ သွေးလွန်တုပ်ကွေး ရောဂါကြိုတင်ကာကွယ်ရေး၊ လေကောင်းလေသန့်ရရှိရေးတို့အတွက် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ အတွင်းရှိ အမှိုက်များ ဆယ်ယူရှင်းလင်းခြင်းတို့ကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ကျောင်းသားမိဘများနှင့် ဒေသခံပြည်သူများအားလုံး ဝိုင်းဝန်းစုပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၁၀

ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

# ၂၀၂၄ ခုနှစ် ဩဂုတ်လ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇ ရက်မှ ၁၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် သုံးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် သုံးပေမှ လေးပေခန့်၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ **မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# ပြင်သစ်သမ္မတ မက်ခရွန် ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး တောင်းဆို



ပါရီ ဩဂုတ် ၁၀

ပြင်သစ်သမ္မတ မက်ခရွန်သည် ဓားစာခံများအားလုံး လွတ်မြောက်ရေး အပါအဝင် ဂါဇာဒေသခံများအား အကာအကွယ်ပေးရန်နှင့် ကြီးမားသော လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရန် ရည်ရွယ်၍ ဂါဇာဒေသတွင် အပစ်အခတ် ရပ်စဲရေးအတွက် ပြင်သစ်၏ ထောက်ခံမှုကို ထပ်မံအတည်ပြုခဲ့ကြောင်းနှင့် ဂါဇာကမ်းမြောင်ဒေသတွင် အပစ်အခတ်ရပ်စဲရေး တောင်းဆိုပါကြောင်း ဩဂုတ် ၉ ရက်က ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံ သမ္မတ မက်ခရွန်သည် ဩဂုတ် ၈ ရက်နှင့် ၉ ရက်တို့တွင် အီဂျစ်နိုင်ငံနှင့် ကာတာနိုင်ငံတို့မှ ခေါင်းဆောင်များနှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောဆိုမှုအတွင်း အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

**ယုံကြည်စိတ်ချ**

အဆိုပါဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမှုအတွင်း မက်ခရွန်နှင့် အာရပ်ခေါင်းဆောင်နှစ်ဦးတို့သည် ဂါဇာဒေသ အကျပ်အတည်းအတွက် ရေရှည်တည်တံ့ပြီး ယုံကြည်စိတ်ချရသော အဖြေတစ်ခုဆီသို့ ဆက်လက်လုပ်ဆောင်သွားရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

အာရပ်အဖွဲ့ချုပ်၊ အစ္စလာမ့်စစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ပြန်လည်ထူထောင်မည့် နိုင်ငံရေးမူဘောင်တစ်ခု သတ်မှတ်ရန် ပြင်သစ်သမ္မတ မက်ခရွန်က ပြင်သစ်နိုင်ငံ၏ကတိကဝတ်ကို ထပ်လောင်းပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



# ဘရာဇီးနိုင်ငံ၌ ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျ၊ ၆၁ ဦးသေဆုံး

ဆော်ပေါ်လို ဩဂုတ် ၁၀

ဘရာဇီးနိုင်ငံ၌ ခရီးသည်တင်လေယာဉ်တစ်စင်း ယနေ့ ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါစီးနင်းသူ ၆၁ ဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက အတည်ပြုပြောကြားသည်။

အဆိုပါလေယာဉ်သည် ဩဂုတ် ၁၀ ရက် ဒေသစံတော်ချိန်မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ဆော်ပေါ်လိုမြို့တော်နှင့် ၈၀ ကီလိုမီတာအကွာရှိ လူနေရပ်ကွက်တစ်ခုအတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

ခရီးသည် ၅၇ ဦးနှင့် လေယာဉ်အမှုထမ်း လေးဦး တင်ဆောင်လာသည့် ATR-72 ပန်ကာနှစ်လုံးပါ လေယာဉ်ဖြစ်ကြောင်းလည်း VoePass လေကြောင်းလိုင်းမှ တာဝန်ရှိသူများက ပြောသည်။

လူနေအိမ်များအနီး၌ လေယာဉ်ပျက်ကျသည့် အပျက်အစီးများ ပြန့်ကျဲနေသည်ကို အခင်းဖြစ်ပွားပြီးနောက် ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်တွင် တွေ့မြင်နိုင်သည်။

လေယာဉ်သည် ပါရာနာပြည်နယ်မှ ဆော်ပေါ်လိုမြို့တော်ရှိ ဂွါရူဟိုစ်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဦးတည်ပျံသန်းစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လေယာဉ်ပျက်ကျမှုတွင် သေဆုံးသွားသူများအတွက် ဝမ်းနည်းပါကြောင်း သမ္မတ လူလာဒါ ဆေးဗားက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



# ရေဘေးဒုက္ခသည် ၁၅၀၀၀ ကို မြို့တော်ပြုံယမ်းသို့ ပို့ဆောင်ပေးမည်ဟု ခေါင်းဆောင်ကင်ဂျုံအန်ပြောကြား

ပြုံယမ်း ဩဂုတ် ၁၀

မြောက်ကိုရီးယားနိုင်ငံ၌ မကြာသေးမီက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးဒုက္ခသည် ၁၅၀၀၀ ကို မြို့တော်ပြုံယမ်းသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ယနေ့ ပြောကြားသည်။

အာဏာရအလုပ်သမားပါတီသတင်းစာ Rodong Sinmun က ကင်ဂျုံအန်သည် နိုင်ငံ၏အနောက်မြောက်ပိုင်းရှိ North Phyongan ပြည်နယ်သို့ ဩဂုတ် ၈ ရက်တွင် သွားရောက်ခဲ့ကြောင်း သတင်းဖော်ပြသည်။ အဆိုပါ ဒေသ၌ ဇူလိုင်လနှောင်းပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။

အကျပ်အတည်းကြုံတွေ့နေရသည့် ရေဘေးဒုက္ခသည်များအတွက် စာနာမိပါကြောင်း ခေါင်းဆောင်ကင်က ပြောကြားသည်။ ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်မှုများကို အရှိန်မြှင့်လုပ်ဆောင်ရန်အတွက် တပ်ဖွဲ့ဝင် ၁၃၀၀၀၀ နှင့် အခြားကယ်ဆယ်ရေးလုပ်သားများကို ရေဘေးသင့်ဒေသများသို့ စေလွှတ်မည်ဖြစ်ကြောင်း ကင်ဂျုံအန်က ပြောကြားသည်။

နေအိမ်ဆောက်လုပ်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်း ပြီးဆုံးပြီးနောက် ရေဘေးသင့်သူများ၏ဘဝ တည်ငြိမ်စေရန်အတွက် အနည်းဆုံး နှစ်လမှ သုံးလအထိ အချိန်ယူရမည်ဟု ခေါင်းဆောင်ကင်က ခန့်မှန်းပြောကြားသည်။

ထို့ပြင် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအပါအဝင် လူပေါင်း ၁၅၀၀၀ ကျော်ကို ပြုံယမ်းသို့ ရွှေ့ပြောင်းပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပြုံယမ်းကို အကူအညီပေးသည့် နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများကို ကျေးဇူးတင်ကြောင်း ကင်ဂျုံအန်က ပြောကြားသည်။

သို့သော် မြောက်ကိုရီးယားသည် ၎င်း၏ကိုယ်ပိုင်စွမ်းပကားနှင့် ကြိုးစားအားထုတ်မှုဖြင့် အခက်အခဲများကို ကျော်လွှားသွားမည်ဖြစ်ကြောင်းလည်း ခေါင်းဆောင်ကင်က ဆက်လက်ပြောသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် -အောင်ကျော်ကျော်

# ဂါဇာကမ်းမြောင်ဒေသရှိ စာသင်ကျောင်းတစ်ခုကို အစ္စရေးတပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ လူပေါင်း ၁၀၀ ကျော် သေဆုံး

ဂျေရုဆလင် ဩဂုတ် ၁၀

ဂါဇာကမ်းမြောင်ဒေသရှိ ရွှေ့ပြောင်းဒုက္ခသည်များ ခိုလှုံရာ စာသင်ကျောင်းတစ်ခုကို အစ္စရေးတပ်ဖွဲ့ဝင်များက လေကြောင်းမှ ယနေ့ တိုက်ခိုက်ခဲ့ရာ လူပေါင်း ၁၀၀ ကျော်သေဆုံးခဲ့ကြောင်း ဂါဇာကမ်းမြောင်ဒေသမှ တာဝန်ရှိသူများက ပြောကြားသည်။

ဩဂုတ် ၁၀ ရက် နံနက်အစောပိုင်းတွင် ဂါဇာမြောက်ပိုင်းရှိ အဆိုပါစာသင်ကျောင်း၌ ပြည်သူများ ဝတ်ပြုဆုတောင်းနေစဉ် လေကြောင်းမှ စီးနင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

စာသင်ကျောင်းအတွင်း ဟားမတ်စ်အဖွဲ့၏ အခြေစိုက်စခန်းတစ်ခုကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားသည်။

တိုက်ခိုက်ရေးဆင်နွှဲမှုများ မပြုလုပ်မီ အစ္စရေးတပ်ဖွဲ့ဝင်များသည် အရပ်သားများ ထိခိုက်မှု အန္တရာယ်လျော့ပါးစေရန် ဘေးကင်းရာသို့ပြောင်းရွှေ့နေထိုင်ကြရန် တိုက်တွန်းမှုများ လုပ်ဆောင်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့ဝင်များက ဆိုသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ကမ္ဘောဒီးယား၏ ကုန်သွယ်မှုတန်ဖိုး ယခုနှစ် ပထမခုနစ်လအတွင်း အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံကျော်ရှိ

ဖနောင်ပင် ဩဂုတ် ၁၀

ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၄ ခုနှစ် ပထမခုနစ်လတွင် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၁၈ ဘီလီယံ ရှိခဲ့ပြီး ယမန်နှစ် အလားတူကာလက အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၁ ဘီလီယံသာ ရှိခဲ့ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၁၅ ရာခိုင်နှုန်း တိုးလာကြောင်း ဩဂုတ် ၁၀ ရက်တွင် ထုတ်ပြန်သည့် တရားဝင်အစီရင်ခံစာ၌ ဖော်ပြထားသည်။

ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ကမ္ဘောဒီးယားနိုင်ငံ၏ စုစုပေါင်းပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၇၆ ဘီလီယံ ရှိပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၄ ရာခိုင်နှုန်း မြင့်တက်လာကာ စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ ကန်ဒေါ်လာ ၁၆ ဒသမ ၄၂ ဘီလီယံရှိခြင်းကြောင့် ၁၆ ရာခိုင်နှုန်း တိုးလာကြောင်း ကမ္ဘောဒီးယားနိုင်ငံ အကောက်ခွန်ဦးစီးဌာနက ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိကာလအတွင်း တရုတ်နိုင်ငံသည် ကမ္ဘောဒီးယား၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေပြီး ၎င်းနောက်တွင် အမေရိကန်၊ ဗီယက်နမ်၊ ထိုင်းနှင့် ဂျပန်တို့က ရပ်တည်လျက်ရှိကာ ကမ္ဘောဒီးယား-တရုတ် ကုန်သွယ်မှုပမာဏသည် ဒေါ်လာ ၈ ဒသမ ၇၂ ဘီလီယံအထိ မြင့်တက်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်နှင့် ကမ္ဘောဒီးယား-တရုတ် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်တို့သည် ကုန်သွယ်မှု တိုးတက်မှုအတွက် မောင်းနှင်အားဖြစ်ကြောင်းလည်း ကမ္ဘောဒီးယားစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချိက ပြောကြားခဲ့သည်။

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ပြီး ၎င်းတို့၏ ကုန်သွယ်ဖက်ငါးနိုင်ငံမှာ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်တို့ ဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# ဒိုက်ဦးဗဟိုအကျဉ်းထောင်တွင် လောက်ကိုင်ဒကစမျိုးဟောင်း ထောင်တွင်း၌ သေကြောင်းကြံစည်ကြောင်း Irrawaddy သတင်းဌာနက မဟုတ်မမှန် ရေးသားဖော်ပြ

နေပြည်တော် ဩဂုတ် ၁၀

The Irrawaddy–Burmese Edition အမည်ရှိ Facebook Page တွင် ဩဂုတ် ၅ ရက်က "လောက်ကိုင် ဒကစမျိုးဟောင်း ထောင်တွင်း၌ သေကြောင်းကြံစည်" ခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းမှား မဟုတ်မမှန် ရေးသားဖော်ပြခဲ့ကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အကျဉ်းထောင် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အကျဉ်းသားသည် အကျဉ်းထောင်ရောက်သည့်နေ့မှစ၍ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး အကျဉ်းသားအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းအတိုင်းသာ ထားရှိကြောင်း၊ ၎င်းထားရှိသည့် တိုက်ခန်းအတွင်း၌ တားမြစ်ပိတ်ပင်ပစ္စည်းများမရှိစေရေး နေ့စဉ်ထောင်ဖွင့်၊ ထောင်ပိတ် ရှာဖွေရေးများ ပြုလုပ်လျက်ရှိပြီး အကျဉ်းသားသည် စိတ်ဓာတ်ကျဆင်းသည့် နေထိုင်မှုပုံစံမရှိဘဲ ကျန်းမာစွာနေထိုင်လျက်ရှိကာ မိမိကိုယ်ကိုသတ်သေရန် ကြံစည်မှုမျိုးလည်းမရှိကြောင်း သိရသည်။

ထို့ကြောင့် Irrawaddy အမည်ခံ Facebook Page က ဖော်ပြမှုသည် ပြည်သူအများ အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်သည်။

ကိုဖြိုး

# တရားမဝင် သစ်မျိုးစုံ၊ ဓာတုပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာကျေးရွာအုပ်စု ယာယီယာဉ်စစ်ဆေးရေးကွင်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Yellow Dye Liquid စာတန်းပါ ဓာတုဆေးရည်ဟု ယူဆရသော နီညိုရောင်အရည် ကီလိုဂရမ် ၁၃၂၀၀၊ De–Inking Agent စာတန်းပါ ဓာတုဆေးရည်ဟု ယူဆရသော အဖြူရောင်အရည် ကီလိုဂရမ် ၂၃၀၀၊ ကုန်ပစ္စည်းတင်ပေ ၄၀ ကွန်တိန်နာ တစ်လုံး၊ စားသောက်ကုန်ကြမ်းပစ္စည်း Jele Beautie ၈၀၆ ထုပ်၊ Essence အဝတ်လျှော် ဆပ်ပြာအဆီ အထုပ် ၃၀၊ Polyethylene Oxide အထုပ် ၂၄၀ အပါအဝင် ကုန်ပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၆၅၈၈၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၁၅၈၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စဉ့်ကိုင်မြို့ မြို့အဝင်တိုးဂိတ်အနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အင်ဒိုနီးရှားနိုင်ငံထုတ် CHO CHO ချောကလက်အနှစ် ဘူး ၄၈၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၆၂၄၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Light Truck တစ်စီး၊ Mitsubishi Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မိုင်းလားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Galvanized Iron Sheet ကီလိုဂရမ် ၁၅၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၆၇၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၈ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ် နောင်ဖာဂိတ်အနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် TV Spare Parts အခု ၅၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၈ ရက်တွင် ဒိုက်ဦးမြို့ မြို့အဝင်ဂိတ်၌ လှိုင်းဘွဲ့မြို့မှ ကျောက်တံခါးမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် မလေးရှားနိုင်ငံထုတ် ပုဇွန်တစ်ကောင် စားအုန်းဆီ ၁၈ လီတာပါ ပုံး ၁၅၀ အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၄၄၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Mahar New MPV ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)နှင့် ညောင်ခါးရှည် X–Ray စက် စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Lipovitan–D အားဖြည့်အချိုရည် ပုလင်း ၂၀၀၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဩဂုတ် ၉ ရက်တွင် ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၄၆၁ တန်နှင့် အခြားသစ်သုည ဒသမ ၇၄၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၁၉၆၆)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၁၆၅၉၆၆ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် မော်လိုက်မြို့ မြို့မ(၁)ရပ်ကွက်တို့၌ တရားဝင်သယ်ဆောင်ခွင့် အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Tiger ဘီယာပုလင်း ၃၂၄ လုံး၊ ABC ဘီယာပုလင်း ၇၅၆ လုံး၊ သံပရာတံဆိပ်ပါ အရက် ၉၂၆ ပုလင်း အပါအဝင်ကုန်ပစ္စည်း ကိုးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၄၂၄၈၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ယစ်မျိုးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၄၃၅၂၇၆၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအားဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၈-၂၀၂၄ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တာသုတ်၊ ရတနသုတ်၊ ခေမာ့ချုဂ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၅ သဘာဝဂေဟရတနာ (ဒါကာဘိုရာဇီ အမျိုးသားဥယျာဉ်)
- ၀၉:၂၀ ကာတွန်းအစီအစဉ် **'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း'** (အပိုင်း–၂)
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၃၀ 'မိုးစက်များ' တေးဂီတပျော်ပွဲထုတ်လွှင့်မှု အစီအစဉ်
- ၁၁:၄၀ အသိပညာနှင့်အမှန်တရား
- ၁၂:၃၅ This Week's Special Interest
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဂန္တဝင်ရုပ်ရှင် **'ပြုံးပျာလေလားမိုးရဲ့'**
- ၁၆:၅၀ Sports Diary
- ၁၇:၀၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၃၀ အိုလံပစ်အားကစားပြိုင်ပွဲ(Highlight)(17)
- ၁၇:၄၀ အိုလံပစ်အားကစားပြိုင်ပွဲအစီအစဉ်(၁၇)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ဘယ်သူမှန်လဲ အပြိုင်ကြဲ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး'** (အပိုင်း–၂၈)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၂၀ ကြွေလည်းဝေမြဲတမ်းတဆဲ "မေ့မရနိုင်တဲ့ ခရီးဖော်" (ချိုဝေလွင်)(အပိုင်း–၂)
- ၂၁:၄၀ ဆေးရောင်စုံရုပ်ရှင် **'ကိုယ့်အထာနဲ့ကိုယ်'**

### mitv

- 07:01 Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint)
- 07:09 THE WUSHU ATHLETE
- 07:19 Sri Ksetra, Field of Fortune & Glory (Part-3)
- 07:40 The Man and The Elephant (Part-I)
- 08:01 News
- 08:27 Myanmar Big Circular Tray
- 08:44 Pwe Kauk Waterfall Resort (BE. FALLS)
- 08:54 People's Military Service Law 4
- 09:01 The Yangon Zoo & The Adorable Lady Elephant "Mo Mo"
- 09:25 Today Myanmar: Prestige Nobler than Life
- 09:39 Changes in Myanmar's Printing Industry
- 10:01 News

### MRTV NRC

- **ဝ (၀၆:၀၀ မှ ၀၈:၀၀)** မြန်မာ့မြေမှုစိုက်ပျိုးစီးပွားလုပ်ငန်းဘဝများ (ကြံစိုက်ပျိုးရေးနှင့်ပဲသီးတင်ပို့ရောင်းချမှု)
- **ကချင် (၀၈:၀၀ မှ ၁၀:၀၀)** တို့ဓလေ့တို့သဘာဝ
- **ကယား (၁၀:၀၀ မှ ၁၂:၀၀)** ကယားဒေသမှာအင်ဥရှာထွက်မယ်
- **ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)** သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း–၁၄)
- **အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)** ကရင်ရိုးရာစောင်းတူရိယာ
- **အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)** ရာသီပန်းကလေးပွင့်လန်းလို့မွှေး
- **ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)** ဆီးချို၊ သွေးချိုရောဂါအကြောင်းသိကောင်းစရာ
- **ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)** မင်းတပ်မြို့ကိုအလှဆင်တဲ့တောင်တန်းပေါ်က ပန်းအလှများ
- **မွန် (၁၇:၀၀ မှ ၁၉:၀၀)** တည်ငင်းသီး၏ကောင်းကျိုးဆိုးကျိုး
- **ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)** ပွိုင့်ကမ်းခြေသို့အလည်သွားကြမယ်
- **ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)** ငါးပေါင်းအစားအစာ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၁၅ စွမ်းဆောင်ရှာဖွေရေးဟောင်းအငွေ့
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၄၅ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ကိုရီးယားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအမြာမြာဇာတ်လမ်းတို **'ကာကွယ်ခုခံပိုင်ခွင့်ရှိသောအပိုင်းအခြား'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (စင်ကာပူနိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း–၁)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း–၅၁)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ မြန်မာလူမျိုးတို့ရဲ့ မပါမဖြစ်အစားအစာ နေပြည်တော်ရဲ့ရွှေဥဒေါင်းပဲကြော်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ ကျားလန့်မပိုးတာတေတိုး(ဇာတ်လမ်း)
- ၂၁:၀၀ Back to eden Gardening Documentary Film
- ၂၃:၄၅ Small Farm Rising Family Farm Chores

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Diary
- ၀၇:၂၀ PARIS OLYMPIC GAMES SPECIAL
- ၁၁:၀၀ အားကစားသတင်း
- ၁၅:၄၅ မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု Yadanarbon FC Vs Yangon United FC

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ ထမင်းစားချိန် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# တစ်စေ့မှ တစ်ပင်၊ တစ်ပင်မှ တစ်စုဖြစ်ဖို့ စိုက်ကြပါစို့ သစ်ပင်များ

နွေကုံကော်(မြို့လှ)



မိုးသည် မုန့်တိုင်းနှင့်အတူ အားကောင်းနေ၏။ မိုးနှင့်အတူ နှုတ်ဖျားတွင် ရွတ်ဆိုမိသည်ကား

**"သစ်တောနဲ့သစ်ပင်**
**ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက်**
**ရွှေတိုက်ကိုစိုး။"**

ဟူသည့် စာချိုးလေးပင်။ ထိုစာချိုးလေးအား မြန်မာနိုင်ငံတစ်ဝန်းကားလမ်း၊ ရထားလမ်းဘေးရှိ တစ်အုပ်တစ်မ စိုက်ခင်းများနှင့် သဘာဝသစ်တောဧရိယာများတွင် ဆိုင်းဘုတ်များအဖြစ် စိုက်ထူထားသည်ကို လွန်ခဲ့သောနှစ်များစွာမှသည် ယနေ့ထက်တိုင် တွေ့မြင်နေရဆဲဖြစ်သည်။

### ရွှေတိုက်ကြီးရရှိသည်နှင့် ပမာပြုခဲ့ခြင်းဖြစ်

သစ်တောကြီးများစွာကိုမဆိုနှင့်။ မိမိတို့အိမ်ခြံမြေအတွင်း စိုက်ထားသော အုန်းပင်၊ သရက်၊ ပိန္နဲ၊ မာလကာ၊ ဒန့်သလွန် အစရှိသော နှစ်ရှည်ပင်များကြောင့် မိသားစုများ ရာသီစာစားရသလို မီးဖိုချောင်စရိတ်လေးများပါ ဖာထေးခွင့်ရရှိစေသည်။ အိမ်ခြံမြေအတွင်း အရိပ်အာဝါသကို ပေးစွမ်းရုံသာမက တစ်ဖက်တစ်လမ်းကပါ အပိုဝင်ငွေအတွက် အထောက်အကူပြုနေသော အပင်များဖြစ်ပါ၏။ အိမ်တစ်အိမ်မှသည် ရွာတစ်ရွာလုံး စိုက်ကြပျိုးကြမည်၊ ရွာတစ်ရွာမှ မြို့တစ်မြို့၊ ထိုမှနောက်ဆုံး တစ်တိုင်းပြည်လုံး သစ်တောသစ်ပင်များကို တက်ညီလက်ညီ စိုက်ပျိုးကြမည်ဆိုပါလျှင် စားရေရိက္ခာအတွက် ပူပင်ရမည်မဟုတ်ပါချေ။ ထို့ကြောင့် သစ်တောသစ်ပင်များ ပိုင်ဆိုင်မှုအပေါ် ရွှေတိုက်ကြီးရရှိသည်နှင့်ပမာပြုခဲ့ခြင်း ဖြစ်ပေသည်။

နွေမိုးဆောင်း ဥတုသုံးလီကို ညီညွတ်မျှတစွာပိုင်ဆိုင်ပြီး ရာသီမပြတ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်သော၊ ထွန်ယက်စိုက်ပျိုးရန် မြေဆီမြေလွှာကောင်းမွန်သော၊ ကမ္ဘာ့ပထဝီအနေအထားအရ ပင်လယ်ကမ်းရိုးတန်းများပိုင်ဆိုင်မှုနှင့် အချက်အချာကျသော အမိမြန်မာနိုင်ငံတွင် မြန်မာနိုင်ငံသားဖြစ်ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းသာမိသည်။ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းအပြင် သက်ဆိုင်ရာတိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် မြစ်ချောင်းအင်းအိုင်များရှိကြသည်မို့ ရေအတွက်ပူစရာမလိုပေ။ နွေရာသီ ရေရှားပါးသည်ဆိုသော်လည်း အခြားသော ရေရှားပါးသည့်နိုင်ငံများထက်စာလျှင် များစွာသာလွန်နေသေးသည်။ မြေပိုင်ဆိုင်မှုနှင့် တွက်ပါကလည်း ကိုယ့်နိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များသည် အခြားကမ္ဘာ့နိုင်ငံများထက်ပင် အရွယ်အစားကြီးမားလျက်ရှိ၏။ လူဦးရေနှင့် မြေအနေအထား အချိုးအစား လွန်စွာကွာဟနေသေး၏။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရန် အခွင့်အလမ်းများ ပိုရှိနေလေသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လာခြင်းဖြင့် တစ်ဖက်တွင် အကျိုးပြုသလို တစ်ဖက်မှာလည်း ဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့သည်။ ထိုပြဿနာသည်ကား မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းလုံး ရင်ဆိုင်နေရသော ပုစ္ဆာပင်ဖြစ်လေသည်။ နေ့စဉ်တိုးပွားလျက်ရှိသော ကမ္ဘာ့လူဦးရေ၏ စားသောက်နေထိုင်မှုအစုစုတို့အတွက် ပြဿနာများကို ဖြေရှင်းရာတွင် အစာအာဟာရအတွက် စိုက်ပျိုးမြေ၊ စားကျက်မြေများဖော်ထုတ်ရန် သစ်တောများ ခုတ်ထွင်ရှင်းလင်းရခြင်းနှင့် နေရာထိုင်ခင်းများအတွက် အဆောက်အအုံများ ပြုလုပ်ရန် သစ်ပင်များခုတ်လှဲရခြင်းတို့သည် ပြုန်းတီးခြင်း၏ အခြေခံများဖြစ်ကြသည်။ ထို့အပြင် တောသူတောင်သားများ၏ တောင်ယာအသစ်ဖော်ထုတ်ခြင်းနှင့် မြို့ပြစီမံကိန်းသစ်များဖော်ထုတ်ခြင်းတို့ကြောင့်လည်း သစ်တောများပြုန်းတီးရပြန်သည်။ မသိနားမလည်သဖြင့် တစ်ပိုင်တစ်နိုင်ခုတ်လှဲခြင်းမှသည် စီးပွားဖြစ်တရားမဝင် သစ်ခိုးထုတ်မှုများကြောင့် သစ်တောကြီးများ တစ်စတစ်စ လျော့နည်းလာရသည်။ ပိုဆိုးသည်ကား တောမီးလောင်ခြင်းပင်ဖြစ်၏။

### ရှိပြီးသစ်တောကြီးများကို ထိန်းသိမ်း

မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် မိုးနည်းရပ်ဝန်းဒေသဖြစ်၏။ မိုးခေါင်ခြင်းပြဿနာ ပြေလည်စေရေး သစ်ပင်များစိုက်ရန် ကြိုးပမ်းခဲ့ကြသည်။ စိုက်သည့်အပင်နှင့် ခုတ်သည့်အပင်အရေအတွက် မျှခြေမကိုက်သဖြင့် ရေက ရှားပြီးရင်းရှားလာရသည်။ သစ်ပင်များမရှိလျှင် မိုးခေါင်မည်၊ မိုးခေါင်လျှင်ရေရှားမည်၊ ရေရှားပါးလျှင် စိုက်ပျိုးမွေးမြူရန် ခက်မည်၊ စိုက်ပျိုးမွေးမြူရေးမရှိလျှင် စားသောက်ရန် အဆင်မပြေတော့ပေ။ နောက်ဆုံး ကျန်းမာရေးပြဿနာများနှင့် ကြုံတွေ့ရပေမည်။ ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းမှတစ်ပါး ရှောင်လွှဲမရသည့် လေပြင်းမုန်တိုင်း၊ ရေကြီးမှု၊ ငလျင်၊ မြေပြိုမှုများကြောင့် အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးရသည့် သာဓကများ ကမ္ဘာမှာရော မြန်မာမှာပါ ကြုံတွေ့ရလျက်ရှိသည်။ ပြင်းထန်သည့် သဘာဝဘေးဒဏ်များသည် လူသားတို့ကာလရှည် မသိကျိုးကျွန်ပြုစွာ လျစ်လျူရှုခဲ့မှုများကြောင့်ဖြစ်သည်ကို သုတေသီများက ဖော်ထုတ်နိုင်ခဲ့သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကို မထိခိုက်စေသော ကမ္ဘာသစ်ကြီးဆီကူးပြောင်းနိုင်စေရန် ဝိုင်းဝန်းအဖြေရှာနေကြသည်။ မြန်မာနိုင်ငံတွင်မူ ရှိပြီးသစ်တောကြီးများကို ထိန်းသိမ်းခြင်းနှင့် သစ်ပင်များ ထပ်မံစိုက်ပျိုးခြင်းနည်းလမ်းများဖြင့် ကုစားလျက်ရှိနေပေသည်။ ထိုသို့စိုက်ပျိုးရာတွင် နှစ်ရှည်သီးပင်စားပင်များသာမက အရိပ်ရလေကာပင်များ၊ ကျွန်း၊ ပျဉ်းကတိုး၊ တမလန်းကဲ့သို့ ရတနာတန်းဝင်အပင်များကိုပါ စိုက်ပျိုးလျက်ရှိကြသည်။ ထိုသို့စိုက်ပျိုးရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသနှင့်ကိုက်ညီမှုရှိသည့် နှစ်ရှည်ပင်များကိုပါ စီးပွားဖြစ်မှသည် သဘာဝဘေးဒဏ် ကာကွယ်ခြင်းများအထိ မျှော်မှန်းကာ တိုးချဲ့စိုက်ပျိုးကြမည်ဆိုပါလျှင် အကျိုးနှစ်ခု တစ်ပြိုင်တည်းဖြစ်ထွန်းစေမည်ဖြစ်သည်။ အသီးအရွက်များစားသုံး၍မရသည့် သစ်တစ်ပင်ဖြစ်သည့်တိုင် နွေရာသီပူအိုက်သည့်အချိန်တွင် အရိပ်ခိုခွင့်တော့ အနည်းဆုံးရသေးသည်ကို သတိပြုမိလျှင် သစ်တစ်ပင် သစ်တောတစ်တော၏ တန်ဖိုးကို ကောင်းစွာ ရှုမြင်နိုင်ကြမည်ဖြစ်သည်။

### သစ်ပင်များ၏ကျေးဇူး

အနီးစပ်ဆုံး ဥပမာအနေဖြင့် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းတွင် ဘေးဘယ်ညာတစ်လျှောက် ကုက္ကိုပင်ကြီးများ အုံ့ဆိုင်းဝန်းရံထားသဖြင့် ခရီးသွားရသည်မှာ သက်သာမှုကို ဖြစ်ပေါ်စေသည်။ လူသာလျှင်မက ယာဉ်များပါ သက်သာကြ၏။ ရန်ကုန်-မန္တလေးလမ်းသစ်တွင်မူ စိုက်ထားသော အပင်များ၏သက်တမ်း နုသေးသဖြင့် အရိပ်အာဝါသ ကောင်းစွာမရသေးချေ။ ခရီးအကွာအဝေး ကျုံ့သွားသည့်တိုင် နွေရာသီနှင့် ဆောင်းကာလများ ကားစီးရပါက ခရီးသည်များ မသက်သာလှ။ သစ်ပင်များ၏ ကျေးဇူးပင်ဖြစ်သည်။ ရမည်းသင်း၊ ပျော်ဘွယ်၊ ရွှေဒါး၊ တပ်ကုန်းဒေသများတွင် မန်ကျည်းပင်များ အလွန်ပေါများ၏။ ထိုမန်ကျည်းကို အကြမ်းထည်မှသည် အချောအထိပြုလုပ်ကာ စီးပွားရှာခဲ့ကြသည်။ ယနေ့ထက်တိုင် ထိုဒေသများတွင် သက်တမ်းရှည် မန်ကျည်းပင်များကို တွေ့မြင်နေရပါသေးသည်။ သို့သော် အနည်းစုမျှသာဖြစ်ပါတော့၏။ လွန်ခဲ့သော ၁၀ နှစ်ခန့်ကပင် မီးသွေးလောင်စာဘဝ ရောက်သွားရသည့် မန်ကျည်းငုတ်တိုများကိုသာ အများဆုံးမြင်ရပါတော့သည်။ ထိုမြင်ကွင်းသည် ရမည်းသင်း၊ ပျော်ဘွယ်ဘက်တွင်သာမဟုတ်တော့ဘဲ မီးသွေးပွဲစားများ ကျင်လည်ရာဒေသတစ်လျှောက် ပြုန်းတီးမှုများလက်ဆင့်ကမ်းခဲ့ကြခြင်းဖြစ်၏။

အုန်းပင်၊ ထန်းပင်တို့မှ အသီးအရည်များသည် လူသားတို့အတွက် နည်းလမ်းမျိုးစုံဖြင့် အကျိုးပြုသည့်အားလျော်စွာ အုန်းခက်၊ ထန်းလက်များသည်လည်း အမိုးအကာ အဆောက်အအုံသုံးပစ္စည်းမှသည် တံမြက်စည်းအထိ အသုံးဝင်လှ၏။ အပင်ကြီးတစ်ပင်လုံးအားဖြင့်လည်း လေမိုးဒဏ်ကို ကြံ့ကြံ့ခံနိုင်သဖြင့် အကာအကွယ်ကောင်းများပင် ဖြစ်ကြလေသည်။ ထိုနည်းတူစွာ မန်ကျည်းပင်များသည်လည်း အရွက်၊ အခေါက်၊ အသီး၊ အစေ့မကျန် တစ်ပင်လုံးအသုံးဝင်သည့် အပင်ဖြစ်၏။ ကျန်းမာရေးအတွက်လည်း အလွန်ကောင်းမွန်သော ဆေးဖက်ဝင်အပင်ဖြစ်ပေသည်။ ကျွန်တော် သတိပြုမိသလောက် ယနေ့ ခုတ်လှဲခြင်းခံရသော မန်ကျည်းပင်များအား ရှေးဘိုးဘွားများက စိုက်ခဲ့ကြခြင်းဖြစ်၏။ သူတို့ကိုယ်တိုင် အကျိုးမခံစားခဲ့ကြရသည့်တိုင် အသီးအရွက်များအား နှောင်းလူတို့ စားသုံးခွင့်ရကြသည်။ သို့သော် ကျေးဇူးတရားကို ဥပေက္ခာပြုလျက် နှစ်စဉ်နှစ်တိုင်း အကျိုးပြုနေသည့် အပင်ကြီးများအား လတ်တလော ငွေရလွယ်မှုနောက်လိုက်ကာ ပွဲစားများလက် အပ်လိုက်ကြသည်။ ရသည့်ငွေနှင့် ဆုံးရှုံးသွားသည့်အရာများကို မမြော်တွေးနိုင်သူများကြောင့် ၂၀၀၈ ခုနှစ်နောက်ပိုင်း သဘာဝဘေးဒဏ်ဆိုးများကို ပိုမိုခံစားခဲ့ရခြင်းပင် ဖြစ်ပေသည်။

ကျေးလက်တောရွာ လူတန်းစားအသီးသီးမှသည် သူဌေးသူကြွယ်အားလုံးအထိ သစ်တောသစ်ပင်များကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြပေသည်။ မလွှဲရှောင်သာ၍ ခုတ်ထွင်ရမည်ဆိုပါက မည်သို့ထပ်မံအစားထိုးစိုက်ပျိုးမည်နည်းကိုပါ ကြိုတင်စဉ်းစားသင့်သည်။ သစ်ပင်စိုက်ခြင်းသည် မိမိတို့နှင့်မဆိုင် သက်ကြီးလူကြီးများ တာဝန်ရှိလူပုဂ္ဂိုလ်များ၏ တာဝန်ဟု ခံယူခြင်းသည် မှားယွင်းသော အတွေးအခေါ်ပင်ဖြစ်သည်။ မိုးရာသီရောက်တိုင်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ဝန်ကြီးဌာနအသီးသီး၏ သစ်ပင်စိုက်ပျိုးပွဲတော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သစ်ပင်စိုက်ပျိုးပွဲတော်များကိုလည်း ကျင်းပလျက်ရှိကြသည်။

သဘာဝတရားက ပေးအပ်ထားသည့် အဖိုးတန်မိုးရေကို ထိရောက်စွာ အသုံးချကာ သစ်တောသစ်ပင်များ ပြုစုပျိုးထောင်ခြင်းသည် တိုင်းပြည်အတွက် ရွှေအိုးရတနာကို အခမဲ့ရရှိခြင်းပင်ဖြစ်၏။ စာမျက်နှာ ၁၆ သို့

**သစ်တောကြီးများစွာကိုမဆိုနှင့်။ မိမိတို့အိမ်ခြံမြေအတွင်း စိုက်ထားသော အုန်းပင်၊ သရက်၊ ပိန္နဲ၊ မာလကာ၊ ဒန့်သလွန် အစရှိသော နှစ်ရှည်ပင်များကြောင့် မိသားစုများ ရာသီစာစားရသလို မီးဖိုချောင်စရိတ်လေးများပါ ဖာထေးခွင့်ရရှိစေသည်။ အိမ်ခြံမြေအတွင်း အရိပ်အာဝါသကို ပေးစွမ်းရုံသာမက တစ်ဖက်တစ်လမ်းကပါ အပိုဝင်ငွေအတွက် အထောက်အကူပြုနေသော အပင်များဖြစ်ပါ၏။ အိမ်တစ်အိမ်မှသည် ရွာတစ်ရွာလုံး စိုက်ကြပျိုးကြမည်၊ ရွာတစ်ရွာမှ မြို့တစ်မြို့၊ ထိုမှနောက်ဆုံး တစ်တိုင်းပြည်လုံး သစ်တောသစ်ပင်များကို တက်ညီလက်ညီ စိုက်ပျိုးကြမည်ဆိုပါလျှင် စားရေရိက္ခာအတွက် ပူပင်ရမည်မဟုတ်ပါချေ။ ထို့ကြောင့် သစ်တောသစ်ပင်များ ပိုင်ဆိုင်မှုအပေါ် ရွှေတိုက်ကြီးရရှိသည်နှင့် ပမာပြုခဲ့ခြင်းဖြစ်**

# MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချဆန္ဒထုတ်ဖော်

**ဘားအံ ဩဂုတ် ၁၀**

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချ ဆန္ဒထုတ်ဖော်ပွဲကို ယနေ့မွန်းလွဲပိုင်းက ဘားအံမြို့ အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်း နာရီစင်၌ ဒေသခံပြည်သူများစုရုံး၍ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

**ဗီနိုင်းများကိုင်ဆောင်**

ထိုသို့ ဆန္ဒထုတ်ဖော်ရာတွင် အကြမ်းဖက် MNDAA ၏ လူမဆန်သော ရက်စက်ယုတ်မာမှုများကို တိုင်းရင်းသားပြည်သူများမှ ကန့်ကွက်ရှုတ်ချပါသည်၊ အကြမ်းဖက် MNDAA အမည်ခံ ကိုးကန့်သောင်းကျန်းသူများနှင့် ပူးပေါင်းအဖွဲ့အစည်းများအား တိုင်းရင်းသားအဖွဲ့အစည်းများမှ အလိုမရှိ၊ နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး (ဒို့အရေး)၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း (ချက်ချင်းရပ်)၊ စစ်ရေးပစ်မှတ်မဟုတ်သော အများပြည်သူနေရာများအားပစ်ခတ်ခြင်း (ချက်ချင်းရပ်)၊ MNDAA ၏ လူမဆန်သောရက်စက်ယုတ်မာမှုများ (ချက်ချင်းရပ်)၊ ပြည်ပသြဇာခံ ပြည်ဖျက်မိစ္ဆာများ (အလိုမရှိ)၊ မြန်မာ့တပ်မတော်၏ တရားသောစစ် (အောင်ရမည်) ဗီနိုင်းများနှင့် CRPH၊ NUG၊ PDF၊ MNDAA၊ AA၊ TNLA တို့၏ အကြမ်းဖက်လုပ်ရပ်ဓာတ်ပုံများကိုင်ဆောင်၍ သတ်မှတ်နေရာတွင် နေရာယူကြပြီး နိုင်ငံတော်အလံကို အလေးပြုကြကာ နိုင်ငံတော်သီချင်းကို စုပေါင်းသီဆိုကြသည်။



ထို့နောက် ဆရာတော်တစ်ပါးက MNDAA အကြမ်းဖက်သောင်းကျန်းသူများနှင့် အပေါင်းပါအဖွဲ့အစည်းများကို ဆန့်ကျင်ရှုတ်ချကြောင်း ဟောပြောကာ လှိုင်းဘွဲ့မြို့နယ်မှ ပြည်သူတစ်ဦးက MNDAA အကြမ်းဖက်သောင်းကျန်းသူများနှင့် အပေါင်းပါအဖွဲ့အစည်းများ၏ လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချကြောင်း ကရင်ဘာသာဖြင့် ဟောပြောသည်။

**ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်**

ထို့နောက် နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ အကြမ်းဖက် MNDAA အမည်ခံ ကိုးကန့်သောင်းကျန်းသူများနှင့် ပူးပေါင်းအဖွဲ့အစည်းများအား (အလိုမရှိ)၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း (ချက်ချင်းရပ်)၊ စစ်ရေးပစ်မှတ်မဟုတ်သော အများပြည်သူနေရာများအား ပစ်ခတ်ခြင်း (ချက်ချင်းရပ်)၊ MNDAA ၏ လူမဆန်သောရက်စက်ယုတ်မာမှုများ (ချက်ချင်းရပ်) ပြည်ပသြဇာခံပြည်ဖျက်မိစ္ဆာများ(အလိုမရှိ)၊ မြန်မာ့တပ်မတော်၏ တရားသောစစ်(အောင်ရမည်) စသည့်ကြွေးကြော်သံများ ကြွေးကြော်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြပြီး ဆန့်ကျင်ရှုတ်ချဆန္ဒထုတ်ဖော်ပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “မိုနာလီဇာ” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၃၄) ရပ်ကွက်နေ ကိုကိုလှိုင်အား မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ “Ye Kyaw Thu Hlaing (Ye Kyi)”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၄၁) ရပ်ကွက်နေ ရဲကျော်သူလှိုင်အား မွန်းလွဲ ၃ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ “Zaw Min” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ညောင်ပင်စောင့်ကျေးရွာနေ ချစ်ကိုအား ည ၉ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၃၀ | ၂၈၀၅ | ၂၇၆၀ | ၂၈၃၀ | ၂၈၄၅ | ၂၈၅၅ | ၂၈၁၀ | ၂၉၃၅ | ၂၉၆၅ | ၂၈၂၀ | ၂၈၃၅ | ၂၈၆၅ | ၂၈၅၅ | ၂၈၇၀ | ၃၂၇၀ | ၄၅၅၀ |
| 95 Ron | ၂၈၉၀ | ၂၉၇၀ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၅ | ၂၉၉၅ | ၂၉၅၀ | ၃၀၇၅ | ၃၁၀၅ | ၂၉၆၀ | ၂၉၇၅ | ၃၀၀၅ | ၂၉၉၅ | ၃၀၁၀ | ၃၄၁၀ | ၄၆၅၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၀ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၅၅ | ၂၅၇၀ | ၂၉၇၅ | ၄၅၅၀ |
| HSD (50 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၅၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |
| HSD (10 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၅၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၁၁ | ၂၆၈၆ |
| 95 Ron | ၂၇၃၆ | ၂၈၂၄ |
| HSD (500 ppm) | ၂၃၁၁ | ၂၃၈၇ |
| HSD (50 ppm) | ၂၇၉၀ | ၂၈၇၅ |
| HSD (10 ppm) | ၂၇၉၀ | ၂၈၇၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❂ စာမျက်နှာ ၁၅ မှ

မိမိတို့နိုင်ငံတွင် မိုးဖြိုင်ဖြိုင်ရွာသလောက် အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံများ မိုးခေါင်ကြသည်။ သဘာဝက သူတို့ထက် သာလွန်စွာ မိမိတို့ကို အခွင့်အရေးများ ပေးထားကြသည်။ ထိုအခွင့်အရေးများကို ထိမိစွာအသုံးချဖို့လိုသည်။ သစ်တောသစ်ပင်များကို ချစ်ခင်တန်ဖိုးထားရမှန်းသိစေရန် ကလေးသူငယ်များကို မူလတန်းအရွယ်ကတည်းက အသိပညာပေးထားရပေမည်။ အသိပညာများဖြန့်ဝေပေးကြမည့် တာဝန်ရှိသူများကိုယ်တိုင် သစ်တောသစ်ပင်များကို ချစ်ခင်တန်ဖိုးထားဖို့ အရေးကြီးသည်။ သို့မှသာ သစ်တောသစ်ပင်များ တစ်စတစ်စပြုန်းတီးခြင်းမှကင်းဝေးကာ စိမ်းလန်းစိုပြည်သောပတ်ဝန်းကျင်ကို ပိုင်ဆိုင်ပြီး နောင်းလူတို့အတွက် ရွှေတိုက်ကြီးကို အုတ်မြစ်ချပေးနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

ယုံကြည်မှုနှင့်အတူ
တစ်စေ့မှ တစ်ပင်
တစ်ပင်မှ တစ်စု
တစ်စုမှ တစ်တော
တစ်တောမှ တစ်ရွာ
ပျိုးထောင်ပါက
ဘယ်မှာတို့များ သစ်ထင်းရှားလိမ့်။။

ဟူသည့် သစ်တောဦးစီးဌာနမှ စာစုလေးတစ်ခုကို သတိရမိလိုက်ပါတော့သည်။ ။

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို**
**တတ်နိုင်သမျှ လျှော့စားစို့**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်

**မုဒုံ ဩဂုတ် ၁၀**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းများနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ ရွှေဟင်္သာခန်းမ၌ ကျင်းပသည်။



**သီဆိုဖွင့်လှစ်**

အခမ်းအနားကို ကျောင်းသား ကျောင်းသူများက "ပညာရည်ထူးချွန် လူရည်မွန်" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးဆိုသည့် ပညာရေးဆိုင်ရာ တစ်မျိုးသားလုံး ပညာရေးမျှော်မှန်းချက်ကိုချမှတ်၍ ပညာရေးပြုပြင်ပြောင်းလဲမှုကို ခေတ်နှင့်လျော်ညီစွာ စီမံကိန်းများ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြောင်း၊ ပညာနှင့်ပတ်သက်၍ အတွေးအခေါ်အယူအဆ လမ်းမှားမရောက်ရန်နှင့် အမှန်ကိုကြား၊ အမှန်ကိုမြင်၊ အမှန်ကိုသိကြရန် အရေးကြီးလှကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ဘဝတွင် တပည့်ကောင်းများဖြစ်ရန် ကြိုးစားရမည်ဖြစ်သကဲ့သို့ နောင်တစ်ချိန်တွင် တိုင်းပြည်ကို ဦးဆောင်ကြရမည့်သူများ ဖြစ်သည့်အတွက် ပညာပြည့်ဝရုံသာမက သန့်ရှင်းဖြူစင်သည့် ကိုယ်ကျင့်တရားဖြင့် နေထိုင်တတ်ရန် လိုအပ်ကြောင်းနှင့် နိုင်ငံတော်အတွက် လိုအပ်နေသည့် အရည်အသွေးမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ လူရည်ချွန်၊ လူရည်မွန်များ၊ ဘက်စုံပညာရေးစနစ် သက်ဝင်ရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရန် ပညာရေးပဉ္စင်္ဂဖြစ်သည့် မိဘ၊ ဆရာ၊ ကျောင်းသား၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းအမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မုဒုံမြို့မှ ခြောက်ဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၉ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၆၃ ဦးနှင့် အောင်ချက်အကောင်းဆုံးကျောင်း ၁၂ ကျောင်းအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားမွန်အကအလှများ "ဘက်စုံပညာရည် ဒို့လှမ်းချီ"တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေ၍ ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်ကာ အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# (၄၄)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၀**

နေပြည်တော် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာနတွင် အပတ်စဉ် စနေနေ့တိုင်း ကျင်းပသည့် (၄၄)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများနှင့် နေပြည်တော် ကောင်စီနယ်မြေမှ တောင်သူများ တက်ရောက်၍ ရေမြုပ်ခံစပါးမျိုးများအကြောင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်များမှ တောင်သူ ၄၀၊ အွန်လိုင်းစနစ်ဖြင့် ၁၀၅ ဦး တက်ရောက် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန စပါးသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးတိုးမင်း၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန သုတေသနအရာရှိ ဒေါက်တာချိုချိုအောင်က ရေမြုပ်ခံစပါးမျိုးများနှင့် ပတ်သက်၍ လိုက်နာရန်အချက်များ တင်ပြဆွေးနွေးကြပြီး တောင်သူများ၏ မေးမြန်းမှုများကို အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ယခုကဲ့သို့ ရာသီဥတု ပြောင်းလဲသက်ရောက်မှု ကြုံတွေ့ရသည့် ကာလနှင့် ရေကြီးရေလွှမ်းမှု ကြုံတွေ့ရသည့် ကာလတွင် ရေမြုပ်ခံစပါးမျိုးများနှင့် ပတ်သက်၍ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်နှင့် ရေမြုပ်ခံစပါးမျိုးများကို တွင်ကျယ်စွာ အသုံးပြုနိုင်ရန် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယနေ့ဆွေးနွေးပွဲတွင် ရေကြီးနစ်မြုပ်မှုအခြေအနေနှင့် ပြန်လည်စိုက်ပျိုးရာတွင် လိုက်နာရမည့်အချက်များ၊ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသော လယ်ယာမြေများ၌ စပါးပြန်လည်စိုက်ပျိုးရာတွင် လိုက်နာရမည့်အချက်များ၊ ရေကြီးကွင်း ဒေသများအတွက် စပါးမျိုးများ မွေးမြူရွေးချယ်ခြင်း၊ ရေမြုပ်ခံစပါး စိုက်ပျိုးနည်း သုတေသနလုပ်ငန်းများ၊ ရေမြုပ်ခံစပါးမျိုးများ ဖြန့်ဖြူးမှုနှင့် စမ်းသပ်မျိုးများ၏ ဒေသအလိုက် အထွက်နှုန်းများကို သက်ဆိုင်ရာပညာရှင်များက ဆွေးနွေးတင်ပြကြရာ ဆွေးနွေးပွဲ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသများသို့ သွားရောက်ကာ တောင်သူလယ်သမားများနှင့်အတူ မိဘလိုင်းများ ရွေးချယ်မျိုးကူးစပ်ခြင်းမှ ရရှိလာသည့် ဗီဇကွဲသားဆက်လိုင်းများကို ဒေသအခြေအနေများတွင် ရွေးချယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရန် ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်လေးပင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများဆောင်ရွက်

**ညောင်လေးပင် ဩဂုတ် ၁၀**

ပဲခူးတိုင်း ဒေသကြီး ညောင်လေးပင်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ရွေ့လျားစာကြည့်တိုက် သုံးဘီးယာဉ်ဖြင့် နယ်လှည့်စာကြည့်တိုက် စာငှား၊ စာဖတ်ဝန်ဆောင်မှုပေးခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်ပြသခြင်းများ ဆောင်ရွက်ခြင်းကို ယနေ့မွန်းလွဲ ၁ နာရီက ညောင်လေးပင်မြို့ အထက(၂) ကျောင်း၌ ပြုလုပ်သည်။



အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်နီနီဝင်းက ကျောင်းသား ကျောင်းသူများအား စာဖတ်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများ၊ စာကြည့်တိုက်ကိုအသုံးပြုပြီး စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိလာနိုင်ကြောင်းနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား စက္ကူပြဇာတ်ဖြင့် ပုံပြင်ပြောခြင်း၊ စာဖတ်ရှိန် မြှင့်တင်ရေးအတွက် ကျောင်းသား ကျောင်းသူများအား အသိပညာ ဗဟုသုတရရှိစေမည့် စာအုပ်စာစောင်များကို ဖတ်ရှုစေခြင်း၊ လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်နှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ ပြသခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**၂၁၄**

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၁၀**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "**၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ**"ကို ဩဂုတ် ၁၃ ရက်မှ ၁၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို(**အခမဲ့**) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

✪ MNL မှ


နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့သောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ဂိုးသွင်းခွင့်များလည်း ကိုယ်စီရရှိခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်အသင်းတိုက်စစ်မှူး ရင်တာရိုက ရရှိသည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ခြောက်ပွဲကစား ၁၆ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး အား/ကာသိပ္ပံအသင်းက ခြောက်ပွဲကစား ကိုးမှတ်ရရှိထားသည်။

ပုသိမ်ကွင်း၌ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက ရောဝတီယူနိုက်တက်အသင်းကို အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအတွက်အကောင်းဆုံးဆုကို ဟံသာဝတီယူနိုက်တက်အသင်းဂိုးသမား နေလင်းထက်ကရရှိသည်။ ယခုပွဲအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက ခြောက်ပွဲကစား ၁၆ မှတ်၊ ရောဝတီယူနိုက်တက်အသင်းက ခြောက်ပွဲကစား လေးမှတ်ရရှိထားသည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို ခြောက်ဂိုးပြတ်ဖြင့် ဂိုးပြတ်အနိုင်ရရှိကာ ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ ရာသီအစ ငါးပွဲဆက်အရေးနိမ့်ထားသည့် တန်းတက်သစ္စာအားမာန်အသင်းသည် ရခိုင်ယူနိုက်တက်အသင်းကို ဂိုးပြတ်သွင်းယူကာ ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် လင်းထက်ဦးကရရှိသည်။ ယခုပွဲ အပြီးတွင် သစ္စာအားမာန်အသင်းက ခြောက်ပွဲကစား သုံးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ခြောက်ပွဲကစား တစ်မှတ်ရရှိထားသည်။

ပွဲစဉ်(၆) တတိယနေ့ကို ဩဂုတ် ၁၁ ရက်တွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရတနာပုံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ကိုညီလေး၊ ဓာတ်ပုံ-MNL**

# စာပေလေ့လာဖတ်ရှုမှု လူသားတိုင်းကို ကောင်းကျိုးပြု



တင်ထက်ထက်ဇော်

ယနေ့ခေတ် လူတော်တော်များများ အွန်လိုင်း၊ မီဒီယာများဖြင့် ပျော်မွေ့နေကြသည်။ အွန်လိုင်းကို စွဲလမ်းနေကြသည်။ ဂိမ်းစွဲလာကြသည်။ ကိုယ်လက်လှုပ်ရှားမှုမရှိ။ လေးလံလာကြသည်။ လူမှုဆက်ဆံရေးနယ်ပယ် ကျဉ်းမြောင်းခြင်းနှင့်အတူ လောကနီတိ သဘောသဘာဝ ချို့ယွင်းလာကြသည်။ အရေးကြီးဆုံးအချက်ဖြစ်သည့် စာပေလေ့လာဖတ်ရှုမှုလည်း အားနည်းလာကြသည်။ စာဖတ်အားနည်းခြင်းက ဘဝတိုးတက်မှု နာရီလက်တံများကို အတိုင်းအတာတစ်ခုအထိ ရပ်တန့်သွားစေသည်။ ခေတ်စနစ်၏ တောင်းဆိုချက်အရ ရုပ်ဝတ္ထုများ တိုးတက်လာသည်။ အကျိုးပြုစာပေများဖတ်ဖို့ထက် အွန်လိုင်းများ၊ အီလက်ထရွန်နစ်မီဒီယာများ၊ ဒစ်ဂျစ်တယ်များဖြင့်သာ ပျော်မွေ့နေကြသည်။

- "လူကို စိတ်ကအုပ်ချုပ်၏။ စိတ်ကို ဉာဏ်ပညာက အုပ်ချုပ်၏။ ဉာဏ်ပညာကို ဗဟုသုတက အုပ်ချုပ်၏။ သို့ဖြစ်၍ ဗဟုသုတရှိအောင် စာအုပ်စာတမ်းအမျိုးမျိုးတို့ကို ဖတ်ကြကုန်လော့"ဟု လည်းကောင်း၊ "စာမဖတ်သူသည် ကြီးပွားတိုးတက်ရေးလမ်း၌ တစ်နေရာရာမှာ ရပ်နေ၏။ စာဖတ်သူမှာ မရပ်။ သေမှသာ အတိုးရပ်ပေလိမ့်မည်"ဟု လည်းကောင်း ဆရာကြီးပီမိုးနင်းက လမ်းညွှန်ထားပါသည်။
- "စာမဖတ်သူသည် တိုးတက်မှုရပ်တန့်နေ၏။ စာဖတ်သူသည်တိုးတက်မြဲတိုးတက်နေ၏"ဟု လူထုဦးလှက စာဖတ်ရှိန်မြှင့်တင်ရေး လှုံ့ဆော်ထားပါသည်။
- "တိုးတက်သောလူမျိုးတို့သည် စာဖတ်ကြသည်။ စာဖတ်သောလူမျိုးတို့သည် တိုးတက်ကြသည်" ဟုလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်က တိုက်တွန်းထားပါသည်။

ဦးနှောက်အာဟာရ ဖြည့်သည့်အနေဖြင့် စာများများ ဖတ်ရှုကြရပါမည်။ တစ်နည်းဆိုသော် နေ့စဉ်ဘဝတွင် အစာမစားဘဲ မနေနိုင်သကဲ့သို့ စာမဖတ်ရဘဲ မနေနိုင်သော အလေ့အကျင့်ကောင်းကို ပျိုးထောင်ဖို့လိုပါသည်။ အသိဉာဏ်ဗဟုသုတ တိုးပွားရင့်ကျက်ခြင်းသည် ဦးနှောက်ပြည့်ဝခြင်း၏ အမှတ်အသားလက္ခဏာဖြစ်သည်။ ထို့ကြောင့် စာကောင်းပေမွန်များကို များများဖတ်ရှုရပါမည်။

## စာကြည့်တိုက်မှာ သုတရှာ

"အလိမ္မာစာမှာရှိ"၊ "စာအုပ်စာပေ လူ့မိတ်ဆွေ" ဟူသော ဆုံးမစကားများကို လူတိုင်းနားရည်ဝနေကြပေလိမ့်မည်။ ယနေ့ခေတ်ခါ ဖုန်းလေးတစ်ချက်ပွတ်လိုက်ရုံမျှဖြင့် သုတ၊ ရသ စာပေစုံများကို အင်တာနက်မှတစ်ဆင့် ဖတ်ရှုနိုင်ပါသည်။ သို့သော် အကျိုးပြုစာပေကို အမှန်တကယ်ရွေးချယ်တတ်ဖို့ အရေးကြီးသည်။ (၁) လူမျိုးရေး၊ ဂိုဏ်း၊ အယူဝါဒများ၊ အစွန်းရောက်မှိုင်းတိုက် ဖျက်ဆီးနေသော စာမျိုးကို "အနီရောင်စာပေ"၊ (၂) ကာမရာဂစိတ်လွန်ကဲသော နှိုးဆွရေးသားထားသော ညစ်ညမ်းစာများကို "အပြာရောင်စာပေ"၊ (၃) စုန်း၊ ကဝေ၊ သိုက်၊ ပျောက်စေအစွမ်းများကို ရေးသားထားပြီး ဖတ်ရှုသူကို စိတ်နယ်လွန်ဖြစ်ရပ်များမှာ မိန်းမောတွေဝေစေသောစာများကို "အနက်ရောင်စာပေ"၊ (၄) ထင်ရှားကျော်ကြားသူများ၏ ကိုယ်ရေးကိုယ်တာများကို တခမ်းတနားဖွဲ့နွဲ့ရေးသားဖော်ပြနေသောစာများကို "အဝါရောင်စာပေ"၊ (၅) အနှစ်မဲ့ ချစ်၊ ကွဲ၊ ကြိုက်၊ ညားဇာတ်လမ်းများ၊ လိင်တူ အချစ်ဇာတ်လမ်းများကို ရေးသားထားသောစာကို "ပန်းရောင်စာပေ" စသည်ဖြင့် သတ်မှတ်ကာ ဖတ်ရှုသူကို အချိန်ကုန်ပြီး ဘဝတိုးတက်မှုကို နှောင့်နှေးကြန့်ကြာစေတတ်သည့် စာပေအတန်းအစားများအဖြစ် ပညာရှင်များက သတိပေးထားပါသည်။ ထိုသို့သော စာပေအတန်းအစားထဲ မပါသော်လည်း ကြိုးစားအားထုတ်ရမှုနှင့် လိုက်လျောညီထွေမဟုတ်သော ကြီးပွားချမ်းသာချင်စိတ်များ ဖြစ်ပေါ်စေသည့် အရောင်းသွက်၊ လူကြိုက်များနေသော တက်ကျမ်းတချို့ကို အကြွင်းမဲ့မယုံကြည်၊ အားမကိုးသင့်ဘဲ စာဖတ်သူများ စဉ်းစားဆင်ခြင်မှုဖြင့် ဖတ်ရှုကြရပါမည်။

ဖော်ပြပါ စာပေအတန်းအစား ငါးမျိုးကို ရှောင်ရှားရန်အတွက် ကင်းလွတ်သောနေရာရှိပါသည်။ ၎င်းမှာ နိုင်ငံတော်က ဖွင့်လှစ်ထားသည့် "စာကြည့်တိုက်များ" ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်းရှိ မြို့နယ်ပေါင်း ၃၃ဝ နှင့် ကျေးရွာပေါင်း ၆၃၂ဝဝ ရှိရာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ပြည်သူ့စာကြည့်တိုက် ၄၁ဝ ကို ဖွင့်လှစ်ပေးထားပြီး မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ထောက်ပံ့မှုဖြင့် ဖွင့်လှစ်ထားသည့် စာကြည့်တိုက်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ရပ်ရွာလူထုအစီအစဉ်ဖြင့် ဖွင့်လှစ်ထားသည့် စာကြည့်တိုက်ပေါင်း ၃၅ဝဝဝ ရှိသည်။ အဆိုပါ စာကြည့်တိုက်များ(ပညာဘဏ်တိုက်များ)တွင် စာအုပ်စာပေများ အခမဲ့ငှားရမ်းဖတ်ရှုနိုင်ပါသည်။

## စာဖတ်အလေ့အကျင့်မရှိသေးသည့် လူငယ်များ ဘယ်လိုစာမျိုးကို ဖတ်သင့်ပါသလဲ

သုတစာပေ၊ ရသစာပေ အမျိုးမျိုးရှိသည်။ လူတစ်ယောက်နဲ့တစ်ယောက် အကြိုက်ချင်း မတူပေ။ အကြိုက်ချင်း တစ်ထပ်တည်းမကျနိုင်ပေ။ ဥပမာ အစားအစာအရသာတွင် ရသာခြောက်ပါး ချို၊ ချဉ်၊ ငန်၊ ဖန်၊ စပ်၊ ခါး ရှိပြီး တချို့က မွေးကတည်းက အချိုကြိုက်သည်။ တချို့က အချဉ်ကြိုက်သည်။ တချို့ကမူ စပ်စပ်လေးမှကြိုက်သည်။ ထိုနည်းတူစွာ စာပေအရာမှာလည်း ရသစာပေတွင် ရသကိုးမျိုးရှိသည်။ ဥပမာ သင်္ဂါရရသ အချစ်ဝတ္ထုကြိုက်သူ၊ ဝီရရသ ရဲစွမ်းသတ္တိရှိသော သူရဲကောင်းစာအုပ်မှ ကြိုက်သူ စသည်ဖြင့် လူအမျိုးမျိုးရှိကြသည်။ သုတစာပေမှာ လောကသဘာဝအကြောင်းများ၊ IT နည်းပညာ စသည်ဖြင့် စာအုပ်အမျိုးမျိုးရှိသည်။

သို့ဖြစ်ရာ အခုမှ စာစဖတ်ရှုလေ့လာမည့်သူသည် ကိုယ်ကဘာကိုကြိုက်သလဲ၊ ပေါ့ပေါ့ပါးပါးရေးထားသည့် စာမျိုးလား၊ အတွေးအမြင် စာပေလား၊ မသိနိုင်သေးပေ။ ထို့ကြောင့် မျက်စိရှေ့တွေ့သော စာအုပ်ကို ကောက်ယူဖတ်ကြည့်ပါ။ တစ်မျက်နှာ နှစ်မျက်နှာဖတ်ကြည့်ပါ။ မကြိုက်လျှင် နောက်တစ်အုပ် ပြောင်းဖတ်ပါ။ ဒုတိယ စာအုပ်ကြိုက်ပြီလား၊ စောစောကထက် ပိုကောင်းသလိုဖြစ်သည်။ ဒါဖြင့် ဆက်ဖတ်မလား၊ နောက်ထပ်တစ်အုပ် ပြောင်းဖတ်ကြည့်မလား၊ မဟုတ်သေးဘူးလား။ တတိယစာအုပ် ကောက်ဖတ်ကြည့်ပါ။ ဒါလေးက ပိုစိတ်ဝင်စားဖို့ကောင်းနေပြီ၊ သဘောတွေ့နေသည်။ ထိုအခါ မိမိသည် ဘယ်လိုစာပေမျိုးကို ပိုကြိုက်သလဲ ဆိုသည်ကို မိမိကိုယ်ကိုသိလာပါပြီ။ ထို့နောက် အလားတူစာအုပ်မျိုးများကို ဖတ်ကြည့်ပါ။ နေ့စဉ် စာမျက်နှာ ၁ဝ မျက်နှာအထိ စာဖတ်သည့်အကျင့်ကိုမွေးမြူပါ။ စာဖတ်အားကောင်းလာသည့်အခါ၊ စာဖတ်ရှိန်မြင့်လာသည့်အခါ စောစောက ကောက်ကိုင်ကြည့်မိပြီး မကြိုက်၍ စာအုပ်စင်မှာ ချောင်ထိုးထားသည့် စာအုပ်များကို ဖတ်ချင်လာလိမ့်မည်။ သဘောတွေ့လာမည်။ ဤပုံစံမျိုးဖြင့် မိမိကိုယ်ကို စာဖတ်ရှိန်မြှင့်တင်ရပါမည်။

ထို့ကြောင့် အခုမှ ပြင်ပစာများကို စဖတ်သူအနေဖြင့် မိမိစိတ်ဝင်စားဆုံး စာအုပ်မျိုးကို ရွေးချယ်ဖတ်ပါ။ ထိုမှတစ်ဆင့် စာဖတ်အားသန်လာသည့်အခါ၊ စာဖတ်အားကောင်းလာသည့်အခါ တခြားသုတစာပေ၊ တခြားရသစာပေများကိုလည်း ဖတ်ပါ၊ လေ့လာပါ။ သုတစာပေက အသိပညာတိုးပွားပြီး တည်ကြည်ရင့်ကျက်စေသည်။ အတွေးအခေါ်များ ပိုကောင်းလာသည်။ ရသစာပေက စိတ်နှလုံးကို သိမ်မွေ့နူးညံ့စေပါသည်။ ကိုယ်ချင်းစာတရားရှိလာမည်။ ယဉ်ကျေးလာမည်။ ထိုအခါ ကိုယ်ရည်ကိုယ်သွေးတက်လာပြီး မိမိကိုယ်ကို ယုံကြည်မှုရှိလာမည်။ အောင်မြင်ခြင်းလမ်းစ ရောက်လာပါမည်။

နေ့စဉ်ထုတ် သတင်းစာများကို ဖတ်ပါ။ စာမျက်နှာ ၃၂ မျက်နှာပါသည့် သတင်းစာတစ်စောင်တွင် ကဏ္ဍအစုံပါသည်။ ဥပမာ ပြည်တွင်းရေးရာကဏ္ဍမှာ ယနေ့ဖြစ်ပေါ်နေသည့် စီးပွားရေး၊ ကျန်းမာရေး သိနိုင်သည်။ ရသစာပေဝတ္ထုများ၊ ဘဝအတွေးအမြင် ကဏ္ဍများ၊ သုတဆောင်းပါးများလည်း ဖတ်ရှုနိုင်မည်။ စာပေများမှတစ်ဆင့် မိမိတို့မမီလိုက်သည့် ခေတ်စနစ်က အကြောင်းများကို သိနိုင်သည်။ ထို့ပြင် မြန်မာပြည်အနှံ့ဘုရားဖူးခရီးသွားဆောင်းပါးများဖတ်ရှုရင်း ဘုရားစုံဖူးနိုင်သည်။ မူးယစ်ဆေးဝါး စိတ်ကြွဆေးပြားများဖမ်းဆီးရမိမှု၊ အရက်သေစာသောက်စားပြီး ဒေါသအလျောက် လူသတ်မှု၊ လူကုန်ကူးမှု၊ သက်ငယ်မုဒိမ်းမှု၊ ပေါ့ဆမီးလောင်ကျွမ်းမှု စသည်တို့ကိုဖတ်ရှုပြီး ဆင်ခြင်တတ်လာမည်။ အားကစားဝါသနာပါသူများအတွက် ပြည်တွင်း၊ ပြည်ပ အားကစားကဏ္ဍကိုလည်း ဖတ်ရှုနိုင်သည်။ နိုင်ငံခြားသတင်းစုံ သိရသည့်အတွက် ကမ္ဘာကြီးကရွာလေးကဲ့သို့ တစ်ကမ္ဘာလုံးအကြောင်းများကို နေ့စဉ်ထုတ်သတင်းစာတစ်စောင်မှ အလုံးစုံသိမြင်နိုင်ပါသည်။

## အရေးကြီးလှ မိဘများ၏အခန်းကဏ္ဍ

လွန်ခဲ့သော အနှစ် ၄ဝ ခန့်က မြန်မာနိုင်ငံတွင် စာမတတ်သူဦးရေ များပြားနေရာ၊ "စာမတတ်သူ ပပျောက်ရေး"ဟူ၍ ကျေးရွာအနှံ့ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် 'အ'သုံးလုံး စာသင်ပေးရသည်။ တက္ကသိုလ်၊ ကောလိပ် ကျောင်းပေါင်းစုံက ကျောင်းသား ကျောင်းသူများက တောင်သူများအား ယာတောတဲအထိ လိုက်ပါကူညီပေးပြီး လုပ်အားပေးကာ စာသင်ပေးခဲ့ကြရသည်။ ဘိုးဘွားများကိုလည်း စာသင်ယူချင်စိတ်ရှိလာအောင်၊ အရေးအဖတ်တတ်အောင် တစ်အိမ်တက်တစ်အိမ်ဆင်း စည်းရုံးရသည်။ ၁၉၈၄ ခုနှစ်အထိ နိုင်ငံတော်က စာမတတ်သူ ပပျောက်ရေး လှုပ်ရှားခဲ့ပါသည်။ တဖြည်းဖြည်း ခေတ်ကာလ ရွေ့လျားလာသည်နှင့်အမျှ ၂၀ ရာစု

> **"နေမင်း၏အလင်းရောင်သည် နေ့အခါ၌သာ ထွန်းလင်းနိုင်၏။ လမင်း၏အလင်းရောင်သည် ညအခါ၌သာ ထွန်းလင်းနိုင်၏။ စာအုပ်စာပေတို့မှ ရသော ပညာဉာဏ်အလင်းရောင်သည် အချိန်အခါမရွေး ထွန်းလင်းတောက်ပနိုင်၏ဟူသော ဆိုရိုးစကားရှိပေသည်။ စာဖတ်ခြင်းက လူတစ်ယောက်ကို ချက်ချင်းလက်ငင်း တိုးတက်ပြောင်းလဲသွားသည်ဟု မဆိုသော်လည်း စာဖတ်အားကောင်းလာသည်နှင့်အမျှ ထိုသူ၏ အတွေးအမြင်၊ အပြောအဆို၊ အပြုအမူမှာလည်း သိသိသာသာပြောင်းလဲ"**

ရောက်သောအခါ စာတတ်သူများ များပြားလာသည်။ ၂၀၁၉ ခုနှစ် ကာလအထိ ဆန်းစစ်မှုမှတ်တမ်းများအရ မြန်မာ့လူဦးရေ သန်း ၅ဝ တွင် စာဖတ်တတ်သူ ၉၈ ဒသမ ၄ ရာခိုင်နှုန်း ရှိသည့်အတွက် မြန်မာနိုင်ငံသည် ရာနှုန်းပြည့်စာဖတ်တတ်သူများ ရှိသည့် နိုင်ငံဖြစ်ကြောင်း ပညာရှင်များက မှတ်တမ်းတင်ထားသည်။


သို့သော် စာဖတ်တတ်သူတိုင်း စာမဖတ်ကြပေ။ ထို့ကြောင့် "စာမဖတ်သူ ပပျောက်ရေး" စီမံချက်နှိုးဆော်ဖို့ လိုလာသည်။ ခေတ်စနစ်အရ ရုပ်ဝတ္ထုများတိုးတက်လာရာ စာအုပ်ကိုင်ပြီး စာဖတ်ဖို့ထက် အွန်လိုင်းနှင့် အီလက်ထရွန်နစ်မီဒီယာများ အသုံးပြုမှုများနေသည်။

အနောက်နိုင်ငံတချို့(ဖွံ့ဖြိုးပြီးနိုင်ငံ)တို့တွင် ဓာတ်ရထားစီးရင်း၊ ဘတ်စ်ကားစီးရင်း ဖုန်းမပွတ်ကြဘဲ၊ စာအုပ်တစ်အုပ် အမြဲဆောင်ထားပြီး စာဖတ်ကြသည်။ အပန်းဖြေခရီးထွက်ရင်းလည်း ဖတ်စရာ စာအုပ်လေးတစ်အုပ် အမြဲပါသည်။ ဘာကြောင့်လဲ။ အဖြေကရှင်းပါသည်။ စာဖတ်သည့်အလေ့အကျင့်ရှိ၍ စာဖတ်ဝါသနာပါကာ တိုးတက်လိုစိတ်ဖြင့် စာဖတ်ကြသည်။ ထိုအခါ အသိပညာများ တိုးပွားလာပြီး ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သွားသည်။ ဥပမာ မြန်မာနိုင်ငံတွင် TOP 10 စာရင်းဝင်သည့်

စာမျက်နှာ ၁၉ သို့ ★

ဝတ္ထုတို

■ ဆောင်းမာန်ဝင့်အောင်
(တောင်ကြီး)




(၁)

ဆုံးဖြတ်ချက်ချဖို့အတွက် လင်မယား နှစ်ယောက်လုံး တွေဝေနေကြသည်။ နှစ်ယောက်လုံး အတွေးကိုယ်စီနှင့် အိပ်မပျော်တာလည်း သီတင်းပတ်ပြည့် တော့မည်။ စားလည်းဒီစိတ်၊ သွားလည်း ဒီစိတ်နဲ့ အတွေးကိုယ်စီနဲ့ စိတ်နဲ့ လူနဲ့မကပ်ကြပေ။ ဘာလုပ်လုပ် အယောင်ယောင်အမှားမှား ဖြစ်နေ၍ ကိုယ့်အခန်းကိုဝင်ပြီး အတွေးတွေနဲ့ ချာချာလည်နေတော့သည်။

“အမေ...အဖေ့ကို သေချာပြောပေးပါဗျာ။ ဒီတစ်ခါနောက်ဆုံးပါပဲ။ ယူထားတဲ့ ငွေတွေက ဒီလကုန်မှ ပြန်မဆပ်ရင် ကျွန်တော်တို့ အခုနေတဲ့အိမ်လေးကို အကြွေးနဲ့ လာသိမ်းမှာတဲ့အမေရယ်။ ကယ်ပါဦးဗျာ။ ကျွန်တော်တို့ မိသားစု လမ်းဘေးရောက်တော့မယ် အမေ ကယ်ပါဦးဗျာ”

အသက် ၄၅ နှစ်အရွယ်ရှိပြီဖြစ်သည့် သားကြီး၊ ကလေးသုံးယောက် ဖခင်ကြီး၊ ပွဲရုံလုပ်ငန်းလုပ်ကိုင်နေတဲ့ သားကြီးက ကလေးတစ်ယောက်လို အမေ့ရင်ခွင်ထဲ ဝင်ပြီး အကူအညီလာတောင်းနေတာ ကြည့်၍ သားကြီးနည်းတူ ရင်နှင့်ခံစားခဲ့ရသည်။ လုပ်ငန်းအရှုံးပေါ်လို့ ပြန်မဆပ်ရင် နေအိမ်လေးပါ အသိမ်းခံရတော့မည်။ သူ့အဖေနှင့်တိုင်ပင်ရတော့မည်။

“အမေ..အမေ့သားဆိုးတာ တော်တော် လွန်နေပြီ။ ရှိသမျှပစ္စည်း အကုန် အလောင်းအစားလုပ်လို့ ဘာမျှမရှိတော့ဘူး။ ခုတော ခုတော့... ကျွန်မမိဘတွေ ထောင်ပေးထားတဲ့ တက္ကစီလေးကိုပါ သူကပေါင်ပြီး အလောင်းအစားလုပ်လိုက် ပြီတဲ့ အမေရဲ့။ အမေ့သားသိပ်လွန်လာ ပြီ..။ ကျွန်မသားလေးခေါ်ပြီး တခြား နေရာ ရှေ့ဦးတည့်ရာပဲ သွားတော့မယ်။ အမေ့သားနဲ့လည်း မပေါင်းနိုင်ဘူး။ ကျွန်မမိဘအိမ်လည်း မပြန်ရဲဘူး အမေ ရဲ့.. အီးဟီးဟီး..”

သားလတ်၏ ဆိုးသွမ်းမှုကြောင့် လင်ဆိုးမယားဖြစ်နေသည့် ချွေးမဖြစ်သူ ကိုကြည့်၍ ပို၍သောကများရပေပြီ။ ငယ်ငယ်ကတည်းက ဆိုးတဲ့စရိုက်။ မိန်းမ နှင့် သားသမီးရတာတောင် မပြင်တော့တာ ကံဆိုးလှသည့် ချွေးမနှင့်မြေးကိုကြည့်၍ အိပ်မပျော်ပေါင်းလည်း များခဲ့ပြီဖြစ်သည်။

“အမေ.. အခွင့်အရေးလေးရတုန်း ကျွန်တော် ကြိုးစားကြည့်ချင်တယ်။ သူငယ်ချင်းတွေ အလွန်အဆင်ပြေနေကြ ပြီ။ ကျွန်တော့်မှာ အရင်းအနှီးမရှိတော့ ဒီအတိုင်းနေနေရတာဗျာ။ အမေ့ချွေးမ အရောင်းဆိုင်လေးနဲ့ စားလောက်ရုံပဲရှိ တာပေါ့ဗျာ။ သားသမီးတွေနောင်ရေး ရှိသေးတယ်လေ။ အဲဒါ..အမေ ကူညီပါ နော်..အဖေ့ကို ပြောပေးပါဦးဗျာ”

နို့ညှာကောင်၏ ...အိပ်မက်။ သူငယ်ချင်းတွေနှင့် ကုမ္ပဏီရှယ်ယာဝင်ချင်၍ မိဘကို အကူအညီလာတောင်းနေသည်။ ဘွဲ့လည်းရ၊ မိန်းမလည်းရ မိဘကို တစ်လ လေးတောင် မလုပ်ကျွေးသွားသည့် သား ဖြစ်သည်။

“အမေ..ပြောထားပြီးသားနော် သား ကျောင်းပြီးတာနဲ့ နိုင်ငံခြားသွားမယ်လို့။ သူငယ်ချင်းတွေနဲ့ တိုင်ပင်ပြီးပြီ။ ဒီမှာ လည်း အလုပ်မလုပ်ချင်ဘူး။ လိုအပ်တဲ့ ငွေကြေးကိစ္စ အမေတို့ အမြန်ဆုံးစီစဉ်ပေး နော် တစ်လပဲလိုတော့တာ”

အငယ်ဆုံးသားလေး၏ ဆန္ဒ။ သူတို့ ဖြည့်ဆည်းပေးရတော့မည်။ အသက် ၆၅ နှစ်ကျော် လင်မယားနှစ်ယောက်အတွက် ဘယ်သူမှ မပူကြ။ သူတို့အတွက် အစစ အရာရာ ပူစရာလည်းမရှိပေ။ ပင်စင်စား လင်မယားနှစ်ယောက်အတွက် ဖူလုံပါ သည်။ မိဘတွေအမွေပေးခဲ့သော အိမ်ကြီး ပေါ်မှာနေခဲ့ကြ၍ သာမန်ရုံးဝန်ထမ်းဘဝ ဖြင့် အေးချမ်းစွာဖြတ်သန်းခဲ့ကြသည်။ သားလေးယောက်ကိုလည်း သူတို့ဘဝ သူတို့ ရပ်တည်နိုင်သည်အထိ မိဘတာဝန် ကျေပွန်ခဲ့ကြပြီဖြစ်သည်။ ခုတော့ ကိုယ့် အတွက်မပူရ၊ သားလေးယောက်အတွက် ပူရသည့်အပူမီးက သောကကိုယ်စီပွားနေ ရပြီဖြစ်သည်။ မယဉ်ရွှေတစ်ယောက် အိပ်မရ၍ အခန်းထဲမှ ထွက်လာသည်။ ဧည့်ခန်းထဲတွင် ကိုစိုးမောင်က အရင် ရောက်နေပြီဖြစ်သည်။ သူလည်း အိပ်ပျော် မည်မဟုတ်ပေ။

(၂)

“ကိုစိုးမောင်”

မိန်းမဖြစ်သူ၏ ခေါ်သံကြောင့် သူ အတွေးတွေ ပြတ်သွားသည်။ သူ့ဆုံးဖြတ် ချက်အတိုင်း စီစဉ်လိုက်တော့မည်။

“ငါ ဆုံးဖြတ်လိုက်ပြီ ယဉ်ရွှေ ဒီအိမ် ကြီးကို ရောင်းပြီး သူတို့လိုအပ်တာ ပေးလိုက်တော့မယ်ကွာ”

“ဟင်”

“ငါတို့တွေ... ဘယ်လိုပဲကြိုးစားပြီး ထိန်းသိမ်းခဲ့လည်း ခုတော့ ရောင်းရတော့ မှာပေါ့ကွာ”

“ဟင့်..ဟင့် ကျွန်မတို့က ဘယ်လို နေနေ”

“မင်းရော၊ ငါရော ပင်စင်စားပါကွာ၊ မငတ်ပါဘူး။ နေစရာကတော့ မြို့ပြင်မှာ ငါ့သူငယ်ချင်းအပ်ထားတဲ့ စိုက်ခင်းလေး ရှိတယ်။ တို့နှစ်ယောက် စိုက်ခင်းမှာပဲ အိမ်လေးဆောက်ပြီး နေကြတာပေါ့ကွာ။

ကိုစိုးမောင်တစ်ယောက် ဆုံးဖြတ် ချက် အခိုင်အမာချထားပုံပေါက်သည်။ အရာရာကို တွေးတော ဆုံးဖြတ်ထားပြီမို့ မျက်နှာကတော့ တည်ငြိမ်အေးချမ်းလွန်း သည်။

“သူတို့ ကိုယ်တိုင်တောင် သူတို့အပူ၊ သူတို့လောဘ၊ သူတို့အနာဂတ်တွေနဲ့လာ ပြီး အကူအညီတောင်းကြတာ၊ ငါတို့ နှစ်ယောက်အတွက် ဘာများစိတ်ပူနေလို့ လဲကွာ။ အဖေနေကောင်းလား၊ အမေ နေကောင်းလားတောင် မမေးတဲ့သူတွေ ကျန်တာဆို ဘာမှစိတ်ကူးယဉ်မနေနဲ့။ သူတို့ကို ငါတို့က ဘာများမျှော်လင့်နေမှာ လဲကွာ။ မိဘဆိုတာ ပေးဆပ်မှုနဲ့လာ ပြီးသားပဲ၊ ရယူမှုနဲ့ သူတို့ကို အပူမပေး တော့နဲ့။ သူတို့လည်း ငါတို့အရွယ်ရောက် ရင် ငါတို့လိုပဲ ခံစားရမှာပါ။ သူတို့လည်း ငါတို့လိုပဲ ဆုံးဖြတ်မှာပဲလို့ ငါယုံကြည် တယ်”

ကိုစိုးမောင်၏ စကားကို ကြားပြီး မယဉ်ရွှေ ရင်ထဲပူနေသော သောကလေး ငြိမ်းအေးသွားသည်။

“မနက်ဖြန် မင်းသားတွေကို ခေါ်လိုက်တော့၊ ရှေ့နေနဲ့ခေါ်ပြီး အညီအမျှပေးလိုက်ကွာ။ ငါတို့အတွက်ကတော့ ဘာမှမလိုပါဘူး။ ခုချိန်မှာက မင်းအနားမှာငါရှိရင် မင်းအတွက် ကူညီဖော်ရသလို၊ ငါ့နားမှာ မင်းရှိနေရင်လည်း ငါ့အတွက် ကူညီဖော်ရတယ်လေ”

လင်တော်မောင် အိမ်ဦးနတ်၏ စကားကို နားထောင်ပြီး မယဉ်ရွှေတစ်ယောက် သောက အပူလေးတွေ ပျောက်ကွယ်သွားရသည်။

“သူတို့အပူကို သူတို့ပဲနိုင်အောင် ငြိမ်းနိုင်ပါစေကွာ၊ ငါတို့က အပူမပေးမိစေနဲ့ သူတို့ပြေလည်တာ၊ စိတ်ချမ်းသာနေတာကိုက ငါတို့အတွက် ရင်အေးစရာပါကွာ။ အားလုံးအပူငြိမ်းအေးလေ ငါတို့ပီတိဖြစ်လေပဲ မဟုတ်လား။ သူတို့အဆင်ပြေပါစေလို့ပဲ ငါတို့လင်မယားနှစ်ယောက် ဆုတောင်းပေးကြတာပေါ့ကွာ”

“ဟူး..ခုမှပဲ စိတ်ထဲပေါ့သွားတော့တယ်”

“ကဲ.. မယဉ်ရွှေ ထမင်းခူးတော့ ငါဆာနေပြီ ခုမှပဲ ထမင်းစားဝင်တော့မယ်”

“ဟုတ်ပဲ့ရှင် ကျွန်မလည်း ရင်ခံနေတာကြာပြီ ခုမှပဲ... ပေါ့ပါးသွားတော့တယ် ဗိုက်တွေလည်း ဆာလာပြီ..ဟိ”

အပြုံးကိုယ်စီနှင့် ထမင်းစားခန်းထဲ ဝင်ခဲ့ကြသည်။ သားသမီးအပူတွေကို ဖြည့်ဆည်းပေးခဲ့ပြီမဟုတ်ပါလား။

(၃)

အိမ်ကြီးကို ရောင်းချပြီး ရှေ့နေနှင့် လက်မှတ်ထိုးကာ အညီအမျှခွဲပေးလိုက် သည်။ အမေ ကျေးဇူးတင်လိုက်တာ။ အဖေ ရယ် ကျေးဇူးတင်လိုက်တာလို့ ဟန်ဆောင် လို့တောင် မပြောသွားကြပေ။ သူတို့ လိုချင်တာရသွားတော့ သူတို့အပူတွေ ငြိမ်းသွားလို့ထင်သည်။ အားလုံးကိုယ်စီ သူတို့ ခွဲတမ်းယူသွားကြပြီး ပျော်ရွှင်စွာ ထွက်သွားကြသည်။

“အဖေနဲ့ အမေ ဘယ်လိုနေမှာလဲ”

“ဘယ်မှာနေကြမှာလဲ”

“ဘယ်လို စားကြမှာလဲ။ အသက်ကြီး ပြီနော်”

“သားတို့နဲ့ လာနေ”

ဆိုသည့် နှစ်သိမ့်စရာစကားလေးတောင် မပြောသွားကြသော သားသမီးများကို ကြည့်၍ လင်မယားနှစ်ယောက်လုံး သက်ပြင်းကိုယ်စီချရင်း ပြုံးလိုက်ကြ သည်။ သူတို့၏ လိုအပ်ချက် အပူသောက များကို ငြိမ်းပေးနိုင်ပြီမို့ မိမိတို့ လင်မယား လည်း သားသမီးတွေအပေါ် ပူပန်နေရ သည့် စိတ်တွေလည်း လျော့ပါးသွားပြီဖြစ် သည်။

(၄)

သူတို့ လင်မယားနှစ်ယောက်အတွက် ဘာအပူမှမရှိတော့ချေ။ လင်မယား နှစ်ယောက်စလုံး လစဉ်ပင်စင်လခက ပိုလျှံလို့ နေလိမ့်မည်။ မြို့ပြင်က ခြံက လည်း အမြော်အမြင်ကြီးစွာဖြင့် သူတို့ လင်မယားပဲ ဝယ်ထားတာဖြစ်သည်။ သားသမီးတွေကို လိုချင်ရမ္မက်တွေ ပိုများ လာမှာကြောက်၍ ရှေ့နေနှင့် တိုင်ပင်ကာ သူတို့လင်မယား မရှိတော့သည့်အချိန်မှ အညီအမျှခွဲပေးရန်မှာထားသည်။ မိန်းမ မှာ အိမ်ထောင်ကျကတည်းက စုဆောင်း ထားသည့်ငွေကြေးနှင့် လက်ဝတ်လက်စား တွေရှိသေးသည်။

ခြံထဲမှာ နေထိုင်ရင်း အလုပ်သမား တွေငှားကာ ရာသီပေါ် သီးနှံလေးတွေ စိုက်ပျိုးထားသည်။ ခုဆို လတိုင်းဝင်ငွေရ နေတာဖြစ်သည်။ မြို့ထဲမှာ နေရတာထက် သည်နေရာလေးက သူတို့လင်မယား အတွက် ခုလိုအသက်အရွယ်မှာ နေရတာ သင့်လျော်သည်။ လေကောင်းလေသန့်ရ သည်။ မြို့ပြင်မှာရှိတဲ့ ခြံလေးက သူတို့ လင်မယားအတွက် ဘာနဲ့မှ လဲလို့မရ သည့် နိဗ္ဗာန်ဘုံလေးမို့ သောကအပူတွေ၊ လောဘ၊ မောဟတွေ ကင်းရှင်းသွားသည်။

“ယဉ်ရွှေ”

“ရှင် ကိုစိုးမောင်”

“မင်း ဘာမှမပူပါနဲ့ကွာ အိမ်မှာထိုင် နေပေမယ့် ငါ့ဝင်ငွေက အမြဲရနေတာပါ”

သူ့စကားကြောင့် ဇနီးသည် တစ်ယောက် မျက်လုံးအဝိုင်းသားဖြင့် အံ့သြတကြီးကြည့်နေ၍ ဦးစိုးမောင် ပြုံးလိုက်မိသည်။

“ငါ ပင်စင်မယူခင် ငါးနှစ်လောက် ကတည်းက ငါ့အထက်လူကြီး အဆွယ် ကောင်းလို့ ဆေးကုမ္ပဏီတစ်ခုမှာ ရှယ်ယာ လေးဝင်ထားတာကွ။ အခုကုမ္ပဏီက အောင်မြင်နေတော့ လစဉ်ဝင်ငွေရနေပြီ လေ။ မင်းကိုမပြောဘဲ သီးသန့်စုထားတာ ဘဏ်မှာ တော်တော်များနေပြီ”

“ကိုစိုးမောင်ရယ်”

ဇနီးသည်၏ အပျော်မျက်နှာကို မြင်တော့ သူကျေနပ်သွားသည်။ သားသမီး ဆိုတာ ရယူခြင်းဖြင့် ယူခဲ့သည်မဟုတ်။ ပေးဆပ်သူသာ ရာခိုင်နှုန်းများသည်။ သား သမီးယုံလို့ စုံလုံးကန်းသည့် အဖြစ်မျိုး သူအရောက်မခံနိုင်။ သည်အရေးတွေကို ကြိုမြင်သိနေသည်။ ပတ်ဝန်းကျင် လူ့ ဘောင်လောကမှာလည်း အများကြီးတွေ့ နေရသည်မို့ သူကြိုတွေးထားခဲ့ခြင်း ဖြစ် သည်။ သိတတ်သည့် သားသမီးပါလျှင် ပိုကံကောင်းသည်ဟု တွေးထားသည်။ ခုတော့ ဆန်ရေလေးတစ်စက်တောင် မပါ တာမို့ ထူးပြီးဝမ်းမနည်းတော့ပေ။ လစဉ် ဝင်ငွေ၊ နေစရာ၊ သူတို့လင်မယား ကျန်းမာ ရေးအတွက် စုဆောင်းငွေ၊ လက်ဝတ် လက်စားလေးတွေက ရှိနေတာမို့ ကျေနပ် အားရမိသည်။ သူတို့ရသည့်ဝင်ငွေက လင်မယားနှစ်ယောက် စားလို့မကုန်၊ ပိုလျှံနေတာမို့ ဆုဆောင်းတတ်သည့် ဇနီးသည်ရှိတာမို့ သူပို၍ ဝမ်းမြောက်ရ သည်။

(၅)

ခုဆို သူတို့ခြံလေးက ရာသီပေါ်သီးနှံ တွေနဲ့ စိမ်းစိုနေတော့သည်။ အလုပ်သမား တွေကလည်း မိဘသဖွယ် စိတ်ရင်းနဲ့ လုပ်ကိုင်ပေးကြတော့ သူတို့အဆင်ပြေ သည်။ သူတို့လင်မယားကလည်း လိုအပ် သလို မုန့်ဖိုး၊ အဝတ်အစား၊ ဆန်၊ ဆီက အစ တတ်နိုင်သလောက်ထောက်ပံ့တော့ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ နေထိုင်ရင်း သူတို့လင်မယားအတွက် ဘဝနေဝင်ချိန် က လှပခဲ့သည်။ ခြံလေးထဲမှာ တစ်ထပ် တိုက်ကလေးပင် ဆောက်ထားလိုက် သည်။ အတော်အသင့်ကျယ်ဝန်းတာမို့ မြေပိုမကျန် အကုန်စိုက်ထားသည်။

တစ်နှစ်တစ်ခါ သားသမီးမြေးမြစ်တွေ ရောက်လာတော့လည်း အလိုက်သင့်နေ ပေးလိုက်သည်။ သူတို့ပေးတာယူလိုက် သည်။ အပြန်တော့ ခြင်းကြီးခြင်းငယ် အပြည့် ထည့်ပေးလိုက်သည်။ နေကောင်း ကျန်းမာအဆင်ပြေကြတော့ စိတ်ချမ်းသာ သည်။ ဘဝနေဝင်ချိန်မို့ သံယောဇဉ်တွေ အများကြီးမထားတော့ပေ။ ပူလောင်မှု ဒဏ်ကို အကြာကြီးမခံစားချင်ပေ။ လုပ်သင့် လုပ်ထိုက်တာ ပေးဆပ်ခဲ့ပြီးပြီမို့ မိဘ တာဝန်ကျေပြီဟု ထင်မိသည်။ သားသမီး တွေ ပေးဆပ်ဖို့ ကံမပါလေတော့ ကိုယ်က ဉာဏ်ဦးရမည်ဖြစ်သည်။

နားထဲသို့ အနီးနား ဘုန်းကြီးကျောင်း က တရားသံကြားမှ မနက်ဖြန်လပြည့်နေမို့ သီလယူရန် သတိရမိသည်။ မသေခင် ဉာဏ်ဦးရမည်။ ဝါဆိုချိန်မို့ ဝါဆိုသင်္ကန်း လည်းကပ်ရမည်။ ဘဝမှာ စုံလုံးကန်း မဖြစ်ခဲ့လို့ ဇရာအိုချိန် ဘဝလှခဲ့သည်။ နေဝင်ချိန်မတိုင်မီထိ အဓိပ္ပာယ်ရှိရှိ သူတို့ နှစ်ယောက်ဖြတ်သန်းကြရပေမည်။ ။

❖❖❖❖

## လမြတ်ဝါခေါင်
( လေးဆစ်တွဲ )

☆ လဝါခေါင် မိုးစက်များက
ရွာသွန်းအား တလှိုင်လှိုင်။
ပန်းခတ္တာ ပင်လုံးလှ လို့
ပွင့်ကြကြိုင်ကြိုင်။
ဘုရားကပ် ပူဇော်နိုင်
ဆုထူးပိုင် လှူဒါန်းပြု။
ဥပုသ်ဝင် တရားမှတ်တော့
ကောင်းမြတ်သာခု။

☆ ဝါခေါင်သည် ထူးမြတ်ဆုကိုလ
ရရှိမှု တူပျော်ပျော်။
သင်္ကန်းလှူ ရေစက်ချ
ဒါနဖိတ်ခေါ်။
မေတ္တာနေ့ အခါတော်
ဝါခေါင်မှာနော် ကျင်းပပေး။
ကြည်ညိုကာ သဒ္ဓါပေါင်းဖြင့်
ကိန်းအောင်းရဲ့လေး။

☆ သိဟ်ရာသီ ဝါခေါင်လ
မြတ်ဒါနက စာရေးတံ။
သရဝဏ် စန်းနက္ခတ်
ရေးမှတ်ကြပြန်။
ခတ္တာပန်း မွှေးပျံ့လှုံ
ဝန်းကျင်ထံက မိုးစိုအေး။
လဝါခေါင် သာယာငြိမ်းတယ်
ကိန်းဓမ္မဆေး။ ။

ဖြိုးထက်(ရေစကြို)

---

## ပန်းတိုင်သို့

○ ဖြူစင်စွာ အပြုံးလေးနဲ့
အရှုံးမပေး လောကခံ။
တွေ့ကြုံလာအခက်အခဲ
ရင်ဆိုင်ရဲရန်။
မိမိစိတ် ကြံ့ကြံ့ခံ
အားမာန်ထူ မနေမနား။
လောကဝယ် လူတော်ဖြစ်ဖို့
ထုဆစ်ကြိုးစား။

○ ရှုံးနိမ့်သော် စိတ်ဓာတ်အား
ကျမသွားဖို့ အသိဝင်။
အောင်မြင်ရာ ဇွဲစိတ်ဓာတ်
ထိပ်တန်းမှာတင်။
ပျင်းရိခြင်း ဖယ်ရှောင်ကြဉ်
လုံ့လနှင့် သတ္တိတွဲ။
မိမိကိုယ် ယုံကြည်မှုနဲ့
ရှေးရှုဆင်နွှဲ။

○ ကြိုးစားလျှင် အောင်ပွဲက
ကြိုဆိုမြဲ ဓမ္မတာ။
အလုပ်ကို လက်တွေ့လုပ်
ကြိုးကုတ်ပေးပါ။
အောင်မြင်မှု ပန်းတိုင်သာ
ဦးတည်ကာ လျှောက်လှမ်း။
တစ်နေ့ဝယ် မသွေမုချ
ရောက်ကြအောင်ပန်း။ ။

ချစ်သက်(မြန်မာစာ)

# ခရီးသွားခြင်းနှင့် ငြိမ်းချမ်းရေး

■ ဇင်မင်းစိုး (ဗိုလ်ကလေး)

ခရီးသွားခြင်းဆိုသည်မှာ အပန်းဖြေရန်ဖြစ်စေ၊ အပျော်သက်သက်ဖြစ်စေ၊ စီးပွားရေးကိစ္စများအတွက်ဖြစ်စေ ခရီးသွားခြင်းကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ခရီးသွားလုပ်ငန်းသည် မီးခိုးမထွက်သော စီးပွားရေးလုပ်ငန်းဖြစ်သည်ဟု တင်စားကြပါသည်။ ကမ္ဘာ့နိုင်ငံတိုင်းသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားလုပ်ဆောင်လျက်ရှိပါသည်။

လူသားတို့အတွက် ခရီးသွားခြင်းသည် မဖြစ်မနေလုပ်ဆောင်သင့်သည့်အရာဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်ခံစားရသော စိတ်ဖိစီးမှုများကို လျော့ပါးသက်သာစေလေသည်။ လူတစ်ဦးသည် တစ်နှစ်လျှင် သုံးလေးကြိမ်ခန့် ခရီးသွားလာသင့်သည်ဟု စစ်တမ်းတစ်ခုက ဖော်ပြပါသည်။ စိတ်အလိုမကျခြင်း၊ စိတ်ညစ်ညူးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာပြဿနာများအတွက် ခရီးသွားလာခြင်းသည် အကောင်းဆုံးသော ဆေးတစ်ခွက်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အလွန်လှပသော နေရာဒေသများ မြောက်မြားစွာ တည်ရှိလေသည်။ မြန်မာတို့၏ ရှေးဟောင်းယဉ်ကျေးမှုဒေသများဖြစ်သော ပုဂံ၊ အင်းဝ၊ မင်းကွန်း၊ စစ်ကိုင်း၊ မန္တလေးနှင့် ပျူရှေးဟောင်းဒေသများဖြစ်သော သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း စသည့်ဒေသများသို့ သွားရောက်လေ့လာလည်ပတ်သင့်ပြီး ကြီးမြတ်သောမြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာကြည့်ရှုနိုင်ပါသည်။ အင်းလေး၊ ပင်းတယ၊ ရိဒ်ရေကန်၊ ကျိုက်ထီးရိုးဘုရား၊ ဂူဘုရားများနှင့် ရေတံခွန်များ၊ အပန်းဖြေကမ်းခြေများလည်း မြောက်မြားစွာတည်ရှိရာ ခရီးသွားအပန်းဖြေနိုင်လေသည်။

ခရီးသွားခြင်းဖြင့် ဒေသန္တရဗဟုသုတများရရှိပြီး မတူကွဲပြားသော လူမျိုးစုတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းနှင့် ရိုးရာယဉ်ကျေးမှုတို့ကို လေ့လာသိရှိနိုင်ပါသည်။ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှုကို ရရှိစေပြီး အပြန်အလှန်ရိုသေလေးစားမှုရှိကာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးဖော်ရွေမှု၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အကျိုးဖြစ်ထွန်းမှုတို့ကို ဆောင်ကြဉ်းပေးနိုင်ပြီး နားလည်မှုရရှိနိုင်စေလေသည်။

ခရီးသွားခြင်းသည် စိတ်လက်အပန်းပြေနိုင်သလို ခရီးစဉ်အတွင်း တွေ့မြင်ရသောမြင်ကွင်းများ၊ လူ့သဘာဝအဖွဲ့အနွဲ့ပုံရိပ်များနှင့် လူ့လောက၊ လူ့သဘော၊ လူ့မနောတို့ကို များစွာတွေ့မြင်နိုင်ပါသည်။ ခရီးသွားအတွေ့အကြုံနှင့် သင်ခန်းစာများသည် မိမိတို့အတွက် တန်ဖိုးဖြတ်မရသော အမှတ်တရများဖြစ်ပါသည်။ တွေ့မြင်ကြုံဆုံရသော မိတ်ဆွေအပေါင်းအဖော်များဖြင့် အသိအမြင်များ ဖလှယ်နိုင်ပြီး မတူကွဲပြားသောသဘောထားများကို နားလည်ခံစားနိုင်ကာ ငြိမ်းချမ်းစွာ သဟဇာတဖြစ်ရေးကိုလည်း သိရှိနားလည်စေပါသည်။

မိမိကြိုက်နှစ်သက်သော အရာသည် အခြားသူ မကြိုက်မနှစ်သက်သောအရာလည်း ဖြစ်နိုင်ပါသည်။ ထိုအခါ နားလည်သည်းခံမှု၊ ကိုယ်ချင်းစာထားရှိမှု၊ အပြန်အလှန်ထိန်းကျောင်းမှုတို့ဖြင့် မိတ်ဝတ်မပျက် အတူယှဉ်တွဲနေထိုင်သွားလာခြင်းဖြင့် အားလုံးအတွက် ငြိမ်းချမ်းမှုကိုရရှိစေပါသည်။ ငြိမ်းချမ်းမှုသည် ပျော်ရွှင်မှုကို ပေးအပ်လေသည်ဖြစ်ရာ များစွာကြည်နူးချမ်းမြေ့ဖွယ် ကောင်းလေသည်။

ခရီးသွားခြင်းသည် -

(၁) ဒေသန္တရ ဗဟုသုတရရှိခြင်း၊
(၂) သမိုင်းကြောင်းများ သိရှိနိုင်ခြင်း၊
(၃) အတွေးသစ်၊ အမြင်သစ်များရရှိခြင်း၊
(၄) လူမှုဆက်ဆံရေး တိုးတက်ကောင်းမွန်ခြင်း၊
(၅) လူမှုဘဝ အတွေ့အကြုံသစ်များ ရရှိခြင်း၊
(၆) မတူညီသော ရှုထောင့်များစွာမှ တွေးတောပေးနိုင်ခြင်း၊
(၇) ဖန်တီးနိုင်စွမ်း မြင့်မားခြင်း၊
(၈) ကိုယ့်အားကိုကိုးတတ်လာခြင်း၊
(၉) ကျန်းမာရေးအား အထောက်အကူပြုခြင်း၊
(၁၀) ကိုယ်စိတ်နှလုံး နူးညံ့သိမ်မွေ့ခြင်း ... စသော ကောင်းကျိုးများစွာကို ရရှိစေပါသည်။ ခရီးသွားလာခြင်းဖြင့် စိတ်ပျိုကိုယ်နုကာ အနာဂတ်ပန်းတိုင်သို့ အေးချမ်းစွာ လျှောက်လှမ်းနိုင်ပါသည်။ ငယ်ရွယ်စဉ်မှာ ခရီးသွားလာခြင်းဖြင့် ဘဝအမောများ ပြေပျောက်စေကာ မိမိကိုယ်ကိုယုံကြည်မှု တိုးပွားစေပါသည်။

မိသားစုဝင်အချင်းချင်း၊ သူငယ်ချင်းအချင်းချင်း စုဖွဲ့ခရီးသွားလာခြင်းသည် စည်းလုံးညီညွတ်မှုနှင့် ရိုင်းပင်းကူညီမှုများကို ရရှိစေပါသည်။ မိမိတို့ဘဝ၏ အမှတ်တရကောင်းများ ဖန်တီးနိုင်သလို အချင်းချင်း ချစ်ခင်ရင်းနှီးမှုများကို ရရှိစေပါသည်။ အချင်းချင်း ချစ်ခင်ရင်းနှီးမှုများရရှိလျှင် စိတ်ဝမ်းကွဲပြားမှု မရှိတော့ဘဲ တစ်စိတ်တစ်ဝမ်းတည်းတည်ရှိကာ ငြိမ်းချမ်းသာယာဝပြောရေးများကို ရရှိခံစားနိုင်ကြလိမ့်မည်ဖြစ်ပါသည်။ ထို့ကြောင့် ခရီးသွားခြင်းနှင့် ငြိမ်းချမ်းရေးသည် အတူယှဉ်တွဲနေသည်ဟု ဆိုနိုင်ပါသည်။ ငြိမ်းချမ်းမှခရီးသွားနိုင်သလို ခရီးသွားခြင်းဖြင့်လည်း ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်သည်ဟု သတ်မှတ်နိုင်ပါသည်။

ခရီးသွားလာခြင်းသည် မိမိ၏ကိုယ်နှင့်စိတ်ငြိမ်းချမ်းမှုအတွက် အဓိကကျလေသည်။ လူသားအားလုံးသည် ကိုယ်စိတ်ငြိမ်းချမ်းမှုကို လိုလားတောင့်တကြသူများချည်း ဖြစ်ကြလေသည်။ ငြိမ်းချမ်းမှုကို မုန်းသူ၊ မလိုလားသူ၊ ဆန့်ကျင်သူ၊ မျက်ကွယ်ပြုသူ၊ ငြင်းပယ်သူဟူ၍ ရှိကြမည်မထင်ပါ။ လူသားတိုင်းသည် ငြိမ်းချမ်းရေးအပေါ် အသွင်တစ်မျိုးမျိုးဖြင့် လက်ခံကြမည်၊ မျှော်ကိုးကြမည်ဖြစ်ပါသည်။

ငြိမ်းချမ်းရေးသည် အလွန်ကျယ်ပြန့်လှပါသည်။ လူအချင်းချင်းကြား၊ လူနှင့်သတ္တဝါများကြား၊ လူနှင့်သဘာဝပတ်ဝန်းကျင်ကြား၊ နယ်ပယ်တစ်ခုနှင့်တစ်ခုကြားတို့တွင် ငြိမ်းချမ်းရေးသည် လိုအပ်လှပါသည်။ အဓိကအလိုအပ်ဆုံးမှာ မိမိခန္ဓာကိုယ်အတွင်းရှိ စိတ်၏ငြိမ်းချမ်းရေးပင် ဖြစ်ပါသည်။ မိမိစိတ်နှင့်မိမိကိုယ်တိုင် ငြိမ်းချမ်းနေမှသာ ဆက်စပ်ပတ်ဝန်းကျင်လည်း ငြိမ်းချမ်းနိုင်ပြီး မိမိကအစပြု၍ အခြားသူများကို ငြိမ်းချမ်းအောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ မိမိကိုယ်ကိုငြိမ်းချမ်းဖို့ရာ စိတ်လက်အပန်းဖြေရန် အရေးကြီးပြီး ခရီးသွားလာရေးသည် အသင့်တော်ဆုံးဖြစ်ပါသည်။

ငြိမ်းချမ်းရေး၏ ဆန့်ကျင်ဘက်သည် ပဋိပက္ခဖြစ်ပါသည်။ ပဋိပက္ခဖြစ်စေသောအကြောင်းအရင်းကို ရှာဖွေ၍ ဖြေရှင်းနိုင်လျှင် ငြိမ်းချမ်းမည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးဆိုသည်မှာ ရန်လိုမှုနှင့်အကြမ်းဖက်မှုကင်းစင်လျက် လူမှုအသိုက်အဝန်း၌ ချစ်ကြည်မှုနှင့် သဟဇာတဖြစ်မှု သဘောတရားပင် ဖြစ်ပါသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးကို လူတိုင်းမျှော်လင့်တောင့်တနေခြင်း ဖြစ်ပါသည်။

ကိုယ်စိတ်နှလုံး နူးညံ့သိမ်မွေ့ကြသူများသည် ငြိမ်းချမ်းမှုကိုမြတ်နိုးကြပြီး ပဋိပက္ခကိုရှောင်ရှားလေ့ရှိပါသည်။ ခရီးသွားလာခြင်းသည် ကိုယ်စိတ်နှလုံးကို နူးညံ့သိမ်မွေ့စေပြီး နုပျိုစေလေသည်။ စိတ်ကိုအနားပေးလိုက်သဖြင့် အကြံကောင်းဉာဏ်ကောင်းများရရှိကာ မိမိအကျိုးသာမက အများအကျိုးကိုပါ ရွက်ဆောင်နိုင်လေသည်။ ဒေါသကြီးသူ၊ စိတ်ဆိုးလွယ်သူများသည် မကြာခဏခရီးသွားသင့်ကြောင်း စစ်တမ်းတစ်ခုက ဆိုပါသည်။

လေ့လာမှုများအရ ခရီးသွားသူများသည် ခရီးမသွားသူများထက် နှလုံးရောဂါခံစားရနိုင်ခြေ နည်းပါသည်ဟု သိရပါသည်။ ခရီးသွားလာခြင်းသည် စိတ်ဖိစီးမှုလျော့ကျစေပြီး စိတ်ပျော်ရွှင်စေကာ ခရီးသွားလာခြင်းကြောင့် လှုပ်ရှားသွားလာမှုများ၍ နှလုံးကျန်းမာရေးကို ကောင်းမွန်စေပါသည်။

ခရီးသွားလာခြင်းသည် မိမိကိုယ်ကို ငြိမ်းချမ်းစေရုံသာမကဘဲ အများသူငါကိုပါ ငြိမ်းချမ်းစေလေသည်။ သဘာဝအလှအပများကို ခံစားရသူတိုင်း ငြိမ်းချမ်းစေလေသည်။ ငြိမ်းချမ်းလိုသူတိုင်း ခရီးသွားလာရန် လိုအပ်ပါသည်။ သဘာဝတရားကြီးလှပနေခြင်းသည် ငြိမ်းချမ်းခြင်းကြောင့်ဖြစ်ပြီး ငြိမ်းချမ်းခြင်းကြောင့်ပင် ခရီးသွားလာနေနိုင်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ခရီးသွားလာခြင်းနှင့် ငြိမ်းချမ်းရေးကို လက်တွဲကာ စုပေါင်းဖော်ဆောင်ပေးရန် အရေးကြီးလှပါသည်။ သဘာဝအလှတရားများ ပျက်စီးစေပြီး ငြိမ်းချမ်းရေးကင်းမဲ့ပါက ခရီးသွားလုပ်ငန်း ပျက်စီးစေနိုင်သဖြင့် ခရီးသွားခြင်းနှင့် ငြိမ်းချမ်းရေးကို ပြည်သူအားလုံးက အတူယှဉ်တွဲကာ ဝိုင်းဝန်းဖော်ဆောင်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

## မျိုးဆက်သစ်တို့ အားမာန်


❖ ဘဝမှာ တိုးတက်ရစ်ဖို့
မျိုးဆက်သစ်တို့ ကြိုးစားလေ။
ကိုယ့်တာဝန် ကျေပွန်ထမ်း
ကြိုးပမ်းစဉ်ပေ။

❖ ရဲရင့်ခြင်း အားမာန်ခြွေ
အခက်ခဲတွေ ရင်ဆိုင်လျက်။
ရည်မှန်းရာ အရောက်သွားလို့
လှုပ်ရှားသွက်လက်။

❖ ရှင်သန်ရာ ဘဝအတွက်
အပျင်းမဖက် ထာဝစဉ်။
အချိန်တွေကို တန်ဖိုးထား
နိုးကြားကာပင်။
ဇွဲလုံ့လ ဝီရိယယှဉ်
လူ့ဘဝတွင် အောင်မြင်ရေး။
ဘဝကို ယုံကြည်ချက်ဖြင့်
ဆက်လျှောက်စို့လေး။


❖ အားမာန်တွေ ရင်မှာမွေးလို့
ယှဉ်ကာတွေး အသိဉာဏ်။
ကိုယ့်ဂုဏ်ရှိန် အောက်မကျ
တောက်ပစေကာန်။
ရည်မှန်းချက် ပြည့်စေရန်
သန္နိဋ္ဌာန် ချမှတ်ရင်း။
ရတနာ လူသားအဖြစ်ကို
ထုဆစ်ပါမင်း။ ။

ရဲသွေးနီ(တက်ဝန်)




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကိုစာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## ချစ်အရိပ်


စာရေးသူ မောင်လှနိုင်(ဘုတလင်) စီစဉ်ရေးသားသည့် ချစ်အရိပ် ရသစုံဘဝဝတ္ထုတိုများစာအုပ် ထွက်ရှိလာသည်။

မစိမ်းတစ်ယောက် ကိုအောင်ဘုတို့သားအဖတွေနေထိုင်သော အိမ်၏နောက်ဖေးဘက် ဝါးကပ်ကာ၊ ဝါးကပ်ခင်း၊ ဓနိမိုးထားသည့် အဖီလေးအတွင်းရောက်သွား၏။ ကိုအောင်ဘုမှာတော့ ဝါးကပ်ခင်းလေးပေါ်တွင် စောင်စုတ်လေးတစ်ထည်ခြုံလျက် တုံးလုံးလှဲနေရာမှ ရုပ်ချည်းထလိုက်၏။ ဟင် မစိမ်းပါလား ကိစ္စများရှိလို့လား၊ ဘာရယ် ညာရယ် မဟုတ်ပါဘူး၊ ကိုအောင်ဘု ဆိုက်ကားလာမထုတ်တာ နှစ်ရက်တောင်ရှိပြီမို့၊ ဘားများဖြစ်နေလို့လဲ၊ ဖျားနေတာပဲ မစိမ်းရယ် ဒါကြောင့်၊ ဘာဆေးသောက်လဲဟင်၊ ပါရာစီတမော့သောက်တာပဲ၊ မသက်သာဘူး။ အို ဒီဆေးလေးလောက်နဲ့ ဘယ်ပျောက်ပ့ါမလဲ၊ ကဲ လာ လာ၊ ကျွန်မနဲ့လိုက်ခဲ့။

နေပါစေ မစိမ်းရယ်၊ တော်ကြာသက်သာသွားမှာပါ၊ ရပါတယ်။ အို ရှက်မနေပါနဲ့ လာလိုက်ခဲ့ပါ၊ ကျွန်မမှာပိုက်ဆံပါပါတယ် ကိုအောင်ဘုရယ်၊ ကျွန်တော်မသွားချင်ဘူး၊ ကဲ ကိုအောင်ဘု ရှင်လိုက်မလား၊ မလိုက်ဘူးလား၊ ကရုဏာဒေါသောဖြင့် ကိုအောင်ဘု လက်ကိုဆွဲပြီး မစိမ်းကထူလိုက်သည်တွင် ဒယိမ်းဒယိုင်ဖြင့် ရှန်းရင်းကန်ရင်း မစိမ်းအပေါ်သို့လဲကျသွား၏။ ဤအခြေအနေတွင် ကိုအောင်ဘုနှင့် အစိမ်း၏မျက်နှာတို့မှာ ရုတ်တရက်ပူးကပ်သွားကြ၏။ စက္ကန့်အတော်ကြာတော့မှ နှစ်ဦးစလုံးသတိရကြပြီး မိမိတို့မျက်နှာများ ကဗျာကယာ ခွာလိုက်ကြသည်။

ပြီးနောက် ပြိုင်တူပင့်သက်ရှိုက်လိုက်ကြသည်။ ကိုအောင်ဘုသည် မစိမ်း၏မျက်နှာကို မဝံ့မရဲဖြင့် ကြည့်လိုက်မိ၏။ မစိမ်း၏ မျက်လုံးအိမ်တွင် အကြင်နာအရိပ်များ၊ ကရုဏာအရိပ်များ၊ ရက်သွေးဖြာအရိပ်များဖြင့် ရွှန်းလဲ့တောက်ပနေသည်ကို အံ့သြခြင်း၊ ဝမ်းသာကြည်နူးခြင်း၊ ပီတိဝေဖြာခြင်းများစွာတို့နှင့် အတူ ပြိုင်တူကြည့်မိလိုက်ကြလေတော့သည်။

စာအုပ်ကို ဖြူစင်မိုးစာပေ အမှတ် (၂) ဇင်ယော်လမ်း၊ (၂) ရပ်ကွက် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉ ၃၂၀၇၂၄၅၇ နှင့် ၀၉ ၂၆၇၄၅၂၂၀၁ တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။




## ဇွန် စံပယ်နဲ့ ဇလပ် ဇီဇဝါ

ဘဒ္ဒန္တစန္ဒနသာရ(ကျောက်မဲဆရာတော်) ရေးသားသည့် ဇွန်စံပယ်နဲ့ ဇလပ် ဇီဇဝါ (သုတ၊ ရသစာစုများ)စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်၏ အမှန်သိဖို့ခေါင်းစဉ်ဖြင့် ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေဖြင့် လူ့ဘဝ၏ ရည်ရွယ်ချက်ပန်းတိုင် အနှစ်သာရသည် အဝိဇ္ဇာ(မောဟ)မှ ဝိဇ္ဇာ(ပညာ)သို့လည်းကောင်း၊ လောဘမှ အလောဘသို့လည်းကောင်း၊ ဒေါသမှ အဒေါသသို့လည်းကောင်း တိုးတက်ကြီးပွားအောင် အားထုတ်ရန်ပင်ဖြစ်ပါသည်။

လူသားသည် မိမိကံကြမ္မာကို မိမိကိုယ်တိုင်ဖန်တီးနိုင်သော သတ္တဝါဖြစ်သည်။ ကိုယ်ပြုသမျှ ကိုယ်ခံရမည်။ ကိုယ်ပြုသမျှ ကိုယ်စံရမည်။ ဗုဒ္ဓဘာသာသည် တစ်ဆင့်ပြီးတစ်ဆင့် ကျင့်ကြံအားထုတ်ရသော ကျင့်စဉ်တစ်ခုဖြစ်သည်။ ဒါန၊ သီလ၊ ဘာဝနာနှင့် ဝီရိယ ပညာတို့သည် ဘဝ၏အမှန်တရားကို ရှာဖွေရန်ဖြစ်ပြီး ထိုအမှန်တရားကို ရှာဖွေရန်အတွက် သင်တို့တစ်တွေ အကြိမ်များစွာ ကြားဖူးနားဝရှိပြီးသော ကျင့်စဉ်တစ်ခုကို မြတ်စွာဘုရားရှင်က တိကျစွာ ညွှန်ပြတော်မူခဲ့ပြီးဖြစ်သည်။ ကမ္မဋ္ဌာန်းတရားအားထုတ်ခြင်းဖြင့်လည်းကောင်း၊ ပရမတ္ထနှင့် သဘာဝတရားတို့ကို လေ့လာစူးစမ်းခြင်းအားဖြင့်လည်းကောင်း နိဗ္ဗာန်ကို နားလည်သဘောပေါက်နိုင်ကြသည်။ ဗုဒ္ဓဘာသာသည် ကံ (အလုပ်)ကို ယုံကြည်သည်။

အဆိုပါစာအုပ်ကို ဖြည့်စွက်စာများနှင့် တစ်ပေါင်းတည်း တစ်အုပ်တည်း ထုတ်ဝေလိုက်ပါသည်။ စာရေးသူတို့ မသိ မမီလိုက်သည့် ဘာသာ၊ သာသနာခေတ်တို့ကို ထိုစာအုပ်ထဲတွင် ကိုယ်တိုင်ဖြတ်သန်းနေရသကဲ့သို့ ခံစားတွေ့မြင်ရပြီး ကြည်ညိုသဒ္ဓါစိတ်များ ပွားများနိုင်မည်ဖြစ်သည်။

စာအုပ်ကို ပျိုးခင်းစာပေ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဝင်း၊ ရန်ကုန် ကမ္ဘာအေးကုန်မြေမရမ်းကုန်းမြို့နယ် ရန်ကုန်မြို့။ ဖုန်း-၀၉ ၂၅၀၉၀၃၉၆၉၊ ၀၉ ၆၉၀၆၀၆၉၆၁နှင့် နဂါးစာပေ (၈၃)လမ်း ၂၉ X ၃၀ကြား မန္တလေးမြို့။ ဖုန်း-၀၉ ၇၈၂၀၀၄၂၁၀ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀၀ ဖြင့် ဖြန့်ချိသည်။

## စာပေဗိမာန်စာမူဆုရ စာအုပ်များဖြန့်ချိရောင်းချ

နေပြည်တော် ဩဂုတ် ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု လူငယ်စာပေ ဒုတိယဆုရရှိသည့် စာရေးသူနိုက်၏ **“ပေးချင်တဲ့အမွေနှင့် အခြားစာစုများ”** စာအုပ်ကို ရောင်းဈေးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ထခုန်တဲ့ငါးကလေး၊ ပေးချင်တဲ့ အမွေ၊ လူငယ်နှင့် လူမှုကွန်ရက်၊ ဝီရိယသမားများ၊ ပြောင်းလဲလာမှုတွေ မှုသားကင်းတဲ့ဇုန်၊ စိတ်ဖောင်းကြွသူများ၊ ရွေးချယ်ခြင်း၊ စပ်မိစပ်ရာ ရယ်စရာ၊ လူသားတွေရဲ့ တာဝန်၊ ခွဲစိတ်အစားထိုးကုသခြင်း၊ သစ်တောလူသား၊ အစကို မစမိဖို့၊ သင့်တင့်လျောက်ပတ်စွာ၊ တူနဲ့ပေ အခန်း ၁၅ ခန်းပါဝင်သည်။ ဆောင်းပါးတစ်ပုဒ်ချင်းစီကို ခေတ်မီသော အယူအဆ၊ ခေတ်နှင့် လိုက်လျောညီထွေမှုရှိသော အတွေးအခေါ် ခေတ်နှင့် မကင်းကွာသော ဖြစ်ရပ်များကို အခြေခံ၍ ဖခင်တစ်ဦးက သားနှင့်သမီးထံ ပေးစာသဘောမျိုး ရေးဖွဲ့တင်ပြထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ထို့ပြင် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု ပြဇာတ်စာပေ ပထမဆုရရှိသည့် စာရေးသူ သျှင်မိုးခင် (ယဉ်ကျေးမှုတက္ကသိုလ်) ၏ **“ခိုင်ရွှေညာနဲ့ မာလာမှုန်”** စာအုပ်ကို ရောင်းဈေးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် ဆရာနေမျိုးနာဋကကျော်ခေါင်၏ ရာမပြဇာတ်တော်ကြီးကို အခန်းကြီး ၅ ခန်း၊ အခန်းငယ် ၃၀ ဖြင့် ဇာတ်ရည်လည်အောင် ရေးဖွဲ့ထားသော ပြဇာတ်စာပေလက်ရာ စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ မူလပြဇာတ်တော်ကြီး၏ အသွားကိုခင်းကျင်းလျက် ဇာတ်စကားများအတွင်း ပြဇာတ်ရေးသူ၏ ကြံဆချက်များကို လေ့လာနိုင်မည့်အပြင် ပြဇာတ်ကိုဖတ်ရင်း စင်ပေါ်မှာ ကြည့်နေရသကဲ့သို့ ခံစားနိုင်မည်ဖြစ်သည်။

အဆိုပါစာအုပ်များကို အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ အမှတ် (တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိစာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်



## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပြီးစီး

ပုသိမ် ဩဂုတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်တန်းကုန်းကျေးရွာအုပ်စု မဒေါ့ကုန်းကျေးရွာ၌ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၂၀ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ထုတ်ချေးပြီးစီးပြီဖြစ်သည်။

ယင်းသို့ ထုပ်ချေးရာတွင် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့်နှင့် ဝန်ထမ်းများက ကျေးရွာအရောက် ကွင်းဆင်း၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့များနှင့်အတူ၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့် အသင်းသူ အသင်းသား ၉၀ ထံသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၂၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂

## ဟင်္သာတမြို့နယ် ရှားခဲ (အထက) တွင် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြော

ဟင်္သာတ ဩဂုတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ရှားခဲအခြေခံပညာ အထက်တန်းကျောင်း၌ ဟင်္သာတခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်းကို ဩဂုတ် ၉ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှားခဲ (အထက) ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်စန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ဟင်္သာတခရိုင်ပြန်ဆက်ဦးစီးမှူး ဒေါ်ခင်စန္ဒာဆွေက **“နှလုံးသားအာဟာရဖြည့်တင်းဖို့ စာဖတ်ကြပါစို့”** ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား ဉာဏ်စမ်းပဟေဠိ မေးခွန်းများ မေးမြန်းခဲ့ပြီး အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ လူငယ်စကားဝိုင်းပြုလုပ်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သူဇာက လူငယ်စကားဝိုင်း ကျင်းပသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး အစီအစဉ်ညှိနှိုင်းရေးမှူးအဖြစ် ခရိုင်ပြန်ဆက်ရုံးဦးစီးအရာရှိ ဒေါ်အေးအေးမာက ဆောင်ရွက်ပေးရာ ကျောင်းသားကျောင်းသူများက မိမိတို့ကဏ္ဍများအလိုက် ဆွေးနွေးကြသည်။



အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုတွင် ခရိုင်ပြန်ဆက်မှ ဝန်ထမ်းများက မူလတန်းနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူများအတွက် စာဖတ်ဝိုင်းများပြုလုပ်ပေးခြင်း၊ ပုံပြင်ဖတ်ပြခြင်း၊ ကဗျာများရွတ်ပြခြင်း၊ ဉာဏ်စမ်းပဟေဠိများကို အတန်းစဉ်လိုက် အုပ်စုခွဲ၍ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကျောင်းအုပ်ဆရာမကြီး၏ ဦးဆောင်မှုနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၃၅၀ က စုပေါင်းပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

ကိုဇော်(ဟင်္သာတ)

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ၂၅/သုဝဏ္ဏရပ်ကွက်၊ ကျောင်းလမ်းဟုခေါ်တွင်သည့် အမှတ်–၂၈၁၊ အခန်းအမှတ်–၈၊ အကျယ်အဝန်း(၂၀x၉၀)ပေရှိသည့် အိုးအိမ်ဌာနမှတရားဝင်ချပေးထားသည့် တစ်ထပ်တိုက်ပါဝင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်မြင့်မြင့်ဆွေ [၁၂/သဃက(နိုင်)၁၁၅၆၅၇]မှ တရားဝင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသီတာထွန်း [၁၂/လမတ(နိုင်) ၁၂၉၅၁၈] နှင့် ဒေါ်အေးမို့မို့ဟန် [၁၂/တမန(နိုင်)၁၀၅၆၆၈] တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သူဇာအောင် ( LLB, D.I.L,D.B.L, Dip in HR )**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၃၉၅၀)**
**အမှတ်–၆၂၊ အခန်းအမှတ်(၉)၊ ပထမထပ်၊ ပန်းဆိုးတန်း(အောက်လမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၆၉၂၂၂၀၁၀၀၊ ၀၉–၉၄၆၉၄၆၃၂၆**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၄၇၊ မြေကွက်အမှတ်– ၁၇၁၀၊ အကျယ်အဝန်း (၄၀ x ၆၀)ပေ ဒေါ်ခင်မူဦး အမည်ပေါက်ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဂမုန်းပွင့် [၁၂/ရကန(နိုင်)၀၅၂၃၁၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားစာရွက်စာတမ်းမူရင်းများ ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံ ဆက်သွယ်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၄၁၁)**
**အမှတ်– ၁၅၊ ရတနာလမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၅၀၄၂၂၉၆**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးမျိုးတင့်၏ သားမောင်အောင်မျိုးထွန်း [၅/ကလန(နိုင်)၀၆၄၀၇၅] ၏ သင်္ဘောသားလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09–400388760**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၁–၅–၂၀၂၄ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၅)GPဦးတင်ထွန်း၏မြေတိုင်းတွင် မြေကွက်–၆၂၁/ခနှင့်မြေကွက်လိပ်စာ ၆၂၁ခ၊ရန့်ပြေ(၁၂)လမ်း၊(၃/ရန့်ပြေ) ရပ်ကွက်ဟုအမှန်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်–၃၄၈၊ ဦးပိုင်အမှတ်(၃၅)၊တာရိန်လမ်းမျက်နှာပြု ဝါဆိုကျောင်းလမ်းနှင့်မြို့ပတ်ကမ်းနားလမ်းကြားရှိ ဦးတုတ်၊ ဒေါ်မြကျင်၊ ဒေါ်မြရင် အမည်ပေါက် ဂရန်မြေကွက်အား အဘိုးဦးတုတ်၊ အဘွားဒေါ်မြရီ၊ ဒေါ်မြကျင်(အပျိုကြီးဘဝဖြင့်) သားဦးစန်းလွင်ဦးတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၆၁၀/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သူ (မြေး)ဒေါ်ဇင်မြတ်ဖြိုး[၉/မဟမ(နိုင်)၀၃၇၇၈၈]က အမှုတွဲအမှတ်(၂၇၁၀/၂၀၂၄–၂၀၂၅)ဖြင့် သက်တမ်းတိုးအမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်–၄၉၀၊ ဦးပိုင်အမှတ်(၄၁/ဆ)၊ ၁၀၅(C)လမ်း၊ ၈၄x စစ်ကိုင်းလမ်းကြားရှိ ဦးအောင်နိုင်ဝင်း၊ မောင်မြင့်သူဝင်း၊ မသင်းသင်းခိုင်၊ မခင်ပြည့်၊ မောင်ဝင်းကိုကိုလတ်တို့ အမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်ခင်ပြည့်ပါ(၄)ဦးတို့ထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၅၁၇၆/၂၀၂၀)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သူ ဦးမြင့်သူဝင်း[၁၃/ကမန(နိုင်)၀၀၁၀၂၇]နှင့်အတူ ဇနီးဖြစ်သူ ဒေါ်စန်းဝင်း[၉/မလန(နိုင်)၀၉၁၂၀၉]တို့က အမှုတွဲအမှတ်(၀၃၅၁/ဘ(ပြောင်း)/၂၀၂၄–၂၀၂၅)ဖြင့် ဘိုးဘအမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက် အမှတ်–၀.၄၊ ဦးပိုင်အမှတ် (၆၀)၊ ၇၁x၇၂လမ်းကြား၊ ၁၁၄x၁၁၅လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူဦးသန်းအောင်၏ (SP ရရှိသူ ဦးချစ်ဆွေ)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၁၄၀၁/၂၀၀၉)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကြည်ကြည်မျိုးက ဝယ်ယူခဲ့ပြီး၊ ဒေါ်ကြည်ကြည်မျိုးထံမှ ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်(၁၉၁/၂၀၂၃) (၂၇–၁၂–၂၀၂၃)ရက်စွဲပါ စီရင်ချက်ဒီကရီအရ ဝယ်ယူခဲ့သူ ဒေါ်ခင်သန္တာဝင်း[၉/မရမ(နိုင်)၀၃၉၁၂၀]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၇၁၇/၂၀၂၄–၂၀၂၅) ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရတနာလမ်းသစ်(ဒု)အဆင့်အိမ်ရာ၊ တိုက်အမှတ်(၁၂)၊ အခန်းအမှတ်(၂၀၁)ကို မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးသန်းလင်းအောင် [၁၄/ပတန(နိုင်)၁၂၄၃၆၇]ထံမှ ပြန်လည်ဝယ်ယူထားသူ ဒေါ်လွင်လွင် [၁၂/မရက(နိုင်)၁၁၂၇၂၃] က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ( ၁၄ ) ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၂) ရပ်ကွက်၊ ရတနာလမ်းသစ်အိမ်ရာ၊ တိုက်အမှတ်(၁၄)၊ အခန်းအမှတ်(၁၀၂)၊ ပထမထပ်ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်မျိုးသွင် [၁၂/သဃက(နိုင်)၀၄၄၁၁၈] ထံမှ ပြန်လည်ဝယ်ယူထားသူ ဒေါ်မြတ်နွယ် [၁၂/ဒပန(နိုင်)၀၀၂၇၆၁] က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကညင်ပင်ကျေးရွာ၊ ကညင်ပင်(၁)လမ်း၊သဲဖြူကွင်း၊ ဦးပိုင်အမှတ်– ၁၂၀/၁က(၁)၊ ကွင်းအမှတ်–၆၆၉၊ ဧရိယာ(၁)ဧက၊ ဒေါ်အိရွှေဇင်အမည်ပေါက် လန–၃၉ရရှိပြီး မြေကွက်အနက်မှ(၁၂၈ပေx၅၇ပေ) အကျယ်ရှိမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ရောင်းချခွင့်ရှိသူဟုဆိုသော ပိုင်ရှင်ဦးနိုင်လင်းထွန်း၊ [၁၂/သလန(နိုင်)၁၁၄၄၂၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဒေါ်မြင့်[၁၂/သခန(နိုင်)၀၁၈၉၁၆]နှင့် ဒေါ်ဌေးကြည် [၁၂/သခန(နိုင်)၀၆၇၂၉၀] တို့မှ ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တရားဝင် ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်ထက်ကျော်(LL.B)** | **ဒေါ်ထက်ထက်လတ်(LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၄၈၆၅၆/၁၇)** | **(စဉ်–၁၈၄၇၃/၂၀၂၃)** |

**ရုံးခန်း–သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊**
**သန်လျင်မြို့။ ဖုန်း–၀၉–၄၂၈၀၂၆၆၃၆၊ ၀၉–၇၉၆၈၁၈၄၉၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ရဲမွန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၂၄)၊ ကွင်းအမည် ရဲမွန်ကြီးကွင်း၊ ဦးပိုင်အမှတ်(၉၄/က) ဧရိယာအားဖြင့် (၂.၃၀) ဧကအကျယ်အဝန်းရှိသော ပုံစံ(၇)လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် မူလအမည်ပေါက်ဖြစ်သူ ကွယ်လွန်သူ ဦးကိုကိုကြီး ပိုင်ဆိုင်သည့် ထိုလယ်ယာမြေကွက်နှင့် ပတ်သက်သည့် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ လှည်းကူးခရိုင်တရားရုံးတွင် တရားမအထွေထွေမှုအမှတ်(၁၃/၂၃)ဖြင့် အမွေဆက်ခံခွင့်လက်မှတ်ရရှိထားသူ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သည့် ကျန်ရစ်သူ ဇနီးဖြစ်သူ ဒေါ်သန်းသန်းလွင် [၁၂/မဂဒ(နိုင်)၁၁၁၀၄၅] (ပ)စံပြရပ်ကွက်၊ အမှတ်(၂၅)၊ သြဘာလမ်း၊ ထောက်ကြန့်မြို့နယ် နေထိုင်သူမှ မူလအမည်ပေါက်ဖြစ်သူ ဦးကိုကိုကြီးအမည်မှ မိမိအမည်သို့ ပြောင်းလဲလျှောက်ထားခြင်း၊ ထိုမှတစ်ဆင့် ထိုပုံစံ(၇)လယ်ယာမြေ၏ လုပ်ပိုင်ခွင့်တို့အား တစ်ဆင့် ပြန်လည်ရောင်းချခြင်း၊ ဝယ်ယူသူနှင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်း၊ ထို့နောက် ဝယ်ယူသူအမည်သို့ ပြောင်းလဲလျှောက်ထားပေးခြင်း စသည်တို့ကို တရားဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် ယခုကန့်ကွက်နိုင်ကြောင်း ကြော်ငြာပါပုံစံ(၇) လယ်ယာမြေကွက်၏ မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်ရပ်ရပ်တို့နှင့်ပတ်သက်သော အမွေစားအမွေခံအပါအဝင် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော (မူရင်း)စာရွက် စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်တွင်ဖော်ပြထားသည့် လုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲနုဝင်း(LLB,DBL) အထက်တန်းရှေ့နေ (စဉ်–၄၅၅၇၇/၂၆–၁–၂၀၁၅)**
**အမှတ်–၆၀(B–2)၊ သီရိလမ်း၊၂– ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၅၀၀၄၆၆၈၆၊ ၀၉–၄၀၁၁၅၄၆၀၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၉၀၊ မြေကွက်အမှတ် ၁၄၃၁၊ မြေကွက်တည်နေရာအမှတ်(၁၄၃၁)၊ ဒဂုံသီရိလမ်း၊ (၉၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒေါ်စိန်စိန်မြင့် (CB –၀၁၃၂၂၆) အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဒေါ်စိန်စိန်မြင့် (CB–၀၁၃၂၂၆) [၁၂/ရကန(နိုင်)၀၄၄၀၃၆]မှ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်စာရွက်တွင် မြေတိုင်း/မြေကွက်ကို ဖော်ပြထားခြင်းမရှိသည့် ပါမစ်မူရင်းတင်ပြ ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင်(၂)ထပ် Steel Structure ကျူးကျော်အဆောက်အဦ (၁)လုံးရှိပြီး ဒေါ်စိန်စိန်မြင့်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်–၂၃၅၃၀/၃–၁၁–၂၀၂၃ဖြင့် ရရှိသူ ဒေါ်နီလာဝင်း [၁၂/ရကန(နိုင်)၀၁၃၉၉၁]၊ ဒေါ်သီတာဝင်း [၁၂/ရကန(နိုင်)၀၁၄၂၅၁]တို့မှ အထွေထွေကိုယ်စားလှယ်လွှဲစာနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာ ပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့ တင်ပြ၍ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးထားပါသည်။ မြေပြင်တွင် ကျူးကျော်အဆောက်အဦ(၁)လုံးရှိခြင်းနှင့် ပတ်သက်၍လည်း လျှောက်ထားသူမှ ဝင်စာ–၃၄၅၂ /၁၁–၃–၂၀၂၄ဖြင့် ကျူးကျော် အဆောက်အဦအား ဖယ်ရှားရေးဆောင်ရွက်နေပြီဖြစ်ပါသောကြောင့် ဂရန်သစ်ခွင့်ပြုရေးကိစ္စအား ဆက်လက်ဆောင်ရွက်ပေးပါရန် ရှင်းလင်းတင်ပြလာပါသဖြင့် ဒေါ်စိန်စိန်မြင့်မှ ပါမစ်မူရင်းတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးဖြောင်၏ သမီးနန်းယိန်း [၁၃/တကန(နိုင်)၁၆၅၆၄၈] ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09–455206070**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးဖဲ့၏ သား မောင်ကြုတ် [၁၃/တကန(နိုင်)၀၅၂၅၁၉] ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09–455206070**

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အထက(၆) Grade–12 တွင် ပညာသင်ကြားနေသော အဖ ဦးသန်းညွန့်၏ သားဖြစ်သူ အမည်မှန်မှာ မောင်အောင်ငြိမ်းထွန်း [၁၁/ပတန(နိုင်)၁၆၃၉၆၂] ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ အင်္ဂပူ အထက ကျောင်း Grade–6 တွင် ပညာသင်ကြားနေသော မောင်ဇေယျာထက်၏ ဖခင် အမည်မှန်မှာ ဦးဖိုလ်ဖိုလ်ထွန်း [၁၂/သကတ(နိုင်)၁၇၃၄၇၉] ဖြစ်ပါကြောင်း။

**ရန်ကုန်မြို့၊သဃ်န်းကျွန်းမြို့နယ်၊မလိခအိမ်ရာစီမံကိန်း၊သရဖီလမ်းရှိမလိခကွန်ဒိုမီနီယမ်ဟုခေါ်တွင်သောTower-D၊ Level-8၊Unit Type-D2၊အခန်းအမှတ်–08-02ရှိသော (၈၅၇.၉၆)စတုရန်းပေရှိကွန်ဒိုတိုက်ခန်းတစ်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်နိုင်ပါကြောင်း။**

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းအား ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်ထံမှ အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ဝယ်ထားရှိပိုင်ဆိုင်လျက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း**ဒေါ်နှင်းဇာခြည်(၉/ပမန(နိုင်)၁၅၈၉၉၇)**က ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ– **ဒေါ်နွယ်နီအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၃၉)**
အမှတ်(၃/၃၀၄)၊ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၂၂၁၀၈၀၇

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ရန်ကင်း(၅)လမ်း၊ ကွင်းအမှတ်–(၉၈၈–က၂)၊ သာယာကုန်းကွင်း၊ အရှေ့လားသော် – ရန်ကင်း(၅)လမ်း၊ အနောက်လားသော်–ဒေါ်ဝင်းစန္ဒာ အိမ်နှင့်ခြံ၊ တောင်လားသော်–ဒေါ်နီလာဝင်း အိမ်နှင့်ခြံ၊ မြောက်လားသော် ဒေါ်ငယ်မ အိမ်နှင့်ခြံ၊ အဆိုပါ အလား(၄)ရပ်ကြားရှိ ဧရိယာ–(၂၁ x ၅၄)ပေအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်တွင် ဆောက်လုပ်ထားသော (၁)ထပ်တိုက် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဒေါ်မြင့်မြင့်မော် (ဘ)ဦးအုန်းမြင့် [၁၂/လမန(နိုင်) ၀၃၄၃၉၄] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးကျော်ကာ [၅/ကလန(နိုင်) ၀၈၀၅၄၀] က အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့် နေ့မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက ကျွန်ုပ်၏ မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ကာ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဆွေဇင်ဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၀၂၄)**
**အမှတ် – (၁/ရ–၁၂၃)၊ (၁/ရ– ၅ လမ်း)၊ မေဃဝတီတိုးချဲ့၊ သာသနာ့ရိပ်သာ ရပ်ကွက်၊ လှည်းကူးမြို့။ ဖုန်း–၀၉–၄၂၁၀၃၀၆၈၇၊ ၀၉– ၇၉၅၄၈၅၄၃၈**

## အမွေခွဲစာချုပ်အရ ပိုင်ဆိုင်ခွင့်ရှိသော ပစ္စည်းများကို လွှဲပြောင်းရောင်းချခြင်း အပေါ် ကန့်ကွက်တားမြစ်ခြင်း အများသိစေရန်ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝါဝါထွန်း(အဖ)ဦးမောင်လှ [၁၂/လကန(နိုင်)၁၈၁၈၀၁]၊ အမှတ် – အ/၄၄၊ အရှေ့မင်းလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့နယ်နေသူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်–

လှည်းကူးမြို့နေ ဦးမောင်လှ (ကွယ်လွန်)နှင့် ဒေါ်အေးမြင့်တို့ပေါင်းသင်းရာမှ သားသမီးများအဖြစ် (၁)ဒေါ်တင်တင်သော်၊ (၂) ဒေါ်ခင်ခင်ကျော်၊ (၃) ဦးသက်နိုင်၊ (၄)ဦးနေမျိုးနိုင်၊ (၅)ဒေါ်နီနီထွန်းနှင့် (၆)ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဝါဝါထွန်းတို့ထွန်းကားခဲ့ပါသည်။ ဖခင်ကွယ်လွန်ပြီးနောက် (၃၀–၆–၂၀၁၈) ရက်စွဲပါ "မိဘများ၏အမွေအား ခွဲဝေရရှိပြီးဖြစ်ကြောင်းနှင့် ထပ်မံတောင်းဆိုခြင်းမပြုတော့ကြောင်း ဝန်ခံကတိစာချုပ်"ကို ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ အောင်မင်္ဂလာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရာအိမ်မှူးနှင့် တရားလွှတ်တော်ရှေ့နေတို့က လက်မှတ်ရေးထိုးချုပ်ဆိုကာ မူရင်းနှင့်မူရင်းခွဲစာချုပ်များကို ညီအစ်ကို မောင်နှမ(၆)ဦးတို့ လက်ခံရယူထားခဲ့ပြီးဖြစ်ပါသည်။

စာချုပ်အရ အမွေဆိုင်ပစ္စည်းများမှာ

၁။ အမှတ် –အ /၄၄၊ အရှေ့မင်းလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ (၂၀ပေx၁၂၀ပေ)ခန့် ကွင်းအမှတ်(၁၁၄၆ –က)၊ ပန်းပဲတန်းကွင်း၊ ဦးပိုင်အမှတ်(၃/၄)၊ (၀.၅၅) ဧကရှိ မြေနှင့်မြေပေါ်ရှိ တိုက်ခံအိမ်တစ်လုံး၊ ရွှေအုန်းပွင့်အမည်ဖြင့် ဆောက်လုပ်ရေးပစ္စည်းဆိုင်

၂။ လှည်းကူးမြို့၊ သီတာအေး၊ မင်းလမ်း၊ အမှတ်(၆၀၆)၊ (၆၀ပေx၅၀ပေ) အကျယ်မြေကွက်နှင့်မြေပေါ်ရှိ ဂိုဒေါင်အဆောက်အဦ သွပ်မိုးပျဉ်ကာ အဆောက်အဦနှင့် ထပ်မံမွမ်းမံတိုးပွားလာသော အဆောက်အဦများ၊ ပစ္စည်းများ။

၃။ လှည်းကူးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာ(၁)လမ်း၊ အမှတ်(အ /၁၀၁)၊ မြေကွက်အကျယ် – (၂၅ပေx၅၅ပေ) (၂)ထပ် RC တိုက်တစ်လုံး၊ ၎င်းနှင့်ကပ်လျက် (၂၅ပေ x ၅၅ပေ) အကျယ်ရှိ မြေကွက်လွတ် တစ်ခုအပါအဝင် အခြားပစ္စည်းများဟုဖော်ပြပါရှိကြောင်း ကျွန်ုပ်တို့ထံ ပြသညွှန်ကြားလာပါသည်။

ဖခင်ကြီးဦးမောင်လှ ကွယ်လွန်ပြီးနောက် သားသမီးများဖြစ်ကြသော အထက်ဖော်ပြပါ အမှတ်စဉ်(၁)မှ (၃)အထိ ပါသူများသည် ပိုင်ဆိုင်မှုကို သက်ဆိုင်ခြင်းမရှိသည့်အပြင် ထိုပစ္စည်းများအပေါ် အခြေပြု၍ ထပ်မံတိုးပွားလာသော ပစ္စည်းများမှာ ဝန်ခံကတိပြုသူများနှင့်သက်ဆိုင်ခြင်းမရှိကြောင်း ဒေါ်တင်တင်သော် [၁၂/လကန(နိုင်)၁၃၉၁၁၆] ဦးသက်နိုင် [၁၂/လကန(နိုင်)၁၃၉၀၃၇] ဒေါ်နီနီထွန်း [၁၂/လကန(နိုင်)၁၆၂၈၇၉] တို့က လက်မှတ်ရေးထိုး လက်ဗွေနှိပ်ခဲ့ကြပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အမွေပုံပစ္စည်းများကို ကျွန်ုပ်တို့၏ မိတ်ဆွေဒေါ်ဝါဝါထွန်း၏ သဘောတူခွင့်ပြုကြောင်း လက်မှတ် တစ်စုံတစ်ရာ မပါရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ အပေါင်အနှံ၊ ပေးကမ်းစွန့်လွှတ်၊ လှူဒါန်းခြင်း ပြုလုပ်ပိုင်ခွင့် မရှိသည့်အပြင် ဒေါ်ဝါဝါထွန်းကို အသိမပေးဘဲ ရောင်းချထားခြင်းပြုလုပ်ခဲ့ပါက တရားမဝင် အတည်မဖြစ်ကြောင်း ဒေါ်ဝါဝါထွန်းသည် အထက်ဖော်ပြပါ အမှတ် – အ / ၄၄၊ အရှေ့မင်းလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့နယ်ရှိ နေအိမ်တွင် မူလကတည်းက နေထိုင်စီးပွားရှာခြင်းကို မည်သူကမျှ နှင်ထုတ်ပိုင်ခွင့်မရှိကြောင်း၊ အထက်ပါပစ္စည်းများနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဝါဝါထွန်း သဘောတူခွင့်ပြုခြင်းမရှိဘဲ တရားမဝင် ဝယ်ယူထားသူများသည် ဝယ်ယူခြင်း တရားမဝင်ကြောင်း၊ အသက်အရွယ်(၈၀)ကျော်အရွယ် မိခင်အိုကြီးကို ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဝါဝါထွန်းနှင့် ပတ်သက်၍ သားအမိအချင်းချင်း သွေးကွဲအောင် ဆောင်ရွက်မှုမျိုးကို ရှောင်ကြဉ်ကြပါရန် ကြေညာချက်ပါတားမြစ်မှုအား လိုက်နာခြင်းမရှိဘဲ ဆောင်ရွက်သူမှန်သမျှကို ဥပဒေအရဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်းပြုအပ်ပါသည်။

| | | | |
|---|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** | | |
| **ဒေါ်ဝါဝါထွန်း** | **ဦးမောင်ကြီး** | **ဦးစိန်မြင့်** | **ဦးဝင်းမောင်** |
| **[၁၂/လကန(နိုင်)၁၈၁၈၀၁]** | **(စဉ်–၁၇၇၇)** | **(စဉ်–၁၀၉၁၆)** | **(စဉ်–၅၀၄၅၈)** |

**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁၈ – ၃၇၇၄၀၆**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သန်းရီ

**စီးပွား/ကူးသန်း(ငြိမ်း)**

## အသက်(၈၁)နှစ်

(ဦးဘခင်–ဒေါ်စိမ်းမြိုင်)တို့၏သမီး၊ (ဦးအောင်သိန်း–ဒေါ်လှမေ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ နီလာလမ်း၊ အမှတ်(၁၁၅/၅)နေ (ဦးဝင်းကို)၏ ချစ်လှစွာသော ဇနီး၊ ဦးသော်တာ–ဒေါ်ဆွေဆွေဦး၊ ဦးနေမျိုး၊ ဦးကျော်ကျော်ထွန်း–ဒေါ်ချိုချိုအောင်၊ Australia နိုင်ငံ Sydney မြို့နေ ဦးဝင်းအောင်–ဒေါ်နိုင်နိုင်ဝင်း၊ ဦးချိုဝင်းမောင်–ဒေါ်ချိုချိုခိုင်တို့၏ ချစ်လှစွာသော မိခင်၊ မအိသော်တာဦး၊ မောင်ကောင်းခန့်ကို၊ မဆုစန္ဒာထွန်း၊ Christine Aung, William Aung၊ မကြည်ဖြူအေး၊ မောင်အောင်ချမ်းသာတို့၏ ချစ်လှစွာသောအဘွား ဒေါ်သန်းရီသည် ၉–၈–၂၀၂၄ရက် ည ၈:၁၈နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁–၈–၂၀၂၄ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးလှမောင်

**MA,DT**

**အထပြ(ငြိမ်း) အထက(၂) ပုဇွန်တောင်**

**ရခိုင် AUTOZONE ကားပစ္စည်းဆိုင်**

## အသက်(၉၃)နှစ်

(ဦးစံရွှေ–ဒေါ်မဘုံ)တို့၏သား၊ ဒေါ်လှနု၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်မင်းဦး–ဒေါ်နှင်းနှင်းဦး၊ ဒေါက်တာအောင်ဝင်း– ဒေါက်တာနီလာ၊ ဦးဝင်းထွန်း–ဒေါ်မီးမီးခိုင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ ကိုကောင်းမြတ်မင်း–မသူထူးစံ၊ ကောင်းခန့်ဇော်၊ သဲသဲ၊ ကဲကဲတို့၏ ချစ်လှစွာသောအဘိုးသျှင်၊ အမှတ်(၃၁၊ အခန်း(၂)၊ စပယ်လမ်း၊ ဘိုလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ ဦးလှမောင်(အငြိမ်းစား–အထက်တန်းပြ အင်္ဂလိပ်စာဆရာ အထက(၂)ပုဇွန်တောင်)သည် (၉၆)ပါးသောရောဂါဖြင့် ၁၀–၈–၂၀၂၄ရက်(စနေနေ့)ညနေ ၃:၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂–၈– ၂၀၂၄ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြား အပ်ပါသည်။

(နေအိမ်မှကားများမွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆–၈–၂၀၂၄ရက်(သောကြာနေ့) နံနက်၇ နာရီမှ ၁၀နာရီအထိ အထက်ပါ တာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း**

## ဦးအောင်ချစ်ခိုင်

**ဒု–အကောက်ခွန်မှူး(ငြိမ်း)**

## အသက်(၅၉)နှစ်

ရာသက်ပန်အသင်းဝင်အမှတ်(ရာ/၁၃၁၅) ဦးအောင်ချစ်ခိုင်သည် ၉–၈–၂၀၂၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၈–၂၀၂၄ရက် မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် ကျေ့ကြီးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်– ၉၉–၁၉၊ ဦးပိုင်အမှတ်–(၄၆)၊ ၅၀x၅၁လမ်းကြား၊ ၁၀၈x၁၀၉လမ်းကြားရှိ တပ်သားစီအာစူးအမည်ပေါက် တောဂရန်မြေကွက်အား ချမ်းမြသာစည်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၈၄/၂၀၂၂)တွင် ၂၅–၁–၂၀၂၃ရက် နေ့က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ တပ်သားစီအာစူးထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၉၅၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လှလှဝင်း [၁/ကမန(နိုင်)၀၄၉၆၄၀]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၇၅၂/၂၀၂၄–၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## အမှားပြင်ဆင်ချက်

(၉–၈–၂၀၂၄)ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ–၂၈ ပါ အများသိစေရန် ဖော်ပြချက်တွင် ကန်ထရိုက်တာ ဦးခင်မောင်မြင့်(ခ) အန်နာယာတူလာ [၁၂/မဂတ (နိုင်) ၁၀၅၄၉၄]ထံမှ ဦးမောင်မောင်စိုး [၁၂/ကမတ (နိုင်) ၀၅၇၃၉၅]က ကြိုပို့ငွေဖြင့် အရစ်ကျဝယ်ယူထားသည့်တိုက်ခန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ ရာဇသင်္ကြန် (၃)လမ်းရှိ မြေကွက်အမှတ်(၁၃၇/ခ)ဟု ခေါ်တွင်သော မြေပေအကျယ် (၂၀ x ၆၀) ပေရှိ ဒေါ်ခိုင်ဇာတင့် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်သည့် တစ်ခန်းတွဲ (၆)ထပ် Hall Type ၏ (အလျား ၁၈ပေ x အနံ ၅၄ပေ)ရှိ စတုတ္ထထပ် (၃)လွှာအခန်းအစား **တတိယထပ် (၄)လွှာ** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် ကြေညာအပ်ပါသည်။

**ဦးချမ်းငြိမ်းဇေယျာလင်း** **ဒေါ်လင်းအိခိုင်ဇင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၅၃၅၈)** **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၂၅၄)**
**အမှတ်(ခ/၈၅၇)၊ (၂)လမ်း၊ အပိုင်း(၅)၊ ငမိုးရိပ်ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၁၅၃၇၂၃**

---

## ဦးညာဏ

**အင်ဂျင်နီယာချုပ်(ငြိမ်း)၊ မြန်မာသင်္ဘောကျင်း၊ ဆင်မလိုက်**

**MMEA နာယကကြီး**

## အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ခြံအမှတ်(၁၇၁)နေ ဦးအောင်ကြွယ်ဝင်း–ဒေါ်သန္တာအေး၊ ဦးဘမြင့်–ဒေါ်သီတာအေး၊ ဦးမောင်မောင်ဦး–ဒေါ်နီလာအေး၊ ဦးသိန်းဇော်ဦး–ဒေါ်စန္ဒာအေး၊ ဒေါ်ခင်စိုးရှင်၊ ဦးဝင်းသိန်း–ဒေါ်ဝဏ္ဏအေး၊ ဦးဝဏ္ဏအောင်–ဒေါ်နှင်းသက်အေးတို့၏ ဖခင်ကြီး၊ မြေး ငါးယောက်၊ မြစ် သုံးယောက်တို့၏ ဘိုးဘိုးကြီး၊ ဒေါ်ထွေးထွေးမြင့်၏ ခင်ပွန်းသည် ၉–၈–၂၀၂၄ (သောကြာနေ့) ည ၉:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၈–၂၀၂၄(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဂျွန်မာဘီ(ခ)ဒေါ်ကြည်ကြည်ဝင်း

## အသက် (၆၅) နှစ်

ခရမ်းမြို့၊ ဈေးလမ်းနေ (ဦးစိန်ပု– ဒေါ်ခင်ကြည်)တို့၏သမီး၊ ဦးတင်အောင်၊ ဦးခင်မောင် – ဒေါ်တင်အေးရီတို့၏ညီမ၊ ဆုမွန်အေး၊ သဥ္ဇာမောင်၊ အောင်မြတ်သူတို့၏အဒေါ်၊ မောင်ထူးထူး၏ အဘွား၊ ဦးခင်မောင်ညွန့်၏ဇနီး၊ မောင်ဝေလင်းအောင်နှင့် မအေးသီတာသန့်တို့၏ ချစ်မိခင် ဒေါ်ကြည်ကြည်ဝင်းသည် ၆–၈–၂၀၂၄ရက်နံနက်၅:၃၀ နာရီတွင်အသျှင်မြတ်အမိန့်ခံယူသွားပါ၍ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် သန်လျင်မြို့ ဒါရ်ဂါဉယျာဉ်တော်ဝင်းအတွင်း ဒပ်ဖနာပြီးစီးကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာကြီး**

## ဦးဟန်လှ

**MD ထက်မြက်ဟန် ကုမ္ပဏီလီမိတက်**

## အသက်(၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ(ဦးပီစီဒူဆပ်–ဒေါ်ကျင်ရွှေ)တို့၏သား၊(ဦးတင်လှ)၊ ဦးတင်လှိုင်၊ (ဦးစိန်မောင်)၊ ဦးကျော်မြင့်ဦး–ဒေါ်ကြင်မိ၊ (ဒေါ်သင်းသင်းခိုင်)၊ ဒေါ်စိုးစိုးပိုင်၊ ဒေါ်မြင့်မြင့်ကြိုင်၊ ဒေါ်တင်တင်နု၊ ဦးစံမင်း–ဒေါ်ချိုချို၊ ဦးသိန်းဟန်–ဒေါ်တင်မာလွင်တို့၏ ညီမောင်၊ ဦးဝေဖြိုးမောင်–ဒေါ်မေသက်ဟန်၊ ဒေါ်နန္ဒာထက်ဟန်၊ ဒေါ်မြတ်နိုးဟန်တို့၏ ဖခင်၊မောင်မိုးသူရမောင်၏ အဘိုး၊ ဒေါ်ဖြူဖြူခိုင်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဟန်လှသည် ၉–၈–၂၀၂၄ရက် ညနေ ၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၅–၈–၂၀၂၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅–၈– ၂၀၂၄ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁နာရီထိ အမှတ်(၂၁၆)၊ (၃၆)လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၁၅၊ လူနေရပ်ကွက်အမှတ်–အရှေ့ပြည်သာရိပ်မွန်၊ မြေကွက်အမှတ်–၃/A၊ အိမ်အမှတ်(A.11/B)၊ အကျယ်အဝန်း(၃၀' x ၇၆')၊ ဧရိယာ(၂၃၅၆)စတုရန်းပေ၊ (၀.၀၅၄)ဧကရှိ ဒေါ်ကြူရှုဟျောင်(ခ)ဒေါ်တင်တင်မွေးအမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် မြို့မြေစာရင်းတွင် ယခုရောင်းချသူ ဒေါ်ကြူရှုဟျောင်(ခ) ဒေါ်တင်တင်မွေး [၁၂/ဗဟန (နိုင်) ၀၁၀၀၅၄] မှ အမည်ပေါက်ပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေတို့မှ အပြီးအပိုင်ဝယ်ယူပြီး ရောင်းဖိုးငွေအား အပြေအကျေပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာဖြိုး (LL.B) အထက်တန်းရှေ့နေ (စဉ်–၄၀၇၁၄)**
**ဖုန်း–၀၉–၂၅၀၅၁၆၉၈၀**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၁)ရပ်ကွက်၊ အင်ကြင်းမြိုင်အိမ်ရာ၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၀၀၂)၊ မြေညီထပ်ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သိန်း [၁၂/ဗဟန(နိုင်)၀၃၀၄၆၉] ထံမှ ဆက်စပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်သန်းသန်းတင့် [၁၂/ဥကမ(နိုင်)၀၉၀၆၃၂]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ( ၁၄ )ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ရီ

## အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်တာဝါ(2B)၊ အခန်းအမှတ်(၆၀၇)နေ (ဦးခင်–ဒေါ်သီ) တို့၏သမီး၊ (ဦးသောင်းတင်)၏ဇနီး၊ ဦးနေဇော်လင်း–ဒေါ်ခင်ဆွေဝင်း၊ (ဦးသိန်းထွဋ်)–ဒေါ်မီမီထွန်း၊ ဦးမြတ်ဇော်–ဒေါ်ရီရီဝင်း၊ ဦးအောင်ကျော်မိုး(Jeffery)–ဒေါ်အေးအေးသောင်း၊ ဦးမျိုးဝေ–ဒေါ်စန္ဒာသောင်းတင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၄ ယောက်၊ မြစ် ခြောက်ယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၉–၈–၂၀၂၄ (သောကြာနေ့) မွန်းလွဲ ၁:၁၀ နာရီတွင် ဂရန်းဟန်သာ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၁–၈–၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅–၈–၂၀၂၄ (ကြာသပတေးနေ့)နံနက် ၈ နာရီမှ ၁၁ နာရီအတွင်း အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးသန်းဆင့် (တောင်ကုတ်)

## အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ မလ္လကုန်းလမ်း၊ အိမ်အမှတ်(၈၁)၊ ၃လွှာ(ယာ)နေ (ဦးဘဆင့်–ဒေါ်အေးသွယ်)တို့၏သား (ဦးကျော်သန့်–ဒေါ်စိန်တင့်)တို့၏ သားသမက်(ဦးမြင့်အောင်)–ဒေါ်မေသန်းတို့၏မောင်၊ ဦးဇော်မြတ်မင်း–ဒေါ်ခင်အေးမွန်၊ ဦးဟန်လင်းထွန်း–ဒေါ်မော်မော်ထွေးတို့၏ ချစ်လှစွာသောဖခင်၊ မြေး နှစ်ယောက်တို့၏ ချစ်လှစွာသောအဘိုး၊ ဒေါ်ခင်သန်းမေ၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၀–၈–၂၀၂၄(စနေနေ့) နံနက် ၂နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁–၈–၂၀၂၄(တနင်္ဂနွေနေ့)ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ညှိုးငယ်သောစိတ်ထားဖြင့် အသိပေး အပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၆–၈–၂၀၂၄(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်စောဦးလမ်း၊ သာစုအရှေ့ရပ်ကွက်၊ တိုက်အမှတ်(၂၂)၊ ၃–လွှာ(A)၊ ဒုတိယထပ်ဟု ခေါ်တွင်သောတိုက်ခန်းနှင့် ယင်းတိုက်ခန်းဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ဝယ်ယူ ပိုင်ဆိုင်ရောင်းချ ပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသည့် ဒေါ်သူဇာအောင် [၁၂/ကမတ (နိုင်) ၀၆၁၃၃၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်း အရပ်ရပ်တို့နှင့်ပတ်သက်ပြီး၊ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိန်ဝင်း B.A, H.G.P, C.B.L, D.B.L, D.M.L အထက်တန်းရှေ့နေ (စဉ်–၆၀၈၂/၈၂)**
**တိုက်အမှတ်–၃(အေ)၊ ၃–လွှာ(ခေါင်းရင်းခန်း)၊ သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၈၇၉၂၇၁၉၉**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ မအူပင်လမ်း၊ အမှတ်(၃၂)ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း၊ ဓာတ်လှေကားပါ(၈ ၁/၂)ထပ်တိုက်၏ Penthouse (၉)ထပ်မြောက် တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဒေါ်မိုးမြတ်မြတ်မိုး[၇/ထတပ(နိုင်)၀၀၈၀၀၂] အား ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နဲလ်ငိုက်ကိမ် [၄/တဇန(နိုင်)၀၂၅၃၈၃]မှ တိုက်ခန်း ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်း အဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်–၁၀၀၆၃)** | **LL.B, DBL (စဉ်–၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း–၀၉–၄၂၁၀၃၅၉၆၃** | **ဖုန်း–၀၉–၇၉၀၁၂၃၄၈၀** |

**အမှတ်(၈၆)၊ ၇–လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

---

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်သည့် ဘက်စုံပညာရေးစနစ်ကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

# အိမ်ရှင်ပြင်သစ်အသင်းကို အနိုင်ရပြီး စပိန်အသင်း ပါရီအိုလံပစ် အမျိုးသားဘောလုံးပြိုင်ပွဲရွှေတံဆိပ်ဆုဆွတ်ခူး

အိမ်ရှင်ပြင်သစ်အသင်းနဲ့ စပိန်အသင်းတို့ သြဂုတ် ၉ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပါရီအိုလံပစ် ၂၀၂၄ အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ စပိန်အသင်းက ပြင်သစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပါရီအိုလံပစ်ရွှေတံဆိပ်ဆုကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။


စပိန်အသင်းကစားသမားများ ဂိုးသွင်းပြီးနောက် အောင်ပွဲခံစဉ်။

ပြင်သစ်အသင်းနဲ့ စပိန်အသင်းတို့ပွဲစဉ်မှာ ပြင်သစ်အသင်းဟာ ပွဲကစားချိန် ၁၁ မိနစ်မှာ ရရှိခဲ့တဲ့ မီလ်လော့ရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် စပိန်အသင်းက ပွဲကစားချိန် ၁၈ မိနစ်နဲ့ ၂၅ မိနစ်တို့မှာ ဖာမင်လိုပက်ဇ်ရဲ့ သွင်းဂိုးနှစ်ဂိုး၊ ၂၈ မိနစ်မှာ အဲလ်လက်ဇ်ဘေနာရဲ့ သွင်းဂိုးတွေရရှိခဲ့လို့ ပထမပိုင်း ပွဲကစားချိန်အပြီးမှာ စပိန်အသင်းက သုံးဂိုး-တစ်ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် ပြင်သစ်အသင်းက ဒုတိယပိုင်းပွဲကစားချိန် ၇၉ မိနစ်မှာ အက်ခ်လီအူချီရဲ့သွင်းဂိုးနဲ့ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို သုံးမိနစ်မှာ မာတီတာရဲ့ ပင်နယ်တီ သွင်းဂိုးတို့ရရှိခဲ့လို့ အချိန်ပို ကစားရာမှာတော့ **စာမျက်နှာ ၂၃ ကော်လံ ၄ သို့** ❖

ယနေ့ ဖတ်စရာ


**၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိက အခြေခံ ပညာကျောင်းများအတွက် ပညာရေးလုပ်ငန်း စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ** စာမျက်နှာ » ၉

**ဒိုက်ဦးဗဟိုအကျဉ်းထောင်တွင် လောက်ကိုင်ဒကစမှုးဟောင်း ထောင်တွင်း၌ သေကြောင်းကြံစည်ကြောင်း Irrawaddy သတင်းဌာနက မဟုတ်မမှန် ရေးသားဖော်ပြ** စာမျက်နှာ » ၁၄

**တစ်စေ့မှ တစ်ပင်၊ တစ်ပင်မှ တစ်စုဖြစ်ဖို့ စိုက်ကြပါစို့ သစ်ပင်များ** ဆောင်းပါး စာမျက်နှာ » ၁၅


## MNL ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်၊ ဟံသာဝတီနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲရ


ရှမ်းယူနိုက်တက်အသင်းနှင့် အား/ ကာသိပွဲအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ရန်ကုန် သြဂုတ် ၁၀

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) ဒုတိယနေ့ကို သြဂုတ် ၁၀ ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အပါအဝင် ဟံသာဝတီနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲရရှိခဲ့သည်။

တောင်ကြီးကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက အား/ကာသိပွဲအသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ပွဲစဉ် (၅) တွင် ရန်ကုန်အသင်းကို သရေကျပြီး နိုင်ပွဲဆက်မှုရပ်တန့်ခဲ့ရသည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ယခုတစ်ပတ်တွင် အမှတ်ပြည့်ရယူပြီး ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး နိုင်ငံခြားသားကစားသမားလေးဦးကို ပွဲထွက်လူစာရင်းတွင် ပထမဆုံးအကြိမ် တစ်ပြိုင်နက်အသုံးပြုခဲ့သည်။ ပထမပိုင်းတွင် **စာမျက်နှာ ၁၇ ကော်လံ ၁ သို့** ❂

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် သြဂုတ် ၁၀

| | | |
|---|---|---|
| မြစ်ကြီးနား | ၁ | ဒသမ ၇၃ လက်မ |
| ငပုတော | သုည | ဒသမ ၈၈ လက်မ |
| ချောင်းဆုံ | သုည | ဒသမ ၆၃ လက်မ |
| ဝါးခယ်မ | သုည | ဒသမ ၅၉ လက်မ |
| ကော့ကရိတ် | သုည | ဒသမ ၅၉ လက်မ |
| မုဒုံ | သုည | ဒသမ ၅၅ လက်မ |
| ကျိုက်ခမီ | သုည | ဒသမ ၅၅ လက်မ |
| ပိုင်ကျုံ | သုည | ဒသမ ၅၀ လက်မ |